မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily

ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)

၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက် ၂၀၂၃ ခုနှစ်၊ မေ ၁၄ ရက်၊ တနင်္ဂနွေနေ့ အတွဲ (၆၂)၊ အမှတ်(၂၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်သည့် သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီး အထက်ဌာပနာတော်သွင်းလှူပူဇော်ခြင်း၊ ရွှေထီးတော်အထွတ်တင်အောင်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကျင်းပ

နေပြည်တော် မေ ၁၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ် ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်သည့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး အထက်ဌာပနာတော်သွင်းလှူပူဇော်ခြင်း၊ ရွှေထီးတော်အထွတ်တင်အောင်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ သောဌသမရွှေကျင်သာသနာပိုင်ဆရာတော်၊ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တဉာဏိဿရနှင့် ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရ ပဓာနနာယက အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကောဝိဒ ဝစီပိတ်ဆရာတော်တို့ အမှူးပြုသည့် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❖

နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီး အထက် ဌာပနာတော်သွင်းလှူပူဇော်မည့် ရွှေထီးတော်အား သံဃာတော်များထံ လက်ရောက်ဆက်ကပ်ပူဇော်စဉ်။

ယနေ့ *ဖတ်စရာ*

၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်များ၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

ပြည်တွင်းသတင်း စာ ၇

မျောက်ကျောက်ရောဂါကို ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်ကျန်းမာရေး အခြေအနေမှ အဆုံးသတ်ပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြေညာ

နိုင်ငံတကာသတင်း စာ ၁၃

ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှုဖြင့် သဘာဝဘေးကို ရင်ဆိုင်ကျော်လွှား

ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုကြောင့် သဘာဝဘေးအန္တရာယ်များ ကျရောက်နိုင်မှုအခြေအနေ မြင့်မားသည့်နိုင်ငံများတွင် မြန်မာနိုင်ငံလည်း ပါဝင်သည်။ သဘာဝဘေးအန္တရာယ်များ မကြာခဏကျရောက်နေမည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသားတို့၏ လူမှုစီးပွားဘဝများ မြင့်မားရေးတို့ကို ကြီးမားစွာ ထိခိုက်ဆုံးရှုံးမှုဖြစ်ပေါ်စေမည်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ဟူသည်မှာ ဖြစ်မလာအောင် တားဆီး၍မရသော်လည်း ထိခိုက်ဆုံးရှုံးမှုအနည်းဆုံးဖြစ်အောင် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ခြင်းဖြင့်သာ ရင်ဆိုင်ကျော်လွှားကြရမည်ဖြစ်သည်။

နိုင်ငံတော်အတွင်း အချိန်အခါအလိုက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်တွက်ဆပြီး ကာကွယ်စောင့်ရှောက်ရေးအစီအမံများ စနစ်တကျပြုလုပ်ထားနိုင်ရေး၊ သဘာဝဘေးအန္တရာယ် ကျရောက်လာသည့် အခြေအနေတွင် ကယ်ဆယ်ရေး၊ ထောက်ပံ့ကူညီရေးလုပ်ငန်းများကို ထိရောက်လျင်မြန်စွာ ဆောင်ရွက်ပေးနိုင်ရေးတို့အတွက် “အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ”ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက (၂၅-၂-၂၀၂၃)ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၇၃/၂၀၂၃)ဖြင့် ပြင်ဆင်ဖွဲ့စည်းခဲ့သည်။ စီမံခန့်ခွဲမှုကော်မတီအောက်တွင် သတင်းနှင့် ပြန်ကြားရေးလုပ်ငန်းကော်မတီ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေးလုပ်ငန်းကော်မတီ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ လုပ်ငန်းကော်မတီ၊ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းကော်မတီ၊ နိုင်ငံတကာဆက်ဆံရေးလုပ်ငန်းကော်မတီ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးနှင့် ရန်ပုံငွေထိန်းသိမ်းရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးလုပ်ငန်းကော်မတီ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းကော်မတီ၊ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၊ ကနဦးလိုအပ်ချက်စစ်တမ်းကောက်ယူရေး၊ ပျက်စီးဆုံးရှုံးမှုအတည်ပြုရေးနှင့် လိုအပ်ချက်များ ဆန်းစစ်ဖော်ထုတ်ရေး လုပ်ငန်းကော်မတီဟူ၍ လုပ်ငန်းကော်မတီ(၁၂)ရပ်ကို ဖွဲ့စည်းထားပြီး ကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်နေကြသည်။

ထို့အပြင် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု တည်မြဲအမိန့် (၂၀၂၂) ခုနှစ်ကို ထုတ်ပြန်ထားပြီး အရေးပေါ်စီမံခန့်ခွဲမှုနှင့် ပတ်သက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်ရှိသည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များ၊ တပ်မတော်သားများ၊ လုံခြုံရေးအဖွဲ့ဝင်များ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများ ပေါင်းစပ်ညှိနှိုင်း၍ သဘာဝဘေးအန္တရာယ် ကျရောက်လာမည့်အပေါ် ပြင်ဆင်ခြင်း၊ အရေးပေါ်တုံ့ပြန်ခြင်း၊ ပြန်လည်ထူထောင်ခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။

ဘင်္ဂလားပင်လယ်အော်မှသည် ရခိုင်ပြည်နယ်မြောက်ပိုင်း၊ ချင်းပြည်နယ်တစ်စိတ်တစ်ပိုင်း၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့ဆီသို့ ဦးတည်နေသော အားအလွန်ကောင်းသည့် ဆိုင်ကလုန်းမုန်တိုင်း မိုခါကို မြန်မာတို့၏ စုစည်းညီညွတ်မှု၊ ဟန်ချက်ညီညီ ပူးပေါင်းဆောင်ရွက်မှု၊ ပရဟိတစိတ်ဓာတ်ထက်သန်မှုတို့ဖြင့် ဘေးမသီရန်မခ အောင်အောင်မြင်မြင် ကျော်လွှားနိုင်ပါစေကြောင်းနှင့် အနာဂတ်တွင် ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်များကို ရင်ဆိုင်ကြရာတွင်လည်း စံနမူနာယူဖွယ် သမိုင်းမှတ်တမ်းတစ်ရပ်အဖြစ် ကမ္ဗည်းတင်နိုင်ပါစေကြောင်း။ ။

နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ ဘဏ်လုပ်ငန်းများကို စဉ်ဆက်မပြတ် စနစ်တကျထိရောက်စွာလည်ပတ်ရန် ကြိုးပမ်းဆောင်ရွက်

နေပြည်တော် မေ ၁၃

နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ (၁၀) နှစ်မြောက် နှစ်ပတ်လည်အထွေထွေ အစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ နာယက နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်က နေပြည်တော် ဖွံ့ဖြိုးရေးဘဏ် လီမိတက်၏ ဘဏ်လုပ်ငန်းများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ညွှန်ကြားချက်များအတိုင်း စဉ်ဆက်မပြတ် စနစ်တကျထိရောက်စွာ လည်ပတ်ဆောင်ရွက်ကြရန်နှင့် Digital Banking စနစ်သို့ ကူးပြောင်းနိုင်ရေးကိုလည်း အစဉ်ကြိုးပမ်းဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက်နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်က ၂၀၂၂ -၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် ဘဏ်လုပ်ငန်း ဆောင်ရွက်မှုများကိုလည်းကောင်း၊ နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက် အမှုဆောင်အရာရှိချုပ်က နှစ်ပတ်လည် အစီရင်ခံစာကို လည်းကောင်း ဖတ်ကြားရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်းကို အတည်ပြုကြေညာပြီး (Win Thin & Associates Certified Public Accountants) မှ Managing Partner ဦးမိုးကျော်က ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာရေးနှစ်၏ စာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားပြီး ဒုတိယအမှုဆောင်အရာရှိချုပ် ဦးစိုးထွန်းက နေပြည်တော် ဖွံ့ဖြိုးရေးဘဏ်လီမိတက်၏ ရှေ့လုပ်ငန်းစဉ်များကို တင်ပြအတည်ပြုခြင်းများ ဆောင်ရွက်သည်။

ထို့နောက်နေပြည်တော်ဖွံ့ဖြိုးရေးဘဏ်လီမိတက် ဒါရိုက်တာအဖွဲ့ ဥက္ကဋ္ဌက ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် တစ်နှစ်တာကာလအတွင်း ပျက်ကွက်ရက်လုံးဝမရှိ ရုံးတက်မှန်သော ဝန်ထမ်း ၃၅ ဦးကို ဂုဏ်ပြုဆုချီးမြှင့်ငွေနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် နေပြည်တော် ဖွံ့ဖြိုးရေးဘဏ် လီမိတက် ဒါရိုက်တာအဖွဲ့ နာယက နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ မြို့တော်ဝန်က နိဂုံးချုပ်စကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုး လယ်ဝေးမြို့နယ် လေဘေးသင့်ကျေးရွာများတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများနှင့် သဘာဝဘေးကြိုတင်ကာကွယ်ရေးဆောင်ရွက်ရေးကွင်းဆင်းစစ်ဆေး

လယ်ဝေး မေ ၁၃

နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဦးမြင့်စိုးသည် မေ ၉ ရက်က လယ်ဝေးမြို့နယ် လေဘေးသင့် ကျေးရွာများသို့ သွားရောက်၍ ကျေးရွာများ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်နှင့် ဖြစ်ပေါ်လာမည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေး အတွက် ဆွေးနွေးမှာကြားသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက ရပ်မိရပ်ဖများ၊ လယ်ဝေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဇင်မင်းကို၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဆောင်နှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာဌာနများနှင့် တွေ့ဆုံ၍ မကြာခင်ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်အား ကြိုတင်ကာကွယ်နိုင်ရန်အတွက် အစီအမံများကို စနစ်တကျ ဆောင်ရွက်ရန်၊ သဘာဝဘေးကျရောက်လာပါက ခိုလှုံရန်အတွက် သတ်မှတ်ထားသည့်နေရာသို့ အစုအဖွဲ့များအလိုက် အမြန်ဆုံးရောက်ရှိနိုင်ရေးအတွက် သရုပ်ပြ လေ့ကျင့်အသင့်ပြင်ဆင်ထားရန်၊ သဘာဝဘေးနှင့် ပတ်သက်သည့် သတင်းအချက်အလက်များကို ကျေးရွာသူကျေးရွာသားများ အမြန်ဆုံးသိရှိနိုင်ရေးအတွက် ပြန်ကြားရေးကော်မတီမှ အချိန်နှင့်တစ်ပြေးညီ အသိပေးနှိုးဆော်ရန်၊ လေဘေးသင့် ကျေးရွာများအတွက် လှူဒါန်းထားသည့် ပစ္စည်းများအား ဘေးလွတ်ရာ လုံခြုံသည့် အမိုးအကာအောက်သို့ အမြန်ဆုံး ပြောင်းရွှေ့ရန်၊ ကျေးရွာများ ပြန်လည်ထူထောင်ရေး အတွက် အဆိုပြုပုံစံနှစ်မျိုးကို ကျေးရွာပြည်သူများအား ရှင်းလင်းပြောကြား၍ အများသဘောတူသည့်ပုံစံကို မြေပြင်အခြေအနေနှင့် အဆင်ပြေအောင် ဆောင်ရွက်ရန် စသည်တို့ကို ရှင်းလင်းမှာကြားခဲ့သည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးသည် အောင်မြင်ကုန်းကျေးရွာ ယာယီစာသင်ကျောင်းဆောင် ဆောက်လုပ်ပြီးစီးမှု အခြေအနေအား ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး အောင်မြင်ကုန်းနှင့် တံတားဦးကျေးရွာများရှိကျေးရွာသူကျေးရွာသားများ ယာယီဆောက်လုပ်နေထိုင်လျက်ရှိသည့် နေအိမ်များသို့ သွားရောက်၍ အားပေးစကားပြောကြားကာ လိုအပ်သည်များကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ သက်ဆိုင်ရာဌာနများနှင့် ပေါင်းစပ်၍ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ဝေကြည်(ပြန်/ဆက်)

မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁၃

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ်ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။ မိုး/ဇလ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အခမ်းအနားတက်ရောက်လာကြသူများ သီတဂူဆရာတော်ဘုရားကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ ဥပနာတော်တို့ကို သီတဂူဆရာတော်ဘုရားကြီးထံ ဆက်ကပ်ပူဇော်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဝစီပိတ်ဆရာတော်ကြီးထံ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ဖြစ်သည့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ပူဇော်စဉ်။

❖ *ရှေ့ဖုံးမှ*

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီတွဲဖက် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ တြိဂံဒေသတိုင်းစစ်ဌာန ချုပ်တိုင်းမှူး၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဝတ်အသင်းအဖွဲ့များနှင့် ဒေသခံ တိုင်းရင်းသားပြည်သူများ တက်ရောက်ကြသည်။

ပရိတ်တရားတော်များ နာယူကြည်ညို

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ဖွင့်လှစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများက သီတဂူ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သတ္တသတ္တာဟမဟာဗောဓိစေတီတော်မြတ်ကြီး တည်ဆောက်ခဲ့သည့် ဗိသုကာအင်ဂျင်နီယာပညာရှင်များအား ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်စဉ်။

ဆရာတော်ဘုရားကြီးထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို သံဃာတော်များထံ ဆက်ကပ်သည်။ ထို့နောက် သံဃာတော်အရှင်သူမြတ်တို့ ရွတ်ပွားချီးမြှင့်တော်မူကြသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ယင်းနောက် ဥပါသကာများက ပရိတ်ပန်း၊ ပရိတ်ရေ၊ ပရိတ်ချည်၊ ပရိတ်သဲများကို ယူဆောင်၍ စေတီတော် ပရိဝုဏ်တော်တွင် ပက်ဖျန်းကြဲဖြန့် ချည်နှောင်တားဆီးကာရံကြသည်။

ဆက်ကပ်လှူဒါန်း

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီးတို့က သဗ္ဗညုဘုရားရှင်အား ရည်မှန်းထား၍ ရတနာစိန်ဖူးတော်၊ ဥပနာတော်တို့ကို သံဃာတော်များထံ သာဟတ္ထိကဒါနမြောက် လက်ရောက်ဆက်ကပ်ပူဇော်ပြီး ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ကောင်စီတွဲဖက်အတွင်းရေးမှူး၊ ကောင်စီဝင်များ၊ ပြည်ထောင်စု ဝန်ကြီးများနှင့် အခမ်းအနား တက်ရောက်လာကြသူများက လှူဖွယ်ပစ္စည်းများအား သံဃာတော် အရှင်သူမြတ်များထံ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဝစီပိတ်ဆရာတော်ကြီးထံသို့ ၂၀၂၃ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်ဖြစ်သည့် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်ပူဇော်သည်။

ဆက်လက်၍ သီတဂူဆရာတော်ဘုရားကြီးထံမှ အနုမောဒနာ တရားနာယူ၍ လှူဒါန်းမှု အစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ဂုဏ်ပြုငွေများပေးအပ်ချီးမြှင့်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီး တည်ဆောက်ခဲ့သည့် ဗိသုကာ အင်ဂျင်နီယာပညာရှင်များအား ဂုဏ်ပြုငွေများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် ရတနာစိန်ဖူးတော်၊ ဥပနာတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ် လှည့်လည်ပူဇော်ကာ ကုသိုလ်တော်မဏ္ဍပ်ရှေ့ရှိ ခေတ္တအပူဇော်ခံ နေရာသို့ ပို့ဆောင်ကြသည်။

သွင်းလှူပူဇော်

ဆက်လက်၍ ဆရာတော်ကြီးများနှင့် ဘုရားဒါယကာများက အထက်ဌာပနာတော် တိုက်သို့ ကြွရောက်တော်မူကြပြီး မင်္ဂလာအချိန်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အထက်ဌာပနာတော်များကို သွင်းလှူပူဇော်ပြီး ပရိတ်နံ့သာရည်များဖြင့် ပက်ဖျန်းပူဇော်သည်။

ထို့နောက် မင်္ဂလာအချိန်တွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် အဖွဲ့ဝင်များ၊ အခမ်းအနား တက်ရောက်လာကြသူများနှင့် ဒေသခံတိုင်းရင်းသားပြည်သူလူထုတို့က မင်္ဂလာကြိုးဆွဲ၍ ရတနာစိန်ဖူးတော်၊ ရွှေထီးတော် ဘုံအဆင့်ဆင့်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြသည်။

စာမျက်နှာ ၄ သို့

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်အတွင်း တည်ထားကိုးကွယ်သည့် သတ္တသတ္တာဟမဟာဗောဓိစေတီတော်မြတ်ကြီးအား ဖူးတွေ့ရစဉ်။

ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးများ အနေဖြင့် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ သတ္တသတ္တာဟ မဟာဗောဓိစေတီ တော်မြတ်ကြီးကို ဒေသအတွင်း၌ပင် ဖူးမြော်နိုင်စေရန် ရည်ရွယ်၍ ယခု သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီး ပုံစံတူစေတီ တော်ကြီးအား စုပေါင်းလှူဒါန်းမှုများဖြင့် တည်ဆောက်ပူဇော်ပြီးစီး ခဲ့ခြင်းဖြစ်

သီတဂူဆရာတော်ဘုရားကြီးနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်တို့ သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး ကမ္ပည်းမော်ကွန်း ကျောက်စာများကို အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်စဉ်။

စာမျက်နှာ ၃ မှ

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက ရတနာစိန်ဖူးတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်၍ ပရိတ်နံ့သာရည်များ ပက်ဖျန်းကြသည်။ ဆက်လက်၍ ရတနာစိန်ဖူးတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့် တင်လှူပူဇော်အောင်မြင်ခြင်း အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး၊ ငွေမိုးများ ရွာသွန်းဖြိုးကြသည်။

ကပ်လှူပူဇော်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီး လိုဏ်တော်အတွင်းရှိ မဟာဗောဓိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ရွှေကြာသကင်္ကန်း၊ မြသပိတ်ဆွမ်းတော်၊ သစ်သီး၊ ပန်းမန်၊ သောက်တော်ရေချမ်းများ ကပ်လှူပူဇော်သည်။

အလှူတော်ငွေများ ပေးအပ်လှူဒါန်း

ယင်းနောက် သံဃာတော်အရှင်သူမြတ်များက သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိတ်သွန်းတော်မူကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ မဟာမင်္ဂလာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ ဆက်လက်၍ သီတဂူဆရာတော်ဘုရားကြီးက စေတီတော်မြတ်ကြီး ဌေ့သည်တော်မှတ်တမ်းတွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးသည်။ ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဘုရားကြီးအတွက် အလှူတော်ငွေများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ယင်းနောက် သီတဂူဆရာတော်ဘုရားကြီး အမှူးပြု၍ သတ္တသတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီး

စာမျက်နှာ ၅ သို့

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ အဖွဲ့ဝင်များ ရတနာစိန်ဖူးတော်၊ ဌာပနာတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို မင်္ဂလာဝေါယာဉ်တော်ဖြင့် ပင့်ဆောင်၍ စေတီတော်မြတ်ကြီးအား လက်ယာရစ်လှည့်လည်ပူဇော်စဉ်။

ရတနာစိန်ဖူးတော် တင်လှူပူဇော်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရတနာစိန်ဖူးတော်၊ ရွှေထီးတော်ဘုံအဆင့်ဆင့်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်ကြစဉ်။

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရတနာစိန်ဖူးတော်၊ ရွှေထီးတော်ဘုံ အဆင့်ဆင့်တို့ကို စေတီတော်အထွတ်၌ တင်လှူပူဇော်ကြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် မဟာဗောဓိစေတီတော်မြတ်ကြီးရှိ ရွှေခေါင်းလောင်းတော်ကို ကိုးချက်ထိုးခတ်ပူဇော်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အဖွဲ့ဝင်များ၊ အခမ်းအနားတက်ရောက်လာကြသူများက မင်္ဂလာကြိုးဆွဲ၍ ရတနာစိန်ဖူးတော်၊ ရွှေထီးတော် ဘုံအဆင့်ဆင့်တို့အား မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ကြစဉ်။

စာမျက်နှာ ၄ မှ

ကမ္ပည်းမော်ကွန်း ကျောက်စာများကို အမွှေးနံ့သာရည်များ ပက်ဖျန်းပူဇော်ကာ စေတီတော်မြတ်ကြီးရှိ ရွှေခေါင်းလောင်းတော်ကို ကိုးချက်ထိုးခတ်ပူဇော်သည်။

နေ့လယ်စာတည်ခင်းဧည့်ခံ

အခမ်းအနား အပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီး၊ အခမ်းအနားတက်ရောက်လာကြသူများသည် ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြကာ တက်ရောက်လာကြသည့် ဧည့်သည်တော်များအား နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော် ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သတ္တာသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုပြီး ဧည့်သည်တော်မှတ်တမ်း စာအုပ်တွင် မှတ်တမ်းတင် လက်မှတ်ရေးထိုးပူဇော်ကြသည်။ ထို့နောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အနိမိသသတ္တာဟ အနိမိသစေတီတော်နှင့် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးတို့အား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ရေချမ်းကပ်လှူပူဇော်ကြသည်။

ပူဇော်ပြီးစီး

အဆိုပါ ကျိုင်းတုံမြို့ အရှေ့တောင်ဘက် ၁၅ မိုင်ခန့်အကွာ ပန်ကွဲကျေးရွာအနီးရှိ ဗုဒ္ဓဥယျာဉ် ပရိဝုဏ်တော်အတွင်း၌ အဘယရာဇမုနိ ရုပ်ပွားတော်မြတ်ကြီးကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ဒေသ အေးချမ်းသာယာမှုရှိစေရန်၊ ထေရဝါဒဗုဒ္ဓဘာသာ တည်တံ့ခိုင်မြဲစေရန်နှင့် ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်၍ ဦးစွာတည်ထားကိုးကွယ်ခဲ့ခြင်း ဖြစ်သည်။ ထို့နောက် ပြည်နယ်(အရှေ့ပိုင်း) ဒေသနှင့် အနီးဝန်းကျင်မှ ဒေသခံတိုင်းရင်းသား ပြည်သူများ၊ ပြည်တွင်း၊ ပြည်ပမှ ဘုရားဖူးများ အနေဖြင့် အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာရှိ သတ္တာသတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီးကို ဒေသအတွင်း၌ ပင် ဖူးမြော်နိုင်စေရန် ရည်ရွယ်၍ ယခုသတ္တာသတ္တာဟ မဟာဗောဓိ စေတီတော်မြတ်ကြီး ပုံစံတူ စေတီတော်ကြီးအား တည်ထားကိုးကွယ်နိုင်ရေး ဝစီပိတ်ဆရာတော်ကြီး ကိုယ်တိုင်ဦးဆောင် ပဓာနကမကထပြုကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် အမှူးပြုသည့် စေတနာရှင်အလှူရှင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ စုပေါင်းလှူဒါန်းမှုများဖြင့် တည်ဆောက်ပူဇော်ပြီးစီးခဲ့ခြင်း ဖြစ်ကြောင်းနှင့် ယနေ့တွင် ရတနာစိန်ဖူးတော် တင်လှူပူဇော်ပွဲနှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာ အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ကျိုင်းတုံမြို့ရှိ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံ

နေပြည်တော် မေ ၁၃

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် မေ ၁၂ ရက်က ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ပြည်နယ်စီမံကိန်းဦးစီးရုံး (ရုံးခွဲ) သို့ ရောက်ရှိပြီး စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ ပြည်တွင်းအခွန်များဦးစီးဌာန အကောက်ခွန်ဦးစီးဌာနနှင့်ပင်စင်ဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန နိုင်ငံ့ဝန်ထမ်းများအနေဖြင့် နှစ်အလိုက်စီမံကိန်းများကို လျာထားချက်အလိုက် အောင်မြင်စွာ အကောင်အထည်ဖော်ရေး၊ စာရင်းကောက်ယူမှုများပြုလုပ်ရာတွင် စာရင်းအင်းအချက်အလက်များ မှန်ကန်စေရေး၊ အရည်အသွေးပြည့်မီသော ချေးငွေများကို ထုတ်ချေးနိုင်ရေး၊ သတ်မှတ်ဘဏ္ဍာနှစ်အတွင်း အခွန်လျာထားချက်ပြည့်မီအောင် ကောက်ခံနိုင်ရေး၊ MSME လုပ်ငန်းရှင်များကို ဝိုင်းဝန်းပံ့ပိုးဆောင်ရွက်ပေးနိုင်ရေး၊ ငွေရေးကြေးရေးဆိုင်ရာဆောင်ရွက်သည့် အဖွဲ့အစည်းများအနေဖြင့် လုပ်ငန်းတာဝန်များထမ်းဆောင်ရာတွင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီဆောင်ရွက်ရေးနှင့် အခြားသောဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးတို့ကို မှာကြားပြီး တင်ပြချက်များကို ဖြေရှင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာဇဘတ်မြို့တွင် ကျင်းပသော (၁၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာ ဖိုရမ်သို့ တက်ရောက်

နေပြည်တော် မေ ၁၃

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာဇဘတ်မြို့တွင် (၁၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဖိုရမ် (11th St. Petersburg International Legal Forum) ကို မေ ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပပြုလုပ်ရာ အဆိုပါ ဖိုရမ်သို့ ရုရှားနိုင်ငံ တရားရေးဝန်ကြီးဌာန တရားရေးဝန်ကြီး H.E.Honorable Mr.Konstantin A. Chuychenko ၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်လျက်ရှိသည်။

အဆိုပါ အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဖိုရမ်သို့ နိုင်ငံတကာမှ တရားသူကြီးချုပ်များ၊ ဥပဒေရေးရာဝန်ကြီးများ၊ တရားရေးဝန်ကြီးများ၊ ရှေ့နေရှေ့ရပ်များ၊ တရားသူကြီးများ၊ ဥပဒေအရာရှိများ၊ ဥပဒေပါမောက္ခများ၊ အပြည်ပြည်ဆိုင်ရာရှေ့နေများ၊ တရားရေးနှင့် ဥပဒေရေးရာဌာနများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရုရှားဖက်ဒရေးရှင်းနိုင်ငံ စိန့်ပီတာဇဘတ်မြို့တွင် (၁၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဖိုရမ် (11th St. Petersburg International Legal Forum) ကျင်းပနေစဉ်အတွင်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရေးဝန်ကြီးဌာနတို့အကြား ဥပဒေရေးရာကိစ္စရပ်များကို ပူးပေါင်းဆောင်ရွက်မည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချွန်လွှာ (Memorandum of Cooperation) ကို လက်မှတ်ရေးထိုးခဲ့သည်။ ရုရှားဖက်ဒေရေးရှင်းနိုင်ငံက မြန်မာနိုင်ငံ၏ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့် လက်မှတ်ရေးထိုးရန် အဆိုပြုထားသည့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာစာချွန်လွှာ (Memorandum of Cooperation) များတွင် ဥပဒေရေးရာဝန်ကြီးဌာနသို့ အဆိုပြုထားသော ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချွန်လွှာ (Memorandum of Cooperation) နှစ်ခုကို ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရေးဝန်ကြီးဌာနတို့နှင့် လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဖိုရမ်တွင် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာသီတာဦးက မြန်မာနိုင်ငံ ဥပဒေရေးရာဝန်ကြီးဌာန၏ ၂၀၂၀-၂၀၂၄ မဟာဗျူဟာစီမံကိန်းကို "တရားမျှတရေးအတွက် ဥပဒေဝန်ဆောင်မှု" ခေါင်းစဉ်ဖြင့် ရည်မှန်းချက် ၅ ခုချမှတ်ကာ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ယင်းရည်မှန်းချက်တွင် ကမ္ဘာ့နိုင်ငံများ၊ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဥပဒေရေးရာဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ တရားရေးဝန်ကြီးဌာနတို့အကြား Memorandum of Cooperation စာချုပ်ကို ယခု (၁၁) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ဥပဒေရေးရာဖိုရမ် (11th St. Petersburg International Legal Forum) ကျင်းပနေသည့် ကာလအတွင်း လက်မှတ်ရေးထိုးသွားမည်ဖြစ်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက Interaction between Ministries of Justice: New Trends and Approaches ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်က ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် ဥပဒေအရာရှိများ သင်တန်းပေးပြီး ၎င်းတို့၏ ဥပဒေပညာအရည်အချင်းနှင့် လုပ်ငန်းကျွမ်းကျင်မှု အရည်အချင်းများကို ဒစ်ဂျစ်တယ်စနစ်ဖြင့် မှတ်တမ်းတင်ထားရှိပါကြောင်း၊ ဆိုက်ဘာမှုခင်းများ၊ ဒစ်ဂျစ်တယ်မှုခင်းများ၊ လူကုန်ကူးမှု မှုခင်းများ အစရှိသော ပြစ်မှုများသည် နိုင်ငံဖြတ်ကျော်မှုခင်းများဖြစ်ရာ ထိုသို့သောမှုခင်းများကို ကာကွယ်တားဆီးတိုက်ဖျက်ရန်အတွက် နိုင်ငံတစ်နိုင်ငံတည်းက ရပ်တည်ဆောင်ရွက်၍မရပါကြောင်း၊ နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုသာ ယင်းကဲ့သို့သော မှုခင်းများကို ကာကွယ်တားဆီးနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးပါကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်ရာတွင် နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံ၏ ဥပဒေစနစ်မတူညီခြင်း၊ ဘာသာစကားမတူညီခြင်း၊ နိုင်ငံရေးမူဝါဒနှင့် ယဉ်ကျေးမှုဓလေ့မတူညီခြင်းတို့ကြောင့် ပူးပေါင်းဆောင်ရွက်ရာတွင် အခက်အခဲများ ရှိမည်ဖြစ်သော်လည်း ပြည်တွင်းဥပဒေများ၊ နိုင်ငံတကာစာချုပ်များ၊ တရားမျှတမှုဆိုင်ရာ အဖွဲ့အစည်းများမှတစ်ဆင့် ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထိုသို့ ပူးပေါင်းဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတစ်နိုင်ငံချင်းအလိုက် ကျင့်သုံးလျက်ရှိသော ဥပဒေစနစ်များကိုနားလည်သဘောပေါက်ထားရန် လိုအပ်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည့်အလျောက် အာဆီယံ ပဋိညာဉ်ကို လိုက်နာဆောင်ရွက်လျက်ရှိပါကြောင်း၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများကို နီးကပ်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနသည် အာဆီယံဥပဒေရေးရာဝန်ကြီးများ အစည်းအဝေး (ASEAN Law Ministers' Meeting – ALAWMM)နှင့် အာဆီယံ အဆင့်မြင့်ဥပဒေအရာရှိများ အစည်းအဝေး (ASEAN Senior Law Official Meeting – ASLOM) တို့တွင် အဓိကပါဝင်ဆောင်ရွက်သည့် ဝန်ကြီးဌာနအနေဖြင့် အာဆီယံဥပဒေရေးရာကိစ္စရပ်များ၊ ပြစ်မှုဆိုင်ရာ ဥပဒေကိစ္စရပ်များတွင် ပါဝင်ဆွေးနွေးလျက်ရှိပါကြောင်း၊ ဥပဒေရေးရာဝန်ကြီးဌာနအနေဖြင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ရှေ့နေချုပ်ရုံးနှင့်လည်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ စာချွန်လွှာ (Memorandum of Cooperation)ကို သီးခြားလက်မှတ်ရေးထိုးလျက် ဥပဒေရေးရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ လာအိုနိုင်ငံ ရှေ့နေချုပ်ရုံးနှင့်လည်း ပြစ်မှုဆိုင်ရာ ဥပဒေနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၎င်းနည်းတူ စင်ကာပူတရားရေးဝန်ကြီးဌာနနှင့်လည်း ပူးပေါင်းဆောင်ရွက်မှုများ ဆောင်ရွက်ခဲ့ကြောင်း ပြောကြားခဲ့သည်။

သတင်းစဉ်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး အထက်တန်းကျောင်းများ ဖွင့်လှစ်မည့် အခြေခံပညာအထက်တန်းကျောင်းများကို ကြည့်ရှုစစ်ဆေး

နေပြည်တော် မေ ၁၃

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် ညောင်နှစ်ပင်အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ဘာသာရပ်များ တွဲဖက်ဖွင့်လှစ်သင်ကြားမည့် အခြေအနေနှင့် ကြိုတင်ပြင်ဆင်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းဆွေးနွေး

ထိုသို့ကြည့်ရှုစစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီးက စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ဘာသာရပ်များ တွဲဖက်သင်ကြားပေးရခြင်း၏ ရည်ရွယ်ချက်များ၊ အသက်မွေးဝမ်းကျောင်း ပညာရေး၏ အရေးပါပုံများ၊ သင်ကြားပေးမည့် အစီအစဉ်များ၊ နိုင်ငံတော်မှ ထောက်ပံ့ပေးမည့် အစီအစဉ်များ၊ ရရှိနိုင်မည့် အကျိုးကျေးဇူးများ၊ ဆက်လက်ပညာသင်ကြားနိုင်မည့် အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်း ရရှိမှုဆိုင်ရာကိစ္စရပ်များကို ရှင်းလင်းဆွေးနွေး ပြောကြားပြီး တာဝန်ရှိသူများ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် စာသင်ခန်းများ၊ သင်ထောက်ကူပစ္စည်းများနှင့်ကွန်ပျူတာများ တပ်ဆင်ထားရှိသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် လှည်းကူးမြို့နယ် ငါးဆူတောင် အခြေခံပညာအထက်တန်းကျောင်းသို့ရောက်ရှိပြီး စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေး ဘာသာရပ်များ တွဲဖက်ဖွင့်လှစ်သင်ကြားမည့် အစီအစဉ်နှင့် ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများကို လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး နေရပ်စွန့်ခွာပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

ဘားအံ မေ ၁၃

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ မေ ၁၃ ရက်က ကျုံဒိုးမြို့ ဓမ္မသုခကျောင်းတိုက်၌ ပြောင်းရွှေ့နေထိုင်သော နေရပ်စွန့်ခွာ ပြည်သူများအား စားသောက်ကုန်များနှင့် ထောက်ပံ့ပစ္စည်းများ သွားရောက်ပေးအပ်သည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျုံဒိုးမြို့ ဓမ္မသုခကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တသေဋ္ဌိလအား သွားရောက်ဖူးမြော်ကြည်ညို၍ သာသနာရေးဆိုင်ရာများနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာများ လျှောက်ထားတင်ပြကာ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် နဝကမ္မ အလှူတော်ငွေများ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါကျောင်းတိုက်ဓမ္မာရုံတွင် ရောက်ရှိနေထိုင်သော ကော့ကရိတ်မြို့နှင့် ကျုံဒိုးမြို့တို့မှ နေရပ်စွန့်ခွာပြည်သူများအား သွားရောက်တွေ့ဆုံ၍ အားပေးစကားများ ပြောကြားပြီး နေရပ်စွန့်ခွာ အိမ်ထောင်စု ၃၈ စု၊ လူဦးရေ ၁၂၄ ဦး အတွက် ဆန်၊ ဆီ၊ ခေါက်ဆွဲခြောက် အစရှိသော စားသောက်ကုန်များ၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးဦးစီးဌာနမှ ထောက်ပံ့သော ၁၇ မျိုးပါ ကယ်ဆယ်ရေး ပစ္စည်းများ ထောက်ပံ့ပေးအပ်ကြပြီး (ယာပုံ) နေရပ်စွန့်ခွာ ပြည်သူများ၏ အခက်အခဲ၊ လိုအပ်ချက်များကို မေးမြန်းဆွေးနွေး၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျုံဒိုးမြို့ အခြေခံပညာ အထက်တန်းကျောင်းသို့ သွားရောက်ပြီး ရန်သူ့လက်နက်ကြီး ကျရောက်ပြီး ပျက်စီးခဲ့သည့် ကျောင်းအမိုးများ ပြန်လည်ပြင်ဆင်မှု၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကြိုတင်ပြင်ဆင် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျုံဒိုးမြို့မရဲစခန်းအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားကာ လုံခြုံရေးတာဝန်များ ထမ်းဆောင်လျက်ရှိသော နယ်မြေခံ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့နှင့် နယ်ခြားစောင့်တပ်တို့အား စားသောက်ကုန်များနှင့် ထောက်ပံ့ငွေများ ပေးအပ်ကြောင်း သိရသည်။

သတင်းစဉ်

၂၀၂၃ ခုနှစ် ရေကြောင်းနှင့် လေကြောင်းလူငယ် အခြေခံသင်တန်းများနှင့် တန်းမြင့်သင်တန်းများကို သက်ဆိုင်ရာမြို့နယ်များ၌ လေ့ကျင့်သင်ကြားပေးလျက်ရှိ

နေပြည်တော် မေ ၁၃

ကျောင်းသား ကျောင်းသူ မျိုးဆက်သစ်လူငယ် မောင်မယ်များကို နွေရာသီကျောင်းပိတ်ရက်ကာလအတွင်း အသိပညာများ ဖွံ့ဖြိုးတိုးတက်စေရန်၊ အားလပ်ရက်များ အကျိုးရှိစေရန်၊ မိမိဝါသနာပါသည့် ပညာရပ်များကို လေ့လာဆည်းပူးနိုင်စေရန်နှင့် နိုင်ငံတော်အတွက် ရေကြောင်းပညာ၊ လေကြောင်းပညာကျွမ်းကျင်သော အနာဂတ်မျိုးဆက်သစ်လူငယ်များ ပေါ်ထွန်းလာစေရန်ရည်ရွယ်၍ တပ်မတော်(ရေ)က ရေကြောင်းလူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများ၊ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း(အကြီးတန်းအဆင့်)နှင့် အခြေခံလေကြောင်း လူငယ်သင်တန်း(အငယ်တန်းအဆင့်) ဖွင့်ပွဲများကို ဧပြီ ၂၄ ရက်တွင် သက်ဆိုင်ရာ မြို့နယ်များရှိ သင်တန်းစခန်းများ၌ တစ်ပြိုင်တည်း စတင်ဖွင့်လှစ်ခဲ့ပြီး လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

ထိုသို့လေ့ကျင့်သင်ကြားလျက်ရှိရာ ယနေ့တွင် တပ်မတော်(ရေ)က ရေကြောင်း လူငယ်အခြေခံနှင့် တန်းမြင့်သင်တန်းများကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၀၊ မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ ရေကြောင်းလူငယ်စခန်းမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၀ တို့ကို သက်ဆိုင်ရာ နယ်မြေအသီးသီးမှ တာဝန်ရှိသူနည်းပြ များက လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး သက်ဆိုင်ရာ မြို့နယ်များရှိ တပ်မတော်(ရေ) ရေကြောင်း လူငယ် သင်တန်းစခန်း ၁၁ ခု၌ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၁၂ ဦးတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည်။

အလားတူ တပ်မတော်(လေ)က အခြေခံလေကြောင်းလူငယ်သင်တန်း (အကြီးတန်းအဆင့်) နှင့် အခြေခံလေကြောင်းလူငယ်သင်တန်း(အငယ်တန်းအဆင့်) သင်တန်းစခန်း ၁၇ ခုမှ သင်တန်းသား ဖ၈၀ တို့ကို မိတ္ထီလာမြို့ရှိ လေကြောင်း အတတ်သင်လေတပ်စခန်းဌာနချုပ်နှင့် မြေပြင်အတတ်သင်လေတပ်စခန်းဌာနချုပ်တို့တွင် စုဖွဲ့၍ စခန်းသွင်းလေ့ကျင့်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် သင်တန်းစခန်းအလိုက် ထူးချွန်ဆုရရှိသော သင်တန်းသားများကို လေကြောင်းအတတ်သင်လေတပ်စခန်းဌာနချုပ်ရှိ လေယာဉ်မောင်းသင်ကျောင်းမှ Grob-120 TP လေယာဉ်များဖြင့် လက်တွေ့လိုက်ပါပျံသန်းခြင်းများ ဆောင်ရွက်ခဲ့သည်။

ထို့နောက် မိတ္ထီလာမြို့ရှိ မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ် တပ်မတော်အကြီးစားစက်ရုံနှင့် လေယာဉ်ထုတ်လုပ်ပြင်ဆင်ရေးဌာနချုပ်များသို့ သွားရောက်၍ ဒေသန္တရလေ့လာရေး ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ပုဂ္ဂလိက ပညာရေးဥပဒေ ပြဋ္ဌာန်း

(ယမန်နေ့မှအဆက်)

(ဇ) တည်ထောင်သူ သို့မဟုတ် စီမံအုပ်ချုပ်သူ ပြောင်းလဲခြင်း၊ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ အမည်ပြောင်းလဲခြင်း သို့မဟုတ် တည်နေရာပြောင်းရွှေ့ဖွင့်လှစ်ခြင်းကို ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည်။

(ဈ) ပညာသင်နှစ်အလိုက် ကျောင်းပိတ်ရက်နှင့် အများပြည်သူအလုပ်ပိတ်ရက်များမှတစ်ပါး တစ်ဆက်တည်း ခုနစ်ရက်ထက်ပို၍ သင်ကြားမှုရပ်နားလိုပါက သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရယူရမည်။

(ည) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ ဖွင့်လှစ်ဆဲ သင်တန်းတစ်ခုခုရပ်နားလိုပါက သင်တန်းတက်ရောက်ဆဲ သင်ယူသူများ၏ အခွင့်အရေး မဆုံးရှုံးစေရန်နှင့် ကျောင်းသားမိဘများ၏ နစ်နာဆုံးရှုံးမှုများ မရှိစေရန် ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ရယူရမည်။

(ဋ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ အဆောက်အဦများ၊ ပရိဂုဏ်များ ဖျက်ဆီးခံရခြင်း၊ ပျက်စီးခြင်း သို့မဟုတ် အခြားအကြောင်းတစ်ခုခုကြောင့် အသုံးပြု၍ မရတော့ခြင်းဖြစ်ပေါ်လာပါက နှောင့်နှေးကြန့်ကြာမှုမရှိဘဲ ပြုပြင်၍ ကျောင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရမည်။

(ဌ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ ကြော်ငြာများတွင် မှန်ကန်သောအချက်အလက်များကို ဖော်ပြရမည်။

(ဍ) သင်ယူသူတစ်ဦးချင်းစီ၏ ကိုယ်ရေးအချက်အလက်၊ သင်ယူတတ်မြောက်မှုအရည်အချင်း၊ ကျောင်းဝင်၊ ကျောင်းထွက်၊ ကျောင်းပြောင်း မှတ်တမ်းများကို သတ်မှတ်ချက်နှင့်အညီ ထားရှိရမည်။

(ဎ) သက်ဆိုင်ရာသင်တန်း သတ်မှတ်ချက်နှင့်အညီ သင်ယူသူ၏ အရည်အချင်းနှင့် ကျွမ်းကျင်မှုကို စစ်ဆေး၍ သင်တန်းပြီးဆုံးကြောင်းလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာနှင့် ဘွဲ့လက်မှတ်တို့ကို သတ်မှတ်ချက်နှင့်အညီ စိစစ်ထုတ်ပေးရမည်။

(ဏ) သင်ယူသူအတွက် အတန်းတင်ခြင်း၊ တန်းခွဲသတ်မှတ်ခြင်း၊ ကျောင်းပြောင်းလက်မှတ် သို့မဟုတ် ကျောင်းထွက်လက်မှတ် ထုတ်ပေးခြင်းတို့ကို သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(တ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်စဉ်က တင်ပြသော အချက်အလက်များနှင့်အညီ လုပ်ငန်းများ ဆောင်ရွက်ရမည်။

(ထ) ကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာရမည်။

၃၁။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် အောက်ပါတို့ကို လိုက်နာဆောင်ရွက်ရမည် -

(က) သင်ကြားနည်းနှင့် စစ်ဆေးအကဲဖြတ်နည်းများကို သင်ရိုးညွှန်းတမ်းအညွှန်းဘောင်နှင့်အညီ ဆောင်ရွက်ခြင်း၊

(ခ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းအမျိုးအစားအလိုက် ထားရှိရမည့် ကြီးကြပ်ရေးအဖွဲ့က သတ်မှတ်သည့် စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ သင်တန်းများတွင် ဘာသာရပ်အလိုက် သင်ကြားမည့် ပုဂ္ဂလိကကျောင်းဆရာ၏ အရည်အသွေးသည် ဝန်ကြီးဌာနက ချမှတ်ထားသော အရည်အသွေးပိုင်းဆိုင်ရာ မူဝါဒနှင့် ညီညွတ်ရမည့်အပြင် သက်ဆိုင်ရာ ဥပဒေအရ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံခြင်း၊

(ဃ) ပုဂ္ဂလိကကျောင်းဆရာဦးရေလုံလောက်မှုရှိခြင်း၊

(င) ပုဂ္ဂလိကကျောင်းဆရာ၏ သင်ကြားမှုအရည်အသွေး တိုးတက်စေရေးအတွက် ဆောင်ရွက်ခြင်း၊

(စ) သင်ယူသူများ စည်းကမ်းလိုက်နာစေရေး၊ အကျင့်စာရိတ္တကောင်းမွန်စေရေးနှင့် ကျန်းမာကြံ့ခိုင်စေရေးတို့ကို ဆောင်ရွက်ခြင်း၊

(ဆ) သင်တန်းပြီးဆုံးကြောင်းလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့ သို့မဟုတ် ဂုဏ်ထူးဆောင်ဘွဲ့ပေးအပ်ရာတွင် သတ်မှတ်အရည်အချင်း ပြည့်မီကိုက်ညီရေး ဆောင်ရွက်ခြင်း၊

(ဇ) သင်တန်းပြီးဆုံးကြောင်းလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာ သို့မဟုတ် ဘွဲ့ကို သတ်မှတ်ထားသော အချိန်အတွင်း ပေးအပ်ခြင်း၊

(ဈ) ကျောင်းတက်ချိန်၊ ကျောင်းဆင်းချိန်များကို ကြိုတင်သတ်မှတ်၍ ဆောင်ရွက်ခြင်း၊

(ည) နှစ်ပတ်လည်အစီရင်ခံစာကို သက်ဆိုင်ရာ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ နှစ်စဉ်တင်သွင်းခြင်း၊

(ဋ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် သက်ဆိုင်သည့် စာရင်းအင်းအချက်အလက်များကို စနစ်တကျ ပြုစုထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး သက်ဆိုင်ရာ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့က လိုအပ်၍ တောင်းခံလျှင် တင်ပြခြင်း၊

(ဌ) နိုင်ငံခြားသားပုဂ္ဂလိကကျောင်းဆရာ သို့မဟုတ် နိုင်ငံခြားသားစီမံအုပ်ချုပ်သူ သို့မဟုတ် နိုင်ငံခြားသားဝန်ထမ်းများကို ခန့်အပ်ခြင်း၊ တာဝန်မှရပ်ဆိုင်းခြင်း၊ ထုတ်ပယ်ခြင်း သို့မဟုတ် အလုပ်ခန့်ထားမှုဆိုင်ရာ စာချုပ်ရပ်စဲခြင်း ပြုလုပ်လျှင် ထိုသို့ပြုလုပ်သည့်နေ့မှ ၁၄ ရက်အတွင်း သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့မှတစ်ဆင့် ကြီးကြပ်ရေးအဖွဲ့သို့ တင်ပြခြင်း၊

(ဍ) ကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့တို့က အခါအားလျော်စွာ ထုတ်ပြန်သည့် ညွှန်ကြားချက်များကို လိုက်နာခြင်း၊

(ဎ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကြီးကြပ်ရေးအဖွဲ့နှင့် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့တို့က အခါအားလျော်စွာ ပေးအပ်သည့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်း။

၃၂။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအခြေခံပညာကျောင်းများသည် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည် -

(က) နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက အခြေခံပညာကျောင်းများမှအပ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအခြေခံပညာကျောင်းများတွင် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်စေရန်၊ မြန်မာ့ယဉ်ကျေးမှုမပျောက်ပျက်စေရန် မြန်မာစာ၊ မြန်မာ့သမိုင်းနှင့် မြန်မာ့ပထဝီဝင်အပါအဝင် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက သတ်မှတ်ထားသည့် သင်ရိုးညွှန်းတမ်းအပြည့်အစုံကို သင်ကြားခြင်း၊

(ခ) နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအခြေခံပညာကျောင်းများတွင် မြန်မာနိုင်ငံသား သင်ယူသူများအား ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်စေရန်၊ မြန်မာ့ယဉ်ကျေးမှု မပျောက်ပျက်စေရန် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက သတ်မှတ်ထားသည့် မြန်မာစာ၊ မြန်မာ့သမိုင်းနှင့် မြန်မာ့ပထဝီဝင် သင်ရိုးညွှန်းတမ်းအပြည့်အစုံကို သင်ကြားခြင်း၊

(ဂ) နိုင်ငံတကာသင်ရိုးညွှန်းတမ်းနှင့် သင်ကြားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအခြေခံပညာကျောင်းများတွင် မြန်မာစာသင်ကြားလိုသော နိုင်ငံခြားသားသင်ယူသူများအား သက်ဆိုင်ရာအတန်းနှင့် လိုက်လျောညီထွေသည့် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီက သတ်မှတ်ထားသော မြန်မာစာသင်ရိုးညွှန်းတမ်းဖြင့် သင်ကြားခြင်း။

၃၃။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက နည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးကျောင်းများသည် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည် -

(က) သက်ဆိုင်ရာဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း၊

(ခ) သက်ဆိုင်ရာဝန်ကြီးဌာန၏ သတ်မှတ်ချက်များကို လိုက်နာဆောင်ရွက်ခြင်း၊

(ဂ) သတ်မှတ်သင်တန်းများ တက်ရောက်နေဆဲဖြစ်စေ၊ ပြီးဆုံးအောင်မြင်ပြီးနောက်ဖြစ်စေ ဆက်လက်ပညာသင်ယူလိုသော သင်ယူသူအတွက် ကူးပြောင်းချိတ်ဆက်သင်ယူခွင့်အစီအစဉ်များ စနစ်တကျ ရေးဆွဲချမှတ်ထားခြင်း၊

(ဃ) သင်တန်းပြီးဆုံးကြောင်းလက်မှတ်၊ အောင်လက်မှတ်၊ ဒီပလိုမာ၊ ဘွဲ့၊ ဂုဏ်ထူးဆောင်ဘွဲ့များ ပေးအပ်ခြင်းကို အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ခြင်း၊

(င) နည်းပညာနှင့် သက်မွေးပညာရေးအဆင့် ခွဲခြားသတ်မှတ်ခြင်းကို အမျိုးသားပညာရေးဥပဒေနှင့်အညီ ဆောင်ရွက်ခြင်း၊

၃၄။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းများသည် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည် -

(က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် တက္ကသိုလ်ဖြစ်ပါက သက်ဆိုင်ရာ တက္ကသိုလ်အလိုက် ပဋိညာဉ်စာတမ်းရေးဆွဲပြီး ဝန်ကြီးဌာန၏ အတည်ပြုချက်ရယူခြင်း၊

(ခ) တက္ကသိုလ်၏ စီမံခန့်ခွဲရေးကို သက်ဆိုင်ရာ တက္ကသိုလ်ပဋိညာဉ်စာတမ်းနှင့်အညီ ဆောင်ရွက်ခြင်း၊

(ဂ) အသုံးချသုတေသနလုပ်ငန်းများကို စနစ်တကျ ဆောင်ရွက်ခြင်း၊

(ဃ) ဝန်ကြီးဌာန၏ ခွင့်ပြုချက်ဖြင့် ဂုဏ်ထူးဆောင်ဘွဲ့များကို အပ်နှင်းချီးမြှင့်ခြင်း၊

(င) ဘာသာရပ်ဆိုင်ရာ အသင်းအဖွဲ့များ၊ လူမှုရေးနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များကို သက်ဆိုင်ရာ တက္ကသိုလ်ပဋိညာဉ်စာတမ်းနှင့်အညီ ဖွဲ့စည်းဆောင်ရွက်ခြင်း၊

(စ) သတ်မှတ်သင်တန်းများ တက်ရောက်နေဆဲဖြစ်စေ၊ ပြီးဆုံးအောင်မြင်ပြီးနောက်ဖြစ်စေ ဆက်လက်ပညာသင်ယူလိုသော သင်ယူသူအတွက် ကူးပြောင်းချိတ်ဆက်သင်ယူခွင့် အစီအစဉ်များ စနစ်တကျ ရေးဆွဲချမှတ်ထားခြင်း။

၃၅။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ သင်ယူသူများသည်-

(က) အစိုးရကျောင်း၏ သင်ယူသူများနည်းတူ သက်ဆိုင်ရာ အရည်အသွေးသတ်မှတ်ချက်များနှင့်အညီ သင်ကြားသင်ယူမှုနှင့် ပညာရည်ဖွံ့ဖြိုးမှုအခွင့်အလမ်းများ ရရှိရမည်။

(ခ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများနှင့် အစိုးရကျောင်းများအကြား အရည်အသွေး သတ်မှတ်ချက်များနှင့်အညီ ဆက်သွယ်ကူးပြောင်းသင်ယူနိုင်သည်။

(ဂ) နိုင်ငံတော်က သတ်မှတ်ထားသည့် ပညာရေးအဆင့်ပြီးမြောက်ကြောင်းစာမေးပွဲကို သတ်မှတ်ချက်နှင့်ကိုက်ညီပါက ဝင်ရောက်ဖြေဆိုနိုင်သည်။

အခန်း (၁၀)

ပုဂ္ဂလိကကျောင်းဆရာ

၃၆။ (က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းတွင် ပုဂ္ဂလိကကျောင်းဆရာအဖြစ် ဆောင်ရွက်လိုသူသည် မှတ်ပုံတင်လက်မှတ်ရရှိရန် -

(၁) မြန်မာနိုင်ငံသားဖြစ်ပါက သက်ဆိုင်ရာ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

(၂) နိုင်ငံခြားသားဖြစ်ပါက သက်ဆိုင်ရာ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ ထောက်ခံချက်ဖြင့် သက်ဆိုင်ရာ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့သို့ သတ်မှတ်ချက်နှင့်အညီ လျှောက်ထားရမည်။

(ခ) ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်သက်တမ်းသည် စတင်ထုတ်ပေးသည့်နေ့မှစ၍ သုံးနှစ်ဖြစ်သည်။ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ် သက်တမ်းတိုးမြှင့်လိုပါက ခွင့်ပြုသက်တမ်းမကုန်ဆုံးမီ သုံးလကြိုတင်၍ လျှောက်ထားရမည်။

၃၇။ ပုဂ္ဂလိကကျောင်းဆရာအဖြစ် မှတ်ပုံတင်ခွင့်ရရှိသူသည် သက်ဆိုင်ရာဌာနငွေစာရင်းသို့ သတ်မှတ်ထားသော မှတ်ပုံတင်ကြေးနှင့် နှစ်စဉ်ကြေးပေးသွင်းပြီး မှတ်ပုံတင်လက်မှတ် ရယူရမည်။

၃၈။ ပုဂ္ဂလိကအခြေခံပညာကျောင်းဆရာသည် အနည်းဆုံး အောက်ပါအရည်အချင်း သတ်မှတ်ချက်တစ်ရပ်ရပ်နှင့် ကိုက်ညီသူဖြစ်ရမည်-

(က) ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အလိုက် မဟာဘွဲ့၊ ပါရဂူဘွဲ့ သို့မဟုတ် ပညာရေးဘွဲ့ရရှိသူ၊

(ခ) ပြည်တွင်း သို့မဟုတ် ပြည်ပ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ဆရာအတတ်ပညာဆိုင်ရာဒီပလိုမာ သို့မဟုတ် လက်မှတ်ရရှိသူ၊

(ဂ) ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး ဝန်ကြီးဌာနက ဖွင့်လှစ်သော ဆရာအတတ်ပညာရက်တိုသင်တန်းဆင်းလက်မှတ်ရရှိသူ၊

စာမျက်နှာ ၉ သို့

စာမျက်နှာ ၈ မှ

(ဃ) ပုဒ်မခွဲ(က) မှ (ဂ)အထိ သတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံမှုမရှိသော်လည်း ပြည်တွင်း သို့မဟုတ် ပြည်ပ တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီး တက္ကသိုလ်၊ ကောလိပ် သို့မဟုတ် အခြေခံပညာကျောင်းဆရာဖြစ်စေ၊ နိုင်ငံတော်မှ ခွင့်ပြုထားသည့် ဘာသာရပ်ဆရာဖြစ်စေ ဆောင်ရွက်ခဲ့ပြီး ဘာသာရပ်ဆိုင်ရာ သင်ကြားမှုအတွေ့အကြုံ အနည်းဆုံး ငါးနှစ်ရှိသူ။

၃၉။ ပုဂ္ဂလိကနည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးကျောင်းဆရာသည် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ သတ်မှတ်အရည်အချင်းနှင့် ပြည့်စုံသူဖြစ်ရမည်။

၄၀။ ပုဂ္ဂလိကအဆင့်မြင့်ပညာကျောင်းဆရာသည် ပြည်တွင်း သို့မဟုတ် ပြည်ပတက္ကသိုလ်တစ်ခုခုမှ သက်ဆိုင်ရာ ဘာသာရပ်နယ်ပယ်အလိုက် မဟာဘွဲ့ သို့မဟုတ် ပါရဂူဘွဲ့ ရရှိထားသူ ဖြစ်ရမည်။

၄၁။ ပုဂ္ဂလိကကျောင်းဆရာသည် –

(က) နိုင်ငံတော်အပေါ် သစ္စာစောင့်သိရိသေရမည်။

(ခ) ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများကို လိုက်နာရမည်။

(ဂ) မိမိအားပေးအပ်ထားသော တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ရမည်။

(ဃ) အကျင့်စာရိတ္တပျက်ပြားခြင်းနှင့် သိက္ခာမဲ့စွာ ပြုမူနေထိုင်ခြင်းတို့မှ ရှောင်ကြဉ်ရမည်။

(င) တာဝန်အရအပ်နှင်းထားသည့်လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြုခြင်းမှ ရှောင်ကြဉ်ရမည်။

(စ) လာဘ်ပေးလာဘ်ယူပြုလုပ်ခြင်းမှ ရှောင်ကြဉ်ရမည်။

အခန်း (၁၁)
အရည်အသွေးအကဲဖြတ်မှုနှင့် အရည်အသွေးအာမခံမှု

၄၂။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် အမျိုးသားပညာရေးအဆင့်မှုဘောင်ကို ကိုးကား၍ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှုအကဲဖြတ်ကော်မတီက ချမှတ်သည့် ပညာအရည်အသွေးဆိုင်ရာ စံနှုန်းများအတိုင်း ပညာအရည်အသွေးတိုးတက်မှုအတွက် ဆောင်ရွက်ရမည်။

၄၃။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းအသီးသီးသည် –

(က) အသိအမှတ်ပြုမှုရရှိရေး၊ အရည်အသွေးအာမခံမှုရှိရေး ကိစ္စများနှင့်စပ်လျဉ်း၍ အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီ၏ သတ်မှတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်။

(ခ) အမျိုးသားပညာရေးအဆင့်အတန်းနှင့် အရည်အသွေးအာမခံမှု အကဲဖြတ်ကော်မတီက သတ်မှတ်သော အဆင့်အလိုက် အရည်အသွေးအာမခံမှုဆိုင်ရာ စစ်ဆေးခြင်းများကို ခံယူရမည်။

၄၄။ အောက်ဖော်ပြပါကိုယ်ပိုင်သို့မဟုတ်ပုဂ္ဂလိကကျောင်းများသည် သက်ဆိုင်ရာ ဥပဒေနှင့်အညီ သတ်မှတ်ထားသော အမျိုးသားပညာရေးအဆင့်မှုဘောင်နှင့် လည်းကောင်း၊ စံချိန်စံညွှန်းများနှင့်လည်းကောင်း ကိုက်ညီရမည်–

(က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကနည်းပညာနှင့် သက်မွေးဆိုင်ရာ ပညာရေးနှင့် လေ့ကျင့်ရေးကျောင်း၊

(ခ) ဝန်ကြီးဌာနက အခါအားလျော်စွာသတ်မှတ်သည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း။

အခန်း (၁၂)
ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အပြီးပိတ်သိမ်းခြင်းနှင့် စာရင်းရှင်းလင်းခြင်း

၄၅။ တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို အပြီးပိတ်သိမ်းလိုပါက ရက်ပေါင်း ၁၂၀ ကြိုတင်၍ အကြောင်းပြချက်ခိုင်လုံစွာ ဖော်ပြထားသည့် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အပြီးပိတ်သိမ်းခွင့်လျှောက်လွှာကို သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့သို့ လျှောက်ထားရမည်။

၄၆။ တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အပြီးပိတ်သိမ်းခြင်းနှင့်စပ်လျဉ်း၍ စာရင်းရှင်းလင်းရေးအတွက် သက်ဆိုင်ရာ ဥပဒေများနှင့်အညီ ဆောင်ရွက်ရမည်။

၄၇။ တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို အပြီးပိတ်သိမ်းပါက ပုဂ္ဂလိကကျောင်းဆရာနှင့် ဝန်ထမ်းများကို အလုပ်ခန့်ထားမှုဆိုင်ရာ သဘောတူစာချုပ်နှင့်အညီ ဆောင်ရွက်ရမည်။

၄၈။ တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို အပြီးပိတ်သိမ်းပါက သင်ကြားပြီးဆုံးသော ပညာသင်နှစ်အတွက်မှအပ ကျန်ရှိသော ပညာသင်နှစ်အတွက် သင်ယူသူများ ကြိုတင်ပေးသွင်းထားသော ကျောင်းလခ၊ သင်တန်းကြေးနှင့် အခြားအခကြေးငွေများရှိပါက ယင်းတို့ကို အပြည့်အဝ ပြန်လည်ပေးအပ်ရမည်။

၄၉။ တည်ထောင်သူသည် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို အပြီးပိတ်သိမ်းလိုပါက ပုဒ်မ ၄၈ ပါ ကိစ္စရပ်များကို ပြီးစီးအောင် ဆောင်ရွက်၍ စည်းကမ်းချက်များနှင့်အညီ စာရင်းရှင်းလင်းပြီးမှသာ သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့ထံသို့ လျှောက်ထားရမည်။

၅၀။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း အပြီးပိတ်သိမ်းခွင့်ပြုသည့်အခါ ပညာရေးဆိုင်ရာ လက်မှတ် သို့မဟုတ် အထောက်အထားကို သင်ယူသူအတွက် ထုတ်ပေးရန် လိုအပ်လျှင် ဝန်ကြီးဌာန သို့မဟုတ် သက်ဆိုင်ရာ ဝန်ကြီးဌာနက တာဝန်ပေးအပ်သော ဌာနသည် ယင်းကျောင်းကိုယ်စား ပညာရေးဆိုင်ရာ လက်မှတ် သို့မဟုတ် အထောက်အထားကို သင်ယူသူအား သတ်မှတ်ချက်နှင့်ညီညွတ်ပါက ထုတ်ပေးရမည်။

အခန်း (၁၃)
စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်းနှင့် အယူခံခြင်း

၅၁။ ကြီးကြပ်ရေးအဖွဲ့သည် ပုဒ်မ ၂၈၊ ပုဒ်မ ၃၀၊ ပုဒ်မ ၃၁၊ ပုဒ်မ ၃၂၊ ပုဒ်မ ၃၃ နှင့် ပုဒ်မ ၃၄ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်း၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ သတ်မှတ်ချက် တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်ပါက တည်ထောင်သူ၊ စီမံအုပ်ချုပ်သူ သို့မဟုတ် ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းအား အောက်ဖော်ပြပါ စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်တစ်ရပ်ရပ်ဖြစ်စေ၊ တစ်ရပ်ထက်ပို၍ ဖြစ်စေချမှတ်နိုင်သည် –

(က) စာဖြင့်သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေတပ်ရိုက်ခြင်း၊

(ဂ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း၊

(ဃ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း၊

(င) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်၍ အမည်ပျက်စာရင်း ထည့်သွင်းခြင်း။

၅၂။ ကြီးကြပ်ရေးအဖွဲ့သည် မှတ်ပုံတင်လက်မှတ်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်သော ပုဂ္ဂလိကကျောင်းဆရာအား စာဖြင့်သတိပေးခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်း ပြုရမည်။

၅၃။ ကြီးကြပ်ရေးအဖွဲ့က ချမှတ်သော စီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို မကျေနပ်သူသည် ဝန်ကြီးဌာနကဖွဲ့စည်းသော အယူခံအဖွဲ့သို့ အမိန့်ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း အယူခံဝင်ရောက်နိုင်သည်။

၅၄။ ဝန်ကြီးဌာနသည် သင့်လျော်သောပုဂ္ဂိုလ် အနည်းဆုံး သုံးဦးပါဝင်သော အယူခံအဖွဲ့ကို ဖွဲ့စည်းရမည်။

၅၅။ အယူခံအဖွဲ့သည် ကြီးကြပ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းကို ပြုလုပ်နိုင်သည်။

၅၆။ အယူခံအဖွဲ့၏ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်သည်။

အခန်း (၁၄)
တားမြစ်ချက်များ

၅၇။ မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်မရှိဘဲ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို တည်ထောင်ဖွင့်လှစ်ခြင်းမပြုရ။

၅၈။ မည်သူမျှ စီမံခန့်ခွဲရေးနည်းလမ်းအရ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့်ကာလအတွင်း အဆိုပါ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို ဖွင့်လှစ်ခြင်းမပြုရ။

၅၉။ မည်သူမျှ–

(က) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လျှောက်လွှာတွင် အချက်အလက်များကို မမှန်မကန် ဖော်ပြခြင်းမပြုရ၊

(ခ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ မှတ်ပုံတင်လက်မှတ်ပါ အချက်အလက်တစ်ခုခုကို ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရှိဘဲ ပြင်ဆင်ပြောင်းလဲခြင်းမပြုရ၊

(ဂ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းနှင့် စပ်လျဉ်း၍ မမှန်မကန် ကြော်ငြာခြင်းမပြုရ၊

(ဃ) ဤဥပဒေနှင့်အညီ မှတ်ပုံတင်ထားခြင်းမရှိဘဲ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိက ကျောင်းအဖြစ် ကြော်ငြာခြင်း မပြုရ၊

(င) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်ကို အခြားသူ သို့မဟုတ် အဖွဲ့အစည်းတစ်ခုခုအား လွှဲပြောင်းသုံးစွဲခွင့် မပြုရ၊

(စ) ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းကို ကြီးကြပ်ရေးအဖွဲ့ သို့မဟုတ် သက်ဆိုင်ရာ ဒေသဆိုင်ရာကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်မရရှိဘဲ အပြီးပိတ်သိမ်းခြင်း သို့မဟုတ် အချင်းချင်း ပေါင်းစည်းခြင်း မပြုရ။

၆၀။ မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ အမည်နှင့်စပ်လျဉ်း၍ ပြည်တွင်း သို့မဟုတ် ပြည်ပရှိ ကျောင်း သို့မဟုတ် ပညာရေးအဖွဲ့အစည်းတစ်ခုခုနှင့် တရားဝင်ပေါင်းစပ်မှုရှိသည်ဟု အများပြည်သူ ထင်ယောင်ထင်မှားဖြစ်စေသော အမည်နှင့် အသုံးအနှုန်းများကို သုံးစွဲခြင်းမပြုရ။

၆၁။ မည်သူမျှ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်မရှိသောသူကို ပုဂ္ဂလိကကျောင်းဆရာအဖြစ် ခန့်အပ်ခြင်း သို့မဟုတ် သင်ကြားစေခြင်း မပြုရ။

၆၂။ မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း၏ ပရိဝုဏ် သို့မဟုတ် အဆောက်အဦတွင် ဥပဒေနှင့်ဆန့်ကျင်သော လုပ်ဆောင်မှုများ၊ အများပြည်သူကို ထိခိုက်နစ်နာစေသော လုပ်ဆောင်မှုများ၊ ကျောင်းလုပ်ငန်းနှင့် လျော်ကန်မှုမရှိသော လုပ်ဆောင်မှုများ မပြုလုပ်ရ။

၆၃။ မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းတွင် နိုင်ငံတော်တည်ငြိမ်ရေး၊ လုံခြုံရေး၊ သို့မဟုတ် အမျိုးသားယဉ်ကျေးမှုကို ထိခိုက်စေနိုင်သော လုပ်ရပ်များ မပြုလုပ်ရ။

၆၄။ မည်သူမျှ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်မရှိဘဲ ပုဂ္ဂလိကကျောင်းဆရာအဖြစ် ဆောင်ရွက်ခြင်းမပြုရ။

၆၅။ မည်သူမျှ စီမံခန့်ခွဲရေးနည်းလမ်းအရ ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ရပ်ဆိုင်းခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုသည့် ကာလအတွင်း ပုဂ္ဂလိကကျောင်းဆရာအဖြစ် ဆောင်ရွက်ခြင်းမပြုရ။

၆၆။ မည်သူမျှ–

(က) ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လျှောက်လွှာတွင် အချက်အလက်များကို မမှန်မကန်ဖော်ပြခြင်းမပြုရ၊

(ခ) ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ပါ အချက်အလက်တစ်ခုခုကို ခွင့်ပြုချက်မရဘဲ ပြင်ဆင်ပြောင်းလဲခြင်းမပြုရ၊

(ဂ) ပုဂ္ဂလိကကျောင်းဆရာ မှတ်ပုံတင်လက်မှတ်ကို အခြားသူအား လွှဲပြောင်းခြင်းမပြုရ။

၆၇။ မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများတွင် ဘာသာရေးကို ထိခိုက်စေမည့် အကြောင်းအရာများ၊ မြန်မာ့ယဉ်ကျေးမှုနှင့် မလျော်ညီသော အကြောင်းအရာများကို ဟောပြောခြင်း၊ ပို့ချခြင်း၊ ထည့်သွင်းပြောကြားခြင်း၊ သင်ကြားခြင်း၊ ဆွေးနွေးခြင်း သို့မဟုတ် ထိုသို့ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ခြင်းမပြုရ။

၆၈။ မည်သူမျှ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများတွင် နိုင်ငံတော်မူဝါဒနှင့် ဆန့်ကျင်သော ပါတီနိုင်ငံရေးဆိုင်ရာ အကြောင်းအရာများနှင့် နိုင်ငံရေးအကြောင်းအရာများကို ဟောပြောခြင်း၊ ပို့ချခြင်း၊ ထည့်သွင်းပြောကြားခြင်း၊ သင်ကြားခြင်း၊ ဆွေးနွေးခြင်း သို့မဟုတ် ထိုသို့ဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ခြင်းမပြုရ။

၆၉။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်း မှတ်ပုံတင်လက်မှတ်တွင် ဖော်ပြထားသူမှအပ မည်သူမျှ တည်ထောင်သူနှင့် စီမံအုပ်ချုပ်သူအဖြစ် ဆောင်ရွက်ခြင်းမပြုရ။

အခန်း (၁၅)
ပြစ်မှုနှင့် ပြစ်ဒဏ်များ

၇၀။ မည်သူမဆို ပုဒ်မ ၅၇ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး တစ်နှစ်မှ အများဆုံးနှစ်နှစ်ထိဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်သိန်း ၃၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ ထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၁။ မည်သူမဆို ပုဒ်မ ၅၈၊ ပုဒ်မ ၅၉ နှင့် ပုဒ်မ ၆၀ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်ထိဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်သိန်း ၂၀၀ မှ အများဆုံး ကျပ်သိန်း ၃၀၀ ထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၂။ မည်သူမဆို ပုဒ်မ ၆၁၊ ပုဒ်မ ၆၂ နှင့် ပုဒ်မ ၆၃ ပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်း ခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး တစ်နှစ်မှ အများဆုံး နှစ်နှစ်ထိဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်သိန်း ၃၀၀ မှ အများဆုံး ကျပ်သိန်း ၅၀၀ ထိ ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၃။ မည်သူမဆို ပုဒ်မ ၆၄ နှင့် ပုဒ်မ ၆၅ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ငွေဒဏ်အနည်းဆုံး ကျပ်သိန်း ၃၀မှ အများဆုံး ကျပ်သိန်း ၅၀ ထိချမှတ်ရမည်။

စာမျက်နှာ ၁၀ သို့

စာမျက်နှာ ၉ မှ

၇၄။ မည်သူမဆို ပုဒ်မ ၆၆၊ ပုဒ်မ ၆၇ နှင့် ပုဒ်မ ၆၈ ပါတားမြစ်ချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်ထိ ဖြစ်စေ၊ ငွေဒဏ် အနည်းဆုံး ကျပ်သိန်း ၃၀ မှ အများဆုံး ကျပ်သိန်း ၅၀ ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၅။ မည်သူမဆို ပုဒ်မ ၆၉ ပါ တားမြစ်ချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်ထိဖြစ်စေ၊ ငွေဒဏ်အနည်းဆုံး ကျပ်သိန်း ၅၀ မှ အများဆုံး ကျပ်သိန်း ၁၀၀ ထိဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

အခန်း (၁၆)

အထွေထွေ

၇၆။ တည်ထောင်သူ သို့မဟုတ် စီမံအုပ်ချုပ်သူသည် ငွေကြေး၊ စက်ပစ္စည်း၊ ကျောင်းသုံးပစ္စည်း၊ နည်းပညာ၊ မူပိုင်ခွင့်အခွင့်အရေး၊ မြေ၊ အဆောက်အအုံ၊ စာသင်ခန်း၊ ပရိဘောဂတို့ကို လှူဒါန်းရရှိခြင်းဖြစ်လျှင် လှူဒါန်းခြင်းသဘောတူညီမှု အထောက်အထား၊ လှူဒါန်းသူအမည်၊ လှူဒါန်းပစ္စည်းအမျိုးအစားနှင့် အရေအတွက်၊ လိုအပ်သော အထောက်အထားများနှင့် ၎င်းတို့ကို အသုံးပြုမှုနှင့် စီမံခန့်ခွဲမှုတို့ကို တိကျစွာဖော်ပြထားသော မှတ်တမ်းထားရှိရမည်။

၇၇။ ဤဥပဒေအရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာ ပြစ်ဒဏ်သည် ပြစ်မှုကြောင်းအရဖြစ်စေ၊ တရားမကြောင်းအရဖြစ်စေ အရေးယူခြင်းကို ပိတ်ပင်ခြင်းမရှိစေရ။

၇၈။ ဤဥပဒေအရ -

(က) အရေးယူသောပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

(ခ) တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုမိန့် ရယူရမည်။

(ဂ) ပြစ်မှုထင်ရှားစီရင်ခြင်းခံရသူတစ်ဦးကို နစ်နာသူက မိမိ၏နစ်နာမှုအတွက် တရားမကြောင်းအရလည်း တရားစွဲဆိုနိုင်သည်။

၇၉။ ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းသည် မှတ်ပုံတင်လက်မှတ်ရရှိသည့်နေ့မှစ၍ ၎င်း၏အမည်၊ အမှတ်တံဆိပ်တို့ဖြင့် ဆောင်ရွက်ပိုင်ခွင့်၊ စဉ်ဆက်မပြတ် ဆက်ခံဆောင်ရွက်ပိုင်ခွင့်၊ တရားစွဲဆိုခွင့်နှင့် တရားစွဲဆိုခံပိုင်ခွင့် ရှိစေရမည်။

၈၀။ ဤဥပဒေအာဏာမတည်မီ တည်ထောင်ထားသော ကိုယ်ပိုင် သို့မဟုတ် ပုဂ္ဂလိကကျောင်းများအားလုံးသည် ဤဥပဒေအာဏာတည်သည့်နေ့မှစ၍ တစ်နှစ်အတွင်း ဤဥပဒေနှင့်အညီ မှတ်ပုံတင်၍ ဆောင်ရွက်ရမည်။

၈၁။ (က) ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေ (၂၀၁၁ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၁၄)ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်။

(ခ) ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည့် ကိုယ်ပိုင်ကျောင်းမှတ်ပုံတင်ဥပဒေအရ ထုတ်ပြန်ခဲ့သော နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းများနှင့် စည်းကမ်းများကို ဤဥပဒေနှင့် မဆန့်ကျင်ပါက ဆက်လက်ကျင့်သုံးနိုင်သည်။

၈၂။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် -

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဝန်ကြီးဌာနနှင့် သက်ဆိုင်ရာဝန်ကြီးဌာနသည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

(ဂ) ကြီးကြပ်ရေးအဖွဲ့နှင့် ဒေသဆိုင်ရာ ကြီးကြပ်ရေးအဖွဲ့တို့သည် အမိန့်ကြော်ငြာစာနှင့် ညွှန်ကြားချက်များကို ထုတ်ပြန်နိုင်သည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ်ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန ၂၂၅ ခုမှ အလုပ်အကိုင် ၃၅ မျိုးအတွက် ကျွမ်းကျင်လုပ်သား ၂၂၅၉၃ ဦး မွေးထုတ်ပေးနိုင်ခဲ့

ရန်ကုန် မေ ၁၃

မြန်မာနိုင်ငံ လုပ်သားများကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA)၏ အမျိုးသားအဆင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ် ပေးအပ်ပွဲအခမ်းအနားကို မေ ၁၂ ရက်က ရန်ကုန်တိုင်းဒေသကြီး ဆောက်လုပ်ရေးဝန်ကြီးဌာန ဗဟိုသင်တန်းကျောင်း (သုဝဏ္ဏ)ခန်းမ၌ ကိုဗစ်-၁၉ ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပသည်။

အခမ်းအနားသို့ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းရှိန်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားရေးရာဌာနများမှ တာဝန်ရှိသူများ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးနှင့် အသိအမှတ်ပြုရေးကော်မတီ (ACC) နှင့် အလုပ်အကိုင်ဆိုင်ရာ ကျွမ်းကျင်မှုလေ့ကျင့်ရေးကော်မတီဝင်များ၊ သက်ဆိုင်ရာ အလုပ်အကိုင်အလိုက် ကျွမ်းကျင်မှု "စံ" သတ်မှတ်ရေးကော်မတီဝင်များ၊ UMFCCI ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ဆောက်လုပ်ရေးလုပ်ငန်းရှင်များအသင်းချုပ်တို့မှ တာဝန်ရှိသူများ၊ ကျွမ်းကျင်မှုအသိအမှတ်ပြုလက်မှတ်ရယူမည့် ကျွမ်းကျင်လုပ်သားများ၊ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာနတာဝန်ခံများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု "စံ"သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ဥက္ကဋ္ဌ အလုပ်သမားဝန်ကြီးဌာန ဒုတိယဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးမှုအနေဖြင့် မြန်မာလုပ်သားများ ကျွမ်းကျင်မှုမြင့်မားစေရေးအတွက် ၂၀၁၄ ခုနှစ်မှ စတင်ဆောင်ရွက်ခဲ့သည့် NSSA မှ ကျွမ်းကျင်မှု စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းစဉ်များကို အရှိန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ယနေ့အထိ ကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန ၂၂၅ ခုမှ အလုပ်အကိုင် ၃၅ မျိုးအတွက် ကျွမ်းကျင်လုပ်သား ၂၂၅၉၃ ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း၊ ၂၀၂၂ - ၂၀၂၃ ဘဏ္ဍာနှစ်အတွင်း ဖြေဆိုသူ ၅၀၀၀ စစ်ဆေးအကဲဖြတ်ရန် လျာထားပြီး ၅၇၇၄ ဦး စစ်ဆေးအကဲဖြတ်နိုင်ခဲ့သဖြင့် လျာထားချက် ကျော်လွန်အောင် ဆောင်ရွက်ပေးနိုင်ခဲ့မှုအတွက် တာဝန်ရှိသူများကို ဂုဏ်ပြုမှတ်တမ်းတင်ကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် လုပ်သား ၃၅၀၀ စစ်ဆေးအကဲဖြတ်နိုင်ရေး လျာထားသဖြင့် သတ်မှတ်ချက် ပြည့်မီကျော်လွန်အောင် ကော်မတီအလိုက် ညှိနှိုင်းပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အလုပ်အကိုင် ၁၈ မျိုးမှ ကျွမ်းကျင်လုပ်သား ၁၀၉၃ ဦးနှင့် အသိအမှတ်ပြုကျွမ်းကျင်မှုစစ်ဆေးအကဲဖြတ်ရေးဌာန ၁၁ ခုကို အသိအမှတ်ပြုလက်မှတ်များ ပေးအပ်ခဲ့သည်။ **သတင်းစဉ်**

ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ် မုန်တိုင်းရှောင်ပြည်သူများထားရှိရာ ကယ်ဆယ်ရေးစခန်းများသို့ ကွင်းဆင်းကူညီထောက်ပံ့

မြောင်းမြ မေ ၁၃

ဧရာဝတီတိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောလင်းခယ်၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးစန်းဌေးနှင့် အဖွဲ့ဝင်များသည် မေ ၁၂ ရက်က လပွတ္တာမြို့နယ်မှ ရောက်ရှိနေသည့် မုန်တိုင်းရှောင်ပြည်သူများ ထားရှိရာ ယာယီခိုလှုံရေးစခန်းများသို့ သွားရောက်၍ ထောက်ပံ့ပစ္စည်းများ ပေးအပ်သည်။

နံနက်ပိုင်းတွင် တိုင်းရင်းသားရေးရာဝန်ကြီးနှင့် အဖွဲ့သည် လပွတ္တာမြို့နယ်ဘက်မှ မုန်တိုင်းလာရောက် ရှောင်တိမ်းနေသည့် မုန်တိုင်းရှောင် ပြည်သူများ ရောက်ရှိနေသည့် မြောင်းမြမြို့ မဟာစည်မွေ့ရိပ်သာ ကျောင်းတိုက်ရှိ ပြည်သူ ၁၂၆ဦး၊ ပညာဖေယျုံကျောင်းတိုက်ရှိ ပြည်သူ ၁၄၇ ဦး၊ ဦးမန်းစောဘုမိဘမဲ့ ဂေဟာရှိပြည်သူ ၂၀၅ ဦး၊ ချမ်းမြေ့သာယာကျောင်းတိုက်ရှိ ပြည်သူ ၂၁၈ ဦး၊ ခေမိန္ဒာလင်္ကာရ ကျောင်းတိုက်ရှိ ပြည်သူ ၁၀၈ ဦး တို့အတွက် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ကြက်ဥများ ကူညီထောက်ပံ့ပေးအပ်သည်။

ဆက်လက်ပြီး မွန်းလွဲပိုင်းတွင် တိုင်းရင်းသားရေးရာဝန်ကြီးနှင့် အဖွဲ့သည် မြစိမ်းရောင်တောင်ပေါ်ရှိ လပွတ္တာမြို့နယ်ဘက်မှ ရောက်ရှိနေသည့် မုန်တိုင်းရှောင်ပြည်သူ ၁၀၄၉ ဦး တို့အတွက် ဆန်၊ ဆီ၊ ပဲ၊ ဆား၊ ကြက်ဥများ ထောက်ပံ့ပေးအပ်ပြီး အားပေးစကားများ ပြောကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရသေ့တောင်မြို့နယ်ရှိ မုန်တိုင်းရှောင်ပြည်သူများအတွက် စားနပ်ရိက္ခာများထောက်ပံ့

ရသေ့တောင် မေ ၁၃

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ အစီအစဉ်ဖြင့် မုန်တိုင်းခိုလှုံရာနေရာများရှိ ပြည်သူများအတွက် စားနပ်ရိက္ခာများ ထောက်ပံ့ပေးအပ်ခြင်းနှင့် ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား အသက်ကယ်အင်္ကျီများ ထုတ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက မြို့နယ်အားကစားခန်းမ၌ ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်လင်းထက်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့ဝင်များက စာသင်ကျောင်းများ၊ ဘုန်းကြီးကျောင်းများ၌ မုန်တိုင်းခိုလှုံနေထိုင်ကြစဉ် ကာလအတွင်း ပြည်သူများ စားရေရိက္ခာဖူလုံစေရေးအတွက် ဆန် ၂၉ အိတ်၊ ငါးဂါလန်ဝင်ဆီပုံး ခုနစ်ပုံး၊ ငါးပိ ခုနစ်ပိဿာ၊ ဆား ခုနစ်ပိဿာ တို့ကို ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

ရသေ့တောင်(ပြန်/ဆက်)

တရားမဝင်ကိုင်ဆောင်ထားသည့် လက်နက်ခဲယမ်းများအား လိုင်စင်လျှောက်ထားရန် အသိပေးထုတ်ပြန်ချက်

၁။ ယနေ့အချိန်ကာလတွင် အကြမ်းဖက်သမားများက အပြစ်မဲ့ ပြည်သူလူထုအပေါ် အကြမ်းဖက်သတ်ဖြတ်တိုက်ခိုက်မှုများကြောင့် ပြည်သူလူထုအတွင်း၌ လူပုဂ္ဂိုလ် လုံခြုံရေးကို စိုးရိမ်ကြသည့်အတွက် လက်နက်ခဲယမ်းများကို နည်းလမ်းမျိုးစုံဖြင့် ရှာဖွေကာ တရားမဝင်ကိုင်ဆောင်လျက်ရှိကြောင်း ကြားသိနေရပါသည်။ မူလရည်ရွယ်ချက်မှာ လူပုဂ္ဂိုလ်လုံခြုံရေးအတွက်ဖြစ်သော်လည်း လက်နက်ခဲယမ်းများ လက်ဝယ်ရှိနေချိန်တွင် လူ၏စိတ်သည် အချိန်မရွေးပြောင်းလဲသွားနိုင်ပြီး တရားမဝင် ကိုင်ဆောင်ထားခြင်းဖြစ်သဖြင့် တစ်ချိန်ချိန်တွင် တလွဲအသုံးပြုမှုများ ဖြစ်ပေါ်လာနိုင်သည့်အပြင် ဥပဒေနှင့်လည်း ညီညွတ်မှုမရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် တရားမဝင်လက်နက်ခဲယမ်း ကိုင်ဆောင်မှုများ လျော့နည်းပပျောက်စေရေးနှင့် လက်နက်ခဲယမ်းများကို တလွဲအသုံးပြုမှုများ မဖြစ်ပေါ်စေရေးအတွက် လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်မူနှင့်အညီ စနစ်တကျလိုင်စင်ထုတ်ပေးရေးကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၂။ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်လိုင်စင်လျှောက်ထားသည့်အခါ လျှောက်ထားသည့် သေနတ်အား မည်သို့မည်ပုံရရှိသည်ကို စစ်ဆေးမေးမြန်းသွားမည်မဟုတ်ဘဲ လျှောက်ထားလိုသည့် လက်နက်ခဲယမ်းနှင့်တကွ အပ်နှံလျှောက်ထားရမည်ဖြစ်ပါသည်။ လက်နက်ခဲယမ်းကိုင်ဆောင်ခွင့်လိုင်စင် လျှောက်ထားမှုအပေါ် လက်နက်ခဲယမ်း ကိုင်ဆောင်ခွင့်မူနှင့်အညီစိစစ်၍ သတ်မှတ်ချက်နှင့် ကိုက်ညီသူများကို လိုင်စင်ထုတ်ပေးသွားမည်ဖြစ်ပါသည်။ သီးခြားထုတ်ပြန်ပေးမည့် သတ်မှတ်ကာလအတွင်း လက်နက်ခဲယမ်း အပ်နှံ၍ လိုင်စင်လျှောက်ထားခြင်းမရှိပါက ဖော်ထုတ်ဖမ်းဆီး၍ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်အပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန်ဖိတ်ခေါ်ခြင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်၏တာဝန်များကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွှဲပြောင်းတာဝန်ထမ်းဆောင်လျက်ရှိပြီး နိုင်ငံတော်ကို စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရန် ရှေ့လုပ်ငန်းစဉ် (၅) ရပ်၊ ဦးတည်ချက် (၁၂) ရပ်တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်နေချိန်တွင် ပြည်သူလူထုအား နိုင်ငံရေးဝါဒမှိုင်းတိုက်ပြီး နိုင်ငံတော်ကြီး အလုံးစုံပျက်သုဉ်းရေး ဦးတည်ဆောင်ရွက်လိုသူများက ပြည်ထောင်စုလွှတ်တော်ကိုယ်စားပြုကော်မတီ(CRPH)၊ အမျိုးသားညီညွတ်ရေးအစိုးရ(NUG)နှင့် NUG ၏ လက်ဝေခံဖြစ်သည့် ပြည်သူ့ကာကွယ်ရေးအဖွဲ့(PDF) အမည်ခံအကြမ်းဖက်အဖွဲ့အစည်းများကို ဥပဒေမဲ့ တရားမဝင်ဖွဲ့စည်း၍ လက်နက်ကိုင်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်ခဲ့ကြသဖြင့် နိုင်ငံတော်က အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ အကြမ်းဖက်အဖွဲ့များအဖြစ် ကြေညာခဲ့ပါသည်။

၂။ အဆိုပါ အကြမ်းဖက်အဖွဲ့အစည်းများက အပြစ်မဲ့ပြည်သူများကို အကြောက်တရားဖြင့် ဝါဒမှိုင်းတိုက်၍ ဆွဲဆောင်စည်းရုံးကာ အကြမ်းဖက်အဖွဲ့အစည်းများသို့ ဝင်ရောက်စေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိရာဒေသများသို့ စေလွှတ်၍ ဖောက်ခွဲဖျက်ဆီးရေးသင်တန်းများ တက်ရောက်စေခြင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတွင် ပူးပေါင်းပါဝင်စေခြင်းတို့ကို လုပ်ဆောင်စေခဲ့ပြီး လက်နက်ကိုင်အကြမ်းဖက် တိုက်ခိုက်သတ်ဖြတ်မှုများကို လုပ်ဆောင်စေခဲ့ပါသည်။ ၎င်းတို့၏အကြမ်းဖက်တိုက်ခိုက်မှုကြောင့် သံဃာတော်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူအမြောက်အမြား အသက်ဆုံးရှုံးခဲ့ကြရပါသည်။ အကြမ်းဖက်လုပ်ရပ်များကြောင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားများ ဖြစ်ပေါ်စေခဲ့ပါသည်။

၃။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည့်အတွက် ပြည်သူများ၏စုပေါင်းအားဖြင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသောဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို အင်တိုက်အားတိုက် ဆောင်ရွက်နိုင်မှသာ လိုရာပန်းတိုင်ကို အချိန်တိုအတွင်း ရောက်ရှိနိုင်မည်ဖြစ်ပါသည်။ ထို့ကြောင့် နိုင်ငံတော်အား အလုံးစုံပျက်သုဉ်းစေလိုသူများ၏ ဝါဒမှိုင်းအောက်မှရုန်းထွက်ကာ နိုင်ငံတော်တည်ဆောက်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက်ကြရမည့်အချိန်အခါဖြစ်သည့်အတွက် အကြောင်းအမျိုးမျိုးကြောင့် PDF အပါအဝင် အကြမ်းဖက်အဖွဲ့များအတွင်း ရောက်ရှိနေသူများ၊ ဥပဒေပြင်ပရှိ အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအနေဖြင့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်နိုင်ရန်အတွက် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်အပ်ပါသည်။ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် လူသတ်မှု၊ မုဒိမ်းမှု၊ သူတစ်ပါးအပေါ် ထိခိုက်နစ်နာစေမှု စသည့်ပြစ်မှုတစ်ခုခု ကျူးလွန်ထားသူဖြစ်ပါက ဥပဒေအရ တရားရုံးတွင် အမှုရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ပြီး နိုင်ငံတော်အစိုးရအနေဖြင့် ပြစ်မှုအတိုင်းအတာအပေါ်မူတည်၍ ဥပဒေကြောင်းအရ လိုအပ်သည့်ဖြေလျှော့မှုများကို ပြုလုပ်ပေးသွားမည်ဖြစ်ပါသည်။

၄။ ယင်းသို့ ဥပဒေဘောင်အတွင်း ဝင်ရောက်လာပါက လိုအပ်သည့်ကူညီပံ့ပိုးမှုများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး လက်နက်/ခဲယမ်းပါရှိလာသူများကို အောက်ပါအတိုင်း ဆုကြေးငွေ ထောက်ပံ့ပေးသွားမည်ဖြစ်ပါသည် -

(က) ရိုင်ဖယ်အုပ်စုဝင်သေနတ် (၁) လက်ပါရှိပါက ကျပ် (၅၀) သိန်း၊
(ခ) ပစ္စတိုအုပ်စုဝင်သေနတ်(၁)လက်ပါရှိပါက ကျပ် (၂၀) သိန်း၊
(ဂ) ပြောင်းချောသေနတ်(၁)လက်ပါရှိပါက ကျပ် (၃၀) သိန်း၊
(ဃ) စိန်ပြောင်း၊ လောင်ချာ၊ အာပီဂျီကဲ့သို့သော လက်နက်များ(၁)လက်ပါရှိပါက ကျပ် (၇၅) သိန်း၊
(င) လက်လုပ်ပြောင်းချောသေနတ်၊ လက်လုပ်စိန်ပြောင်း၊ လက်လုပ်သေနတ် (၁)လက်ပါရှိပါက ကျပ်(၅)သိန်း၊
(စ) လက်လုပ်မိုင်းများ၊ လက်ပစ်ဗုံးများပါရှိပါက ကျပ် (၃) သိန်း၊
(ဆ) လက်နက်/ခဲယမ်းမှအပ အခြားအသုံးအဆောင်ပစ္စည်းများ (ဥပမာ- စကားပြောစက်) ပါရှိပါက ကျပ် (၂) သိန်း။
(ဇ) ဗုံးဖောက်ခွဲရေးအတွက် အသုံးပြုနိုင်သော Drone (၁) စင်းပါရှိပါက ကျပ် (၅၀) သိန်း။

၅။ သို့ဖြစ်ပါ၍ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ ဆက်သွယ်သတင်းပို့၍ ဝင်ရောက်နိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

သန့်ရှင်းသာယာသောမြို့၊ ရွာများဖြစ်စေရေး ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များက ဆောင်ရွက်

နေပြည်တော် မေ ၁၃

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံပြည်သူများအားလုံးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာဒေသများသန့်ရှင်းသာယာလှပရေးကို အားတက်သရော ဆောင်ရွက်လျက်ရှိကြသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တို့၌လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အတွင်းရှိ မြို့နယ်သုံးမြို့နယ်တို့၌ လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ကိုးမြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် သံတောင်ကြီးမြို့တို့၌လည်းကောင်း ဘုရား၊ စေတီပုထိုးများ၊ ဌာနဆိုင်ရာအဆောက်အအုံများ၊အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်းတံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများ၊ စည်ပင်သာယာရေး အဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်းနှင့် ရေစီးရေလာကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်းတို့ကို ဆောင်ရွက်ပေးကြသည်။

ထို့ပြင် မန္တလေးမြို့ပေါ်ရှိ တာဝန်သိ လူငယ်၊ လူရွယ်များစုစည်း၍ "မြို့ရွာ သန့်ရှင်းရောဂါကင်း၊ စုပေါင်းအမှိုက်ရှင်း"စာသားတံဆိပ်ပါ တူညီဝတ်စုံများဝတ်ဆင်ပြီး ချမ်းမြသာစည်မြို့နယ် ၄၅ လမ်း၊ ၁၁၄ လမ်းနှင့် ၁၁၅ လမ်းကြား အမှတ်(၁၉) အခြေခံပညာ အလယ်တန်း ကျောင်းအတွင်း အပြင် စုပေါင်းအမှိုက်ကောက်ခြင်းနှင့် ရပ်ကွက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ သက်သာချောင်ချိမှုရှိစေရန် ပြည်သူများထံမှ အမှိုက် တစ်ပိဿာလျှင် ၁၀၀ ကျပ်ဖြင့်ဝယ်ယူ၍ စနစ်တကျ အမှိုက်စွန့်ပစ်ခြင်းများကို ဆောင်ရွက်ကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက် ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းတုံမြို့ မြို့မရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်းဝင်းအတွင်း သန့်ရှင်းရေးဆောင်ရွက်စဉ်။

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး၏ အမည်ခံ၍ လက်နက်ကိုင်ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်ခြင်းဆိုင်းဘုတ်ကို မေ ၁၁ ရက်က မြို့မစည်ပင်သာယာပန်းခြံအဝင်တွင် စိုက်ထူထားစဉ်။

မြို့နယ်(ပြန်/ဆက်)

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

ဒုတိယဝန်ကြီး ဦးရဲတင့် မုန်တိုင်းအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် ပြန်ကြားရေးလုပ်ငန်းဆိုင်ရာ ပြင်ဆင်ဆောင်ရွက်ထားရှိမှုများ ကြည့်ရှုစစ်ဆေး

သံတွဲ မေ ၁၃

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် မေ ၁၁ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးတွင် တိုင်းဒေသကြီး ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးနှင့် ခရိုင်ရုံးဝန်ထမ်းများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ စက်ရုံမှူးနှင့် ဝန်ထမ်းများ၊ တိုင်းရင်းသားသတင်းဌာနခွဲမှ ဝန်ထမ်းများနှင့် တွေ့ဆုံသည်။

ထို့နောက် ဂွမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် ကျိန္တလီမြို့ရုံးများသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် တွေ့ဆုံသည်။ မေ ၁၂ ရက် နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ လူထုအခြေပြုဗဟိုဌာန (Community Centre) သို့ ရောက်ရှိပြီး မုန်တိုင်းဒဏ်ကြောင့် စာအုပ်စာစောင်များနှင့် ရုံးသုံးပစ္စည်းများ ပျက်စီးဆုံးရှုံးမှုမရှိစေရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်လက်ထောက်ညွှန်ကြားရေးမှူးနှင့် ခရိုင်ရုံးဝန်ထမ်းများ၊ ငပလီမြို့ရုံးဝန်ထမ်းများနှင့် တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် သံတွဲမြို့ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို

ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး မုန်တိုင်းကာလတွင် ထုတ်လွှင့်မှုမပြတ်တောက်စေရေး သတိပြုဆောင်ရွက်ရန် ဝန်ထမ်းများအား မှာကြားသည်။

ဒုတိယဝန်ကြီးသည် ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် မုန်တိုင်းကာလအတွက် ကြိုတင်ပြင်ဆင်ရန် ကိစ္စများ၊ အသိပညာပေးလုပ်ငန်းများနှင့် သတင်းထုတ်ပြန်ရေးကိစ္စများ၊ လူငယ်များ အသိပညာပေးလုပ်ငန်းများနှင့် ကျောင်းအပ်နှံရေးကာလတွင် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းအပ်နှံရေးတိုက်တွန်းနှိုးဆော်ရေးနှင့် ဝန်ထမ်းကောင်းပီသစွာ နိုင်ငံနှင့်ပြည်သူကို သစ္စာစောင့်သိပြီး ပေးအပ်သည့် တာဝန်များကို ကျေပွန်စွာထမ်းဆောင်ရေးတို့ကို မှာကြားခဲ့သည်။

ညနေပိုင်းတွင် ဒုတိယဝန်ကြီးသည် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဗိုလ်မှူးချုပ် ကျော်ကျော်သန်း၊ သံတွဲခရိုင် သဘာဝ ဘေးအန္တရာယ်စီမံခန့်ခွဲမှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမျိုးချစ်နှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ သံတွဲခရိုင်အတွင်း ကုန်းမြင့်ဒေသများတွင် ဖွင့်လှစ်ထားသော မုန်တိုင်းအန္တရာယ် ခိုလှုံရာစခန်းများဖြစ်သည့် ဝါးတောင်ကွင်းဘုန်းတော်ကြီးကျောင်း၊ အောင်ဓမ္မရိပ်သာကျောင်းနှင့် မင်္ဂလာသုခဘုန်းတော်ကြီးကျောင်းများသို့ လာရောက်ခိုလှုံနေကြသည့် ပင်လယ်ကမ်းခြေနှင့်နီးသော ကျေးရွာများမှ ပြည်သူများ၊ ကမ်းခြေတွင်နေထိုင်ကြသော ရေလုပ်သားများအား သွားရောက်တွေ့ဆုံ အားပေးစကားပြောကြားသည်။

ဒေသခံပြည်သူများ သဘာဝဘေးအန္တရာယ်ဆိုးရွားစွာ မခံစားရနိုင်ရေးအတွက် နိုင်ငံတော်အစိုးရနှင့် ပြည်နယ်အစိုးရတို့က ကြိုတင်စီမံဆောင်ရွက်နေမှုများကို ရှင်းလင်းဆွေးနွေးပြီး မုန်တိုင်းကာလအတွင်း အခက်အခဲများရှိပါက တာဝန်ရှိသူများထံ အသိပေးဆောင်ရွက်သွားရန်မှာကြားသည်။

ထို့နောက် မုန်တိုင်းဒဏ်မခံရရေး ကြိုတင်ခိုလှုံရောက်ရှိနေသော မုန်တိုင်းရှောင်ပြည်သူများအတွက် ပြည်နယ်အစိုးရက ထောက်ပံ့ကူညီသော ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို တာဝန်ရှိသူများက ပေးအပ်ပြီး ဒုတိယဝန်ကြီးက သံတွဲခရိုင် မုန်တိုင်းရှောင် ပြည်သူများအတွက် ပြန်ကြားရေးဝန်ကြီးဌာနက လှူဒါန်းထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပေးအပ်လှူဒါန်းခဲ့သည်။**(အပေါ်ဝဲပုံ)** **ခရိုင်(ပြန်/ဆက်)**

ရခိုင်ပြည်နယ် သံတွဲခရိုင် ကျိန္တလီမြို့၌ ကျိန္တလီမြို့ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးညဏ်လင်း ဦးဆောင်မှုဖြင့် တာဝန်ရှိသူများက မေ ၁၃ ရက်တွင် မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သည့် ကျေးရွာများရှိ ပြည်သူများအား မုန်တိုင်းခိုလှုံရာနေရာများသို့ ရွှေ့ပြောင်းပေးစဉ်။

ဇော်လင်း(ပြန်/ဆက်)

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ်တွင် မိုခါမုန်တိုင်းအန္တရာယ်ကျရောက်လာပါက အရေးပေါ်တုံ့ပြန် ဆောင်ရွက်နိုင်ရန်အတွက် ရှာဖွေကယ်ဆယ်ရေးသုံးပစ္စည်းများ အသင့်ဆောင်ရွက်ထားရှိမှုနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်နေမှုများကို မေ ၁၃ ရက်က ပတ္တမြားမြေ(မိုးလုံလေလုံ)အားကစားခန်းမ၌ ပြုလုပ်ရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်ကျော်နှင့် တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။

ကြည်ကြည်နွဲ့(ပြန်/ဆက်)

ရခိုင်ပြည်နယ် မောင်တောခရိုင် တောင်ပြိုလက်ဝဲမြို့တွင် မုန်တိုင်းဘေးကျရောက်နိုင်သည့် ရပ်ကွက်နေပြည်သူများအား မုန်တိုင်းခိုလှုံရာနေရာသို့ မေ ၁၃ ရက်ကစတင်၍ မြို့သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးကျော်သန်းထွန်း ဦးဆောင်ပြီး ရွှေ့ပြောင်းပေးစဉ်။

သိန်းနိုင်(ပြန်/ဆက်)

မြေပုံမြို့နယ်ရှိ လေဘေးခိုလှုံရာစခန်းများနေ ပြည်သူများအား တာဝန်ရှိသူများ သွားရောက်ကြည့်ရှု

မြေပုံ မေ ၁၃

ရခိုင်ပြည်နယ် မြေပုံမြို့နယ်ရှိ သတ်မှတ်လေဘေးခိုလှုံရာစခန်းများနေ ပြည်သူများ စား၊ ဝတ်၊ နေရေး အဆင်ပြေစေရန် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းက အ.ထ.က (မြေပုံ) လေဘေးခိုလှုံရာစခန်းနှင့် အ.လ.က(ခွဲ) ကံသာထွက်ဝ လေဘေးခိုလှုံရာစခန်းများသို့ သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

နယ်မြေခံတပ်နယ်မှ ဗျူဟာမှူးဗိုလ်မှူးကြီး ထွဋ်ခေါင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သက်ဆိုင်ရာတာဝန်ရှိသူများက သွားရောက်၍ အ.ထ.က(မြေပုံ) လေဘေးခိုလှုံရာစခန်းရှိ အိမ်ထောင်စု ၃၃၉ စု၊ လူဦးရေ ၁၅၁၄ ဦး၊ အလက(ခွဲ)ကံသာထွက်ဝ လေဘေးခိုလှုံရာစခန်းရှိ အိမ်ထောင်စု ၄၆ စု၊ လူဦးရေ ၁၀၈ ဦးတို့နှင့် တွေ့ဆုံကာ မိမိတို့ခိုလှုံရာစခန်း၌ လိုအပ်ချက်ရှိသည်များကို ဆွေးနွေးပြောကြားပြီး သက်ဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်းနှင့် ကျေးရွာအုပ်စုများ၌လည်း သတ်မှတ်လေဘေးခိုလှုံရာစခန်းနေ ပြည်သူများအတွက် လိုအပ်သည်များကို စခန်းတာဝန်ခံများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ထားရှိကြောင်း သိရသည်။

တင်ဝင်း

ကျောက်ဖြူမြို့၌ မုန်တိုင်းဘေးဒဏ်ခံရနိုင်သည့် ပြည်သူများအား ယာယီခိုလှုံရာစခန်းများသို့ ရွှေ့ပြောင်းပေး

ကျောက်ဖြူ မေ ၁၃

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သည် ဘေးအန္တရာယ်ကျရောက်နိုင်ခြေမြင့်မားသည့် အနီးရောင်အဆင့်ဒေသများတွင် ပါဝင်သောမြို့တစ်မြို့အဖြစ် အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီမှ ထုတ်ပြန်ကြေညာထားပြီးဖြစ်ရာ ကျောက်ဖြူမြို့တွင် မုန်တိုင်းဘေးဒဏ်ခံရနိုင်သည့် ရပ်ကွက်နေပြည်သူများအား ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက မုန်တိုင်းဘေးလွတ်ရာ နေရာများဖြစ်သည့် ယာယီခိုလှုံရာ စခန်းများသို့ ရွှေ့ပြောင်းခြင်းနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများ အရှိန်မြှင့် လုပ်ဆောင်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ရွှေ့ပြောင်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ကျောက်ဖြူမြို့ စေတီတောင်ရပ်ကွက် ဆိုင်ကလုန်းရှယ်တာတွင် ခိုလှုံရန်ရောက်ရှိနေသည့် ပြည်သူများအား လည်းကောင်း၊ ပိုက်ဆိပ်ရပ်ကွက် အ.ထ.က(၂) ကျောင်းတွင် ခိုလှုံရန်ရောက်ရှိလာသည့် ဒေသခံပြည်သူများအား လည်းကောင်း၊ သန်ပန်ချောင်းရပ်ကွက် အ.လ.က(၄)ကျောင်းတွင် ခိုလှုံရန်ရောက်ရှိလာသည့် ပြည်သူများအား လည်းကောင်း၊ တာဝန်ရှိသူများက ကူညီရွှေ့ပြောင်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေး စာရေးများက စာရင်းမှတ်တမ်းများ ရေးသွင်းကောက်ယူပြီး လိုအပ်သည်များ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ လာရောက်ခိုလှုံလာသူများကို ကျောက်ဖြူတပ်နယ်ဗျူဟာမှူး၊ ခရိုင်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများအဖွဲ့ ဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုလုပ်ငန်းများအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမင်းထွဏ်းနှင့် အဖွဲ့ဝင်များက လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို စီမံမှာကြားကာ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

တင်ထွန်းဦး၊ ဖြိုးဝေလင်း(ပြန်/ဆက်)

မုန်တိုင်းအသိပညာပေး

မုန်တိုင်းသတိပေးချက်ရလျှင် ဆောင်ရွက်ရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကို မျှဝေပါ။ ကောလာဟလသတင်းများကို မယုံပါနှင့်။
၂။ အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက် စာတမ်းများကို မိမိနှင့်အတူ ထားရှိပါ။
၃။ မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့၊ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ။
၄။ မုန်တိုင်းဒီရေကို အထူးဂရုပြုပါ။
၅။ သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့ခိုလှုံပါ။

မုန်တိုင်းဖြစ်ပေါ်နေစဉ်တွင် လိုက်နာရန် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကို မျှဝေပါ။ ကောလာဟလသတင်းများကို မယုံပါနှင့်။
၂။ မုန်တိုင်းဗဟိုဖြတ်သန်းစဉ် ခေတ္တလေငြိမ်သော်လည်း မကြာမီအချိန်အတွင်း ဆန့်ကျင်ဘက်အရပ်မှ ပိုမိုပြင်းထန်သည့်လေများ တိုက်ခတ်လာနိုင်သည်ကို သတိပြုပါ။
၃။ မုန်တိုင်းအန္တရာယ်ကင်းရှင်းကြောင်း သက်ဆိုင်ရာအစိုးရဌာနမှ သတင်းထုတ်ပြန်သည်အထိ ဘေးကင်းလုံခြုံသော နေရာတွင် နေထိုင်ပါ။

မုန်တိုင်းဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့် အချက်များ

၁။ တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်။
၂။ ရေထဲတွင် မလိုအပ်ဘဲ ရေကူးခြင်း၊ လမ်းလျှောက်ခြင်း မပြုလုပ်ပါနှင့်။
၃။ လေမုန်တိုင်းအနည်းငယ် အားလျော့သွားချိန်တွင် အိမ်အပြင်ထွက်ခြင်း၊ ကမ်းခြေ၊ မြစ်ကမ်းနား၊ ကမ်းနဖူးသို့ သွားရောက်ခြင်းမပြုပါနှင့်။

နိုင်ငံတကာသတင်းများ

နာဂါဆာကီမြို့၌ ဂျီ - ၇ ကျန်းမာရေးဝန်ကြီးများအစည်းအဝေး စတင်

နာဂါဆာကီ မေ ၁၃

ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း၌ ဂျီ- ၇ ကျန်းမာရေးဝန်ကြီးများ အစည်းအဝေးကို စတင်လိုက်ကြောင်း သိရသည်။ အဆိုပါ အစည်းအဝေးတွင် ကိုဗစ်- ၁၉ ကပ်ရောဂါဖြစ်ပွားပြီးနောက် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သော အရေးပေါ်အခြေအနေများကို တုံ့ပြန်ဆောင်ရွက်ရန် ကျန်းမာရေးစနစ်များ အားကောင်းခိုင်မာစေရေးကို ထည့်သွင်းဆွေးနွေးသွားမည်ဖြစ်သည်။

ဂျပန်နိုင်ငံ နာဂါဆာကီမြို့၌ နှစ်ရက်ကြာပြုလုပ်မည့် ယင်းအစည်းအဝေးကို ဂျပန်ကျန်းမာရေးဝန်ကြီး ကာတိုကာဆူနိုဘူက သဘာပတိအဖြစ် ဆောင်ရွက်သွားမည်ဖြစ်သည်။ သုံးနှစ်ကျော်ကြာပြီးနောက် ကိုဗစ်- ၁၉ ကပ်ရောဂါဖြစ်ပွားမှုမှာ ကမ္ဘာတစ်ဝန်းကျဆင်းလာနေကြောင်း မေ ၁၃ ရက်က ၎င်း၏ အဖွင့်မှတ်ချက်စကားတွင် ပြောကြားခဲ့သည်။

ထို့ပြင် ကိုဗစ်-၁၉ ကပ်ရောဂါဖြစ်ပွားမှုကာလတွင်လည်း ဆေးဘက်ဆိုင်ရာစနစ်များနှင့် ဆေးဝါးဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် ပံ့ပိုးကူညီမှုအပါအဝင် နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် နိုင်ငံနှင့် ဒေသများတွင် လျင်လျင်မြန်မြန် ပူးပေါင်းဆောင်ရွက်မှုကို မြင်တွေ့ခဲ့ရကြောင်းနှင့် သာမန်အချိန်များအတွင်း ကျန်းမာရေးစနစ်များ အားကောင်းခိုင်မာအောင် တည်ဆောက်ခြင်းက အရေးပေါ်ကျန်းမာရေး အခြေအနေကို တုံ့ပြန်ရန် အထောက်အကူပြုကြောင်း ၎င်းကမှတ်ချက်ပြုပြောသည်။

ဂျီ- ၇ ဝန်ကြီးများသည် ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေများအတွက် ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးနှင့် တုံ့ပြန်ဆောင်ရွက်ရေးတို့တွင် အားကောင်းခိုင်မာစေရန် လက်ရှိဦးတည်ချက်များနှင့် လုပ်ဆောင်ချက်များကို ဆွေးနွေးသွားမည်ဟု ဆိုသည်။

အင်န်အိတ်ချ်ကေ

မျောက်ကျောက်ရောဂါကို ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်ကျန်းမာရေးအခြေအနေမှ အဆုံးသတ်ပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ကြေညာ

ဂျီနီဗာ မေ ၁၃

ဗိုင်းရပ်စ် ရောဂါဖြစ်သည့် မျောက်ကျောက်ရောဂါကို ကမ္ဘာလုံးဆိုင်ရာ အရေးပေါ်ကျန်းမာရေး အခြေအနေမှ အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက မေ ၁၁ ရက်တွင်ကြေညာခဲ့သည်။ မျောက်ကျောက်ရောဂါအတွက် ကမ္ဘာလုံးဆိုင်ရာ စိုးရိမ်စရာ ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေမှ အဆုံးသတ်လိုက်ပြီဖြစ်ကြောင်း မေ ၁၁ ရက်တွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ် တက်ဒရို့စ် အက်ဒ်ဟာနွန် ဂီဘရီယက်ဆု က ကြေညာခဲ့သည်။

ကျွမ်းကျင်သူများဖြင့် စုစည်းထားသည့် ကော်မတီထံမှ အကြံပြုချက်များကို အခြေခံကာ ယခုလို ဆုံးဖြတ်ချက်ချခဲ့ခြင်းဖြစ်သည်။ မျောက်ကျောက်ရောဂါသည် ဗိုင်းရပ်စ်ကူးစက်မှုရောဂါဖြစ်ပြီး ၎င်း၏ ရောဂါလက္ခဏာများမှာ ဖျားနာခြင်းနှင့် အဖုအပိမ့်များထွက်ခြင်းတို့ ဖြစ်သည်။ အဆိုပါ ရောဂါကူးစက်မှုမှာ ပြီးခဲ့သည့်နှစ် မေလအတွင်းက အနောက်နိုင်ငံများတွင် အဖြစ်များသည်။

ထို့နောက် ၂၀၂၂ ခုနှစ် ဇူလိုင်လနှောင်းပိုင်းတွင် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးအရေးပေါ် အခြေအနေအဖြစ် ကြေညာခဲ့သည်။ အဆိုပါရောဂါမှာ ယခင်က အာဖရိက ပြင်ပတွင် တွေ့ရှိရမှုခဲယဉ်းသည်။ နိုင်ငံပေါင်း ၁၁၁ နိုင်ငံတွင် မျောက်ကျောက်ရောဂါကူးစက်ခံရသူပေါင်း ၈၇၀၀၀ ကျော် ရှိသည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ အစီရင်ခံစာအရ သိရသည်။

တိုင်းပြည်များအနေဖြင့် ဆေးစစ်မှုများကို ဆက်လက်လုပ်ဆောင်ပြီး မျောက်ကျောက်ရောဂါ ကာကွယ်ရေးနှင့် ကုသမှုများကို ဆက်လက်လုပ်ဆောင်ရန်လည်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ညွှန်ကြားရေးမှူးချုပ်က တိုက်တွန်းထားသည်။

အင်န်အိတ်ချ်ကေ

Pool 9 Ball နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာ ဗိုလ်လုပွဲတက်ရောက်

နေပြည်တော် မေ ၁၃

ကမ္ဘောဒီးယားနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပလျက်ရှိသည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်း Pool 9 Ball နှစ်ယောက်တွဲပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၁၃ ရက်က ဆက်လက်ကျင်းပရာ မြန်မာအတွဲ ဗိုလ်လုပွဲတက်ရောက်ခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်တွင် မြန်မာအတွဲက ဖိလစ်ပိုင်အတွဲကို (၉-၇) ပွဲ၊ မလေးရှားအတွဲက ထိုင်းအတွဲကို (၉-၈) ပွဲဖြင့် အနိုင်ရခဲ့သည်။ မြန်မာအတွဲတွင် ဘုန်းမြင့်ကျော် (ခ) အားတီနှင့် သော်ဇင်ထက်တို့ ယှဉ်ပြိုင်ခဲ့ပြီး ပြိုင်ပွဲအစတွင် ဦးဆောင်နိုင်ခဲ့သော်လည်း နောက်ပိုင်းတွင် ဆက်တိုက်အရေးနိမ့်ခဲ့သဖြင့် နိုင်ပွဲရရန် ရုန်းကန်ခဲ့ရသည်။ ပွဲငယ် ရှစ်ပွဲမြောက်အပြီးတွင် အပြတ်အသတ် ဦးဆောင်နိုင်သော်လည်း ကိုးပွဲမြောက်မှ ၁၄ ပွဲမြောက် ပွဲငယ်အထိ ပွဲငယ်ငါးပွဲဆက်တိုက် အရေးနိမ့်ခဲ့သဖြင့် ဖိလစ်ပိုင်အတွဲက ၇-၆ ပွဲဖြင့် ပြန်လည်ဦးဆောင်နိုင်ခဲ့သည်။ သို့သော် မြန်မာအတွဲက ပွဲငယ်သုံးပွဲဆက် ပြန်လည်အနိုင်ယူခဲ့သဖြင့် ၉-၇ ပွဲဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအတွဲသည် ယခုပြိုင်ပွဲတွင် ကွာတားဖိုင်နယ်အဆင့်မှ စတင်ကစားခဲ့ရပြီး ဘရူနိုင်းအတွဲကို (၉-၇)ပွဲဖြင့် အနိုင်ရလာခြင်းဖြစ်သည်။

မြန်မာအတွဲနှင့် မလေးရှားအတွဲတို့၏ ဗိုလ်လုပွဲကို မေ ၁၄ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည် ဖြစ်သည်။

ညီမြတ်သော်တာ

❉ ကျောဖုံးမှ

ငွေတံဆိပ်၊ လာအိုကစားသမား ဖောင်ဆာခွန်က ကြေးတံဆိပ်ရရှိခဲ့သည်။ ပြိုင်ပွဲပထမနေ့တွင် ပြိုင်ပွဲအမျိုးအစား လေးမျိုးကျင်းပရာ မြန်မာအလေးမအဖွဲ့သည် အမျိုးသမီး ၄၅ ကီလိုတန်းတစ်ခုတွင်သာ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။ ဆီးဂိမ်း အလေးမပြိုင်ပွဲကို မေ ၁၃ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်သည်။

ရဲရင့်လွင်၊ ဓာတ်ပုံ - အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန

ဆီးဂိမ်း အမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ် အင်ဒိုနီးရှားနှင့် ထိုင်းအနိုင်ရပြီး မြန်မာအသင်း ရှုံးနိမ့်

နေပြည်တော် မေ ၁၃

(၃၂) ကြိမ်မြောက် ဆီးဂိမ်းအမျိုးသားဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို မေ ၁၃ ရက်က ဆက်လက်ကျင်းပရာ ထိုင်းနှင့် အင်ဒိုနီးရှားအသင်း ဗိုလ်လုပွဲတက်ရောက်သွားပြီး မြန်မာအသင်း ရှုံးပွဲကြုံတွေ့ခဲ့သည်။

ဗိုလ်လုပွဲမျှော်လင့်ချက်ပျက်ပြယ်

မြန်မာအသင်းသည် ဆီမီးဖိုင်နယ်ပွဲအဖြစ် နာမည်ကြီး ထိုင်းအသင်းနှင့် ယှဉ်ပြိုင်ကစားရာ သုံးဂိုး-ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။ မြန်မာအသင်း၏ ဗိုလ်လုပွဲတက်ရေးမျှော်လင့်ချက်မှာ ထိုင်းကို အရေးနိမ့်ပြီး ပျက်ပြယ်ခဲ့ရသည်။ ထိုင်းအသင်းသည် ပြိုင်ပွဲတစ်လျှောက် ရှုံးပွဲမရှိသေးသည့် မှတ်တမ်းကောင်းကို ဆက်ထိန်းကာ ဗိုလ်လုပွဲတက်ရောက်သွားခြင်းဖြစ်ပြီး ပြိုင်ပွဲတစ်လျှောက် ပွဲတိုင်းအနိုင်ရလာသည့် အင်ဒိုနီးရှားအသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

မြန်မာအသင်းမှကစားသမား ထိုင်းအသင်းဘက်သို့ ထိုးဖောက်ကစားစဉ်။

မြန်မာအသင်းတွင် ပွဲပယ်ကစားသမားရှိသဖြင့် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ ပြုလုပ်ခဲ့ပြီး ပြည့်ဖြိုးသူ **(ဂိုး)**၊ ညဏ်လင်းထက်၊ သက်ဟိန်းစိုး၊ နောင်နောင်စိုး၊ အာကာကျော်၊ ခွန်ကျော်ဇင်ဟိန်း၊ ကောင်းထက်ပိုင်၊ ရန်ကျော်စိုး၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင်၊ ဟိန်းထက်အောင်တို့ ပါဝင်ကစားခဲ့သည်။ မြန်မာအသင်းသည်ဗိုလ်လုပွဲတက်ရောက်နိုင်ရန် ထိုင်းကို အကောင်းဆုံးတုံ့ပြန်ကစားခဲ့သည်။ ထိုင်းအသင်းကလည်း ပွဲစကတည်းက တိုက်စစ်ဖွင့်ကစားခဲ့ရာ ဂိုးသွင်းခွင့်များ ရခဲ့သော်လည်း အဆုံးသတ်အားနည်းခြင်း၊ မြန်မာအသင်း ခံစစ်အမှားမရှိခြင်းကြောင့် ၃၇ မိနစ်မှ ဂိုးရခဲ့သည်။ ယင်းဂိုး ကို တီယာဆတ်ခ်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် မြန်မာအသင်း ချေပဂိုးရရန် ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့သလို ထိုင်းအသင်းကလည်း ဂိုးထပ်မံရရှိရန် ကြိုးပမ်းခဲ့သည်။ ထိုင်းအသင်းအတွက် အနိုင်ဂိုးများကို ၈၅ မိနစ်တွင် လီယိုဂျိမ်းစ်နှင့် ၉၀+၇ မိနစ်တွင် အာနန်တို့က သွင်းယူခဲ့သည်။

တတိယနေရာလုပွဲ

ဆီမီးဖိုင်နယ် ပထမပွဲတွင် အင်ဒိုနီးရှားအသင်းက ဗီယက်နမ်အသင်းကို သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ မေ ၁၆ ရက်တွင် တတိယနေရာလုပွဲအဖြစ် ဗီယက်နမ်အသင်းနှင့် မြန်မာအသင်း၊ ဗိုလ်လုပွဲအဖြစ် အင်ဒိုနီးရှားအသင်းနှင့် ထိုင်းအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-MFF

(၃၂) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ နိုင်ငံအလိုက် ဆုတံဆိပ်ရရှိမှု ၁၃ - ၅ - ၂၀၂၃

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	ဗီယက်နမ်	၈၇	၂၉	၈၇	၂၅၃
၂	ထိုင်း	၇၈	၅၂	၇၆	၂၀၆
၃	ကမ္ဘောဒီးယား	၅၉	၅၃	၈၀	၁၉၂
၄	အင်ဒိုနီးရှား	၅၇	၅၃	၇၂	၁၈၂
၅	စင်ကာပူ	၄၁	၃၃	၄၃	၁၁၇
၆	ဖိလစ်ပိုင်	၃၇	၆၄	၇၇	၁၇၈
၇	မလေးရှား	၂၈	၃၇	၇၃	၁၃၈
၈	မြန်မာ	၁၇	၁၆	၄၈	၈၁
၉	လာအို	၆	၁၇	၄၈	၇၁
၁၀	ဘရူနိုင်း	၂	၁	၆	၉
၁၁	တီမောလက်စ်တေ	၀	၀	၄	၄

ကျော်လင်း-စုစည်းသည်

ဆီးဂိမ်းပိုက်ကျော်ခြင်း နှစ်ယောက်တွဲ အမျိုးသားအသင်းလိုက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မြန်မာအသင်း ရှုံးနိမ့်

နေပြည်တော် မေ ၁၃

ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပိုက်ကျော်ခြင်း နှစ်ယောက်တွဲအမျိုးသားအသင်းလိုက်ပြိုင်ပွဲ ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို မေ ၁၃ ရက်က ဆက်လက်ကျင်းပရာ မြန်မာအသင်း ငွေတံဆိပ်ရရှိခဲ့သည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များတွင် မြန်မာအသင်းက ဗီယက်နမ်အသင်းကို နှစ်ပွဲ-တစ်ပွဲ၊ အင်ဒိုနီးရှားအသင်းက လာအိုအသင်းကို နှစ်ပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲ တက်ရောက်ခဲ့သည်။ ဗိုလ်လုပွဲတွင် မြန်မာအသင်းနှင့် အင်ဒိုနီးရှားအသင်း ယှဉ်ပြိုင်ကစားရာ အင်ဒိုနီးရှားအသင်းက နှစ်ပွဲ-ပွဲမရှိဖြင့် အနိုင်ရရှိပြီး ရွှေတံဆိပ်ဆုရရှိခဲ့သည်။

မြန်မာပိုက်ကျော်ခြင်းအသင်းသည် နှစ်ယောက်တွဲ အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတွင် ထပ်မံယှဉ်ပြိုင်မည်ဖြစ်သည်။

ရဲရင့်လွင်

ဘရိုက်တန်ကို အနိုင်ရမှ အာဆင်နယ်ရဲ့ချန်ပီယံမျှော်လင့်ချက် ဆက်လက်ရှင်သန်မယ်

ပရီမီယာလိဂ်ပြိုင်ပွဲတွေ ပြီးဆုံးဖို့ တဖြည်းဖြည်းနီးကပ်လာပေမယ့် အမှတ်ပေးဖလား ဆွတ်ခူးရေး၊ ချန်ပီယံလိဂ်ဝင်ခွင့်၊ ယူရိုပါလိဂ်ဝင်ခွင့်၊ ကွန်ဖရန့်လိဂ်ဝင်ခွင့်နဲ့ ပရီမီယာလိဂ်တင်ကျန်ရေးတို့မှာ ရလဒ်ပြတ်ပြတ်သားသား ထွက်ပေါ်ထားခြင်းမရှိတာကြောင့် လက်ကျန်ပွဲစဉ်တွေမှာ အကြိတ်အနယ်ယှဉ်ပြိုင်ကစားရဦးမှာ ဖြစ်တယ်။ ဒီတစ်ပတ်မှာ မန်စီးတီးက အဲဗာတန်၊ အာဆင်နယ်က ဘရိုက်တန်အသင်းတို့နဲ့ တွေ့ဆုံနေပါတယ်။

ဘရန့်ဖို့ဒ်နှင့် ဝက်စ်ဟမ်း

ဘရန့်ဖို့ဒ်က အမှတ်ပေးဇယားအထက်ပိုင်း တက်လှမ်းဖို့ ကြိုးစားလာမှာဖြစ်ပြီး ပြိုင်ဘက်ဝက်စ်ဟမ်းက ရလဒ်ကောင်းရရှိဖို့ ကြိုးစားလာမှာဖြစ်တာကြောင့် အကြိတ်အနယ်ရှိလာမှာ သေချာတယ်။ ဘရန့်ဖို့ဒ်အသင်းထက် ဝက်စ်ဟမ်းအသင်းရဲ့ ရှန်းအားကို ကြည့်ရမယ်။

အဲဗာတန်နှင့် မန်စီးတီး

ဒီပွဲစဉ်မှာ တန်းဆင်းဇုန်ဖိအားအနည်းငယ် လျှော့ချနိုင်မယ့် အဲဗာတန်အသင်းအနေနဲ့ အမှတ်ပေးဇယားကို ပြတ်သားတဲ့ရလဒ်နဲ့ ဦးဆောင်ဖို့ ကြိုးစားလာမယ့် မန်စီးတီးအသင်းကို အနိုင်ရဖို့ မလွယ်ဘူး။ ဒါ့အပြင် အဲဗာတန်က အိမ်ကွင်း ခြေစွမ်းကောင်းမွန်မှုရှိပေမယ့် တိုက်စစ်ထက်မြက်ပြီး ခံစစ်ကောင်းမွန်တဲ့ မန်စီးတီးအသင်းကို ယှဉ်ဖို့ခက်မယ်။ အပြန်အလှန် သွင်းဂိုးတွေ မြင်တွေ့ရဖွယ်ရှိပြီး မန်စီးတီး နိုင်ဖွယ်ရာရှိတယ်။

အာဆင်နယ်နှင့် ဘရိုက်တန်

အမှတ်ပေးဇယားရပ်တည်မှုအရ အာဆင်နယ်ရော ဘရိုက်တန်အသင်းပါ နိုင်ပွဲရဖို့ လိုအပ်နေတယ်။ အာဆင်နယ်က အမှတ်ပေးဖလားဆွတ်ခူးရေးမျှော်လင့်ချက် ဆက်လက်ရှင်သန်ရေး ကြိုးစားလာမှာဖြစ်သလို ဘရိုက်တန်အသင်းကလည်း ဥရောပဝင်ခွင့် တစ်နေရာရရှိရေး မျှော်လင့်ချက်အတွက် အားစိုက်ကစားလာမှာ ဖြစ်တယ်။ ခက်ခက်ခဲခဲကစားပြီး အာဆင်နယ် အသာရဖွယ်ရှိတယ်။

မန်ယူနိုင်ပြီး စပါး ရှုံးပွဲကြုံ

ပရီမီယာလိဂ် ပွဲစဉ် (၃၆) ပြိုင်ပွဲများကို မေ ၁၃ ရက် ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူနိုင်ပြီး စပါးတို့ အဝေးကွင်း၌ ရှုံးကာ ချယ်ဆီးတို့က သရေပွဲကြုံတွေ့ခဲ့သည်။

မန်ယူနှင့် ဝုလ်ဖ်တို့ပွဲတွင် မန်ယူအတွက် အနိုင်ဂိုးကို မာစီရယ်က ပွဲချိန် ၃၂ မိနစ်နှင့် ဂါနာချိုက ပွဲပြီးခါနီး အချိန်ပို လေးမိနစ်တွင် သွင်းယူပေးခဲ့သည်။ ယခုပွဲအနိုင်ကြောင့် မန်ယူတို့ ၃၅ ပွဲကစား ၆၆ မှတ်ရရှိထားသည်။ အခြားပွဲစဉ်များတွင် စပါးက အဝေးကွင်း၌ ဗီလာကို နှစ်ဂိုး - တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး လိဒ်နှင့် နယူးကာဆယ် နှစ်ဂိုးစီသရေ၊ ချယ်ဆီးနှင့် နော်တင်ဟမ် နှစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည်။ ပဲလေ့စ်က ဘုန်းမောက်ကို နှစ်ဂိုး- ဂိုးမရှိဖြင့် အနိုင်ရပြီး ဆောက်သမ်တန်က ဖူလ်ဟမ်ကို နှစ်ဂိုး - ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည်။

■ မိုးဇက် - စုစည်းသည်

ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် ပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့တက်ရောက်

ဟားခါး မေ ၁၃

ချင်းပြည်နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၂၃)ကို မေ ၁၂ ရက် နံနက် ၁၀ နာရီခွဲက ဟားခါးမြို့ ပြည်နယ်အစိုးရအဖွဲ့ရုံးရှိ အစည်းအဝေးခန်းမ၌ ကျင်းပရာ ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန် တက်ရောက်အမှာစကားပြောကြားသည်။**(ယာပုံ)**

ကူညီကယ်ဆယ်ရေးကြိုတင်ပြင်ဆင်

အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ၊ ကျောက်ဖြူမြို့တို့အကြား စစ်တွေမြို့အနီးမှ ဖြတ်ကျော်ဝင်ရောက်နိုင်ကြောင်းကို သက်ဆိုင်ရာဌာနမှ ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကူညီကယ်ဆယ်ရေးအတွက် ကြိုတင်ပြင်ဆင်မှု၊ ဖွဲ့စည်းမှုနှင့် လုပ်ငန်းတာဝန်များ မည်မျှအရေးကြီးသည်ကို သုံးသပ်ရန်လိုအပ်ကြောင်း၊ ကြိုတင်ပြင်ဆင်ထားရှိသည့် အစုအဖွဲ့အင်အားနှင့်စုစည်းမှုကို အကောင်းဆုံးပြင်ဆင်ရမည်ဖြစ်ကြောင်း၊ Disaster Management Centre (DMC) ကွပ်ကဲမှုဌာနကိုလည်း လူမှုရေးရာဝန်ကြီးက ဦးစီး၍ ဖွဲ့စည်းထားပြီး ဖြစ်ပါကြောင်း၊ ကော်မတီဖွဲ့စည်းထားပေးပြီး ဖြစ်သော်လည်း အားလုံးပူးပေါင်းပါဝင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကော်မတီအသီးသီးကလည်း ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့်အစီအမံများ ရေးဆွဲထားပြီးဖြစ်သဖြင့် လက်တွေ့ကျကျ ဆောင်ရွက်ပြီး၊ ဆောင်ရွက်ဆဲ လုပ်ငန်းများကို သတင်းပို့ရမည်ဖြစ်ကြောင်း၊ Resource နည်းခြင်း၊ များခြင်းသည်အရေးမကြီးဘဲ လုပ်ငန်းတာဝန်များကို မြန်ဆန်သွက်လက်စွာ ဆောင်ရွက်ရန်သာ လိုအပ်ကြောင်း၊ ယခုအချိန်သည် မုန်တိုင်းအရေးပေါ်ကာလဖြစ်သည့်အတွက် မည်သို့ပူးပေါင်းဆောင်ရွက်ရမည်၊ မည်ကဲ့သို့တိုင်ပင်၊ ကြံဆ ဆောင်ရွက်ရမည်ကိုပဲ စဉ်းစားဆွေးနွေးတင်ပြစေလိုကြောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ အနောက်မြောက်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်က ယခုအချိန်တွင် လုပ်ငန်းကော်မတီများအားလုံးက ရာနှုန်းပြည့်နီးပါး ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်ရမည့်အပြင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ကြိုတင်စီမံထားရှိသည့်အတိုင်း ဆောင်ရွက်နိုင်ရန်အတွက် သရုပ်ပြလေ့ကျင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကြိုတင်ပြင်ဆင်မှုအားကောင်းလေ ဆုံးရှုံးပျက်စီးမှုနည်းလေဖြစ်မည်ဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့်ကော်မတီဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများဖြစ်ကြသည့် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊

ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်းနှင့် ပြည်နယ်ဥပဒေချုပ် ဦးဆွန်ဒုတ်ကျင့်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမောင်မောင်ဆန်း၊ နယ်မြေခံတပ်မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး ကျော်ဇင်အေးနှင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မိုးများစွာရွာသွန်းမှုကြောင့် မြေပြိုမှုများဖြစ်ပွားနိုင်သည့်အတွက် အန္တရာယ်ရှိနိုင်သည့်နေရာများတွင်နေထိုင်သော ပြည်သူများအား ယာယီခိုလှုံရန် သတ်မှတ်နေရာများသို့ အမြန်ရွှေ့ပြောင်းရန်လိုအပ်ကြောင်း၊ မြို့နယ်အလိုက် ဒေသန္တရအမိန့်များ ထုတ်ပြန်ရမည်ဖြစ်ကြောင်း၊ မြို့နယ်အလိုက် စုဆောင်းထားရှိသည့် ဆန်၊ ဆီ၊ ဆား၊ ပဲ၊ ငါးပိများကို သတ်မှတ်သည့် ယာယီခိုလှုံရာနေရာများသို့ တစ်ပတ်စာ ကြိုတင်ထုတ်ပေးထားရန်နှင့် ဆက်သွယ်ရေးမပြတ်တောက်စေရေးအတွက် ဌာနဆိုင်ရာများ ပူးပေါင်းဆောင်ရွက်ရန်၊ Icon စက်များ တပ်ဆင်ပေးရန်လိုကြောင်း အကြံပြုဆွေးနွေးတင်ပြသည်။

အကြံပြုဖြည့်စွက်ဆွေးနွေး

ဆွေးနွေးတင်ပြချက်များအပေါ် ဒုတိယတိုင်းမှူးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က အကြံပြုဖြည့်စွက်ဆွေးနွေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

ခရိုင် (ပြန်/ဆက်)

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့နယ်၌ ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သည့် စားရေရိက္ခာများကို မုန်တိုင်းခိုလှုံရာနေရာများရှိ ပြည်သူများအား မေ ၁၃ ရက်က မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်စံဝင်းနှင့် တာဝန်ရှိသူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များက ထောက်ပံ့ပေးအပ်စဉ်။

နီထွန်းအောင် (ပြန်/ဆက်)

❖ *ကျောဖုံးမှ*

ယနေ့တွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ရခိုင်ပြည်နယ် စစ်တွေမြို့သို့ ပို့ဆောင်လိုသည့် လူသုံးကုန်ပစ္စည်းများ၊ ကယ်ဆယ်ရေးပစ္စည်းများကို ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်လမ်းပို့ဆောင်ရေး၊ ကုန်စည်ပို့ဆောင်ရေးဌာနခွဲမှ ကုန်တင်ယာဉ် နှစ်စီးဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ်တွင် မုန်တိုင်းအန္တရာယ်ကျရောက်နိုင်သည့် ကျေးရွာများ၌ နေထိုင်ကြသည့် ပြည်သူများအား မေ ၁၃ ရက်က ယာယီခိုလှုံရာစခန်းများသို့ ရွှေ့ပြောင်းပို့ဆောင်ပေးစဉ်။

မြို့နယ် (ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၄-၅-၂၀၂၃ ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
92 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
95 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (500 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (50 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (10 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၈၁၀	၁၈၇၉
95 Ron	၁၈၉၆	၁၉၆၇
HSD (500 ppm)	၁၇၆၆	၁၈၃၁
HSD (50 ppm)	၁၈၄၀	၁၉၀၆
HSD (10 ppm)	၁၈၄၀	၁၉၀၆

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၀၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၃၆ ဦး တွေ့ရှိ

(၁၃-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်- ၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၂-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁၃-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၀၇၈) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၃၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၁.၅) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၅၀၃,၀၀၈) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၇,၁၀၃) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၄၃) ဦးရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၅,၈၆၃) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ (၁) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

စစ်တွေမြို့နယ်အတွင်း မုန်တိုင်းအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများပြားနိုင်သော အနိမ့်ပိုင်းရပ်ကွက်များနှင့် ပင်လယ်ကမ်းခြေတစ်လျှောက်ရှိ ကျေးရွာများမှ ဒေသခံပြည်သူများကို မုန်တိုင်းဒဏ်ခံကာကွယ်ရေးအဆောက်အဦများနှင့် ယာယီခိုလှုံရာစခန်းများသို့ ကူညီရွှေ့ပြောင်း

နေပြည်တော် မေ ၁၃

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတွင် ဖြစ်ပေါ်လျက်ရှိသည့် လေဖိအားနည်းရပ်ဝန်းသည် တဖြည်းဖြည်း အားကောင်းလာကာ ဆိုင်ကလုန်းမုန်တိုင်းအဖြစ်သို့ ရောက်ရှိလာနိုင်ပြီး ခန့်မှန်းချက်များအရ မြန်မာနိုင်ငံဘက်သို့ ဖြတ်သန်းဝင်ရောက်နိုင်သည့် အခြေအနေရှိသဖြင့် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အရေးပေါ်စီမံခန့်ခွဲခြင်း၊ တုံ့ပြန်ခြင်း၊ ကယ်ဆယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ အသင့်ပြင်ဆင်စုဖွဲ့ထားရှိခြင်း၊ ပြန်လည်ထူထောင်ရေးဆိုင်ရာ ကိုယ်စီလုပ်ငန်းတာဝန်များအား သရုပ်ပြလေ့ကျင့်ခြင်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ဆောင်ရွက်လျက်ရှိသည်။

ထောက်ပံ့ပေးအပ်

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ရေကြည်မြို့တို့၌လည်းကောင်း၊ ချင်းပြည်နယ် ဟားခါးမြို့ရှိ ပြည်နယ်မီးသတ်ရုံးနေရာ၌လည်းကောင်း အသီးသီးစုဖွဲ့၍ နယ်မြေခံတပ်မတော်သားများက ပြည်သူ့စစ် (ဌာနေ) တပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေး အဖွဲ့များ၊ ဒေသခံတိုင်းရင်းသား ပြည်သူများနှင့် ပူးပေါင်း၍ သရုပ်ပြလေ့ကျင့်မှုများ၊ ပြင်ဆင်စုဖွဲ့မှုများကို ဆောင်ရွက်ကြသည်။ ယင်းသို့ ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့မှ ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးပစ္စည်းများနှင့် အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ကြိုတင်ပြင်ဆင်ထားရှိ

ထို့ပြင် သဘာဝဘေးအန္တရာယ်ကျရောက်လာပါက ဒေသခံပြည်သူများအား အချိန်နှင့် တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး အတွက် သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေး အဖွဲ့များ ကြိုတင်ပြင်ဆင်ထားရှိခြင်း၊ ကယ်ဆယ်ရေး ပစ္စည်းများနှင့် အခြား အထောက်အကူပြုပစ္စည်းများ သိုလှောင်ထားရှိခြင်း၊ မုန်တိုင်းဒဏ်ခံ ကာကွယ်ရေးအဆောက်အဦ (Cyclone Shelter) များ ပြင်ဆင်ထားရှိခြင်း၊ ရိက္ခာအမယ် ငါးမျိုးနှင့် သောက်သုံးရေလုံလောက်စွာရရှိရန် ဆောင်ရွက်ထားရှိခြင်းတို့ကို သက်ဆိုင်ရာနယ်မြေအလိုက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး သဘာဝဘေးအန္တရာယ် သရုပ်ပြလေ့ကျင့်မှုတွင် ခင်းကျင်းပြသထားသည်များကို ကြည့်ရှုစဉ်။

ရွှေ့ပြောင်းနေရာချထားပေး

ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်း မုန်တိုင်းအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုများပြားနိုင်သော အနိမ့်ပိုင်းရပ်ကွက်များနှင့် ပင်လယ်ကမ်းခြေတစ်လျှောက် ကျေးရွာများမှ ဒေသခံပြည်သူများကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် စစ်တွေတပ်နယ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်သည့် ကူညီကယ်ဆယ်ရေး အဖွဲ့များက မုန်တိုင်းဒဏ်ခံ ကာကွယ်ရေး အဆောက်အဦ (Cyclone Shelter) များ၊ မူလစီမံသတ်မှတ်ထားသည့် ယာယီခိုလှုံရာစခန်းအသီးသီးတွင် စနစ်တကျ ရွှေ့ပြောင်းနေရာချထားပေးမှုနှင့် ကျန်းမာရေးစောင့်ရှောက်ပေးနေမှုတို့ကို အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ပေါင်းစပ်ညှိနှိုင်းပေး

ထို့အပြင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး အစည်းအဝေး တက်ရောက် လာကြသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ရွှေ့ပြောင်းခြင်းလုပ်ငန်းများဆောင်ရွက်

နေပြည်တော် မေ ၁၃

ပြည်ထဲရေးဝန်ကြီးဌာနကွပ်ကဲမှုအောက်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် မီးသတ်ဦးစီးဌာနတို့မှ မုန်တိုင်းဘေးအန္တရာယ် ကျရောက်လာပါက ကူညီကယ်ဆယ်ရေး လုပ်ငန်းများ၊ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများနှင့် အရေးပေါ်ပြုစုခြင်း၊ အရေးပေါ်ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများကို လျင်မြန်စွာ တုံ့ပြန်ဆောင်ရွက်နိုင်ရေး အတွက် တိုင်းဒေသကြီး/ပြည်နယ်အသီးသီး၌ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ၊ ဘေးအန္တရာယ်ကျရောက်နိုင်သောနေရာများမှ ပြည်သူများအား ကြိုတင်ရွှေ့ပြောင်းပေးခြင်းများ၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းသုံးပစ္စည်းကိရိယာများ၊ ရိက္ခာများအသင့်စုဖွဲ့ထားရှိခြင်းများ၊ သောက်သုံးရေလုံလောက်စွာရရှိရန်ဆောင်ရွက်ခြင်းများကို အရှိန်အဟုန်ဖြင့် ဆက်လက် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် ဗန်းမော်မြို့နယ်တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ်တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၊ မိတ္ထီလာမြို့နယ်၊ ညောင်ဦးမြို့နယ်၊ ပြင်ဦးလွင်မြို့နယ်၊ တံတားဦးမြို့နယ်တို့တွင်လည်းကောင်း၊ ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ်၊ ဂွမြို့နယ်၊ စစ်တွေမြို့နယ်၊ တောင်ကုတ်မြို့နယ်၊ ပုဏ္ဏားကျွန်းမြို့နယ်၊ ပေါက်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်၊ မင်းပြားမြို့နယ်၊ မာန်အောင်မြို့နယ်၊ မြေပုံမြို့နယ်၊ မြောက်ဦးမြို့နယ်၊ ရသေ့တောင်မြို့နယ်၊ ရမ်းဗြဲမြို့နယ်၊ သံတွဲမြို့နယ်၊ အမ်းမြို့နယ်တို့တွင် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တွင် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၊ ကျုံပျော်မြို့နယ်၊ ငသိုင်းချောင်းမြို့နယ်၊ ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့နယ်၊ ပုသိမ်မြို့နယ်၊ ဖျာပုံမြို့နယ်၊ မော်လမြိုင်ကျွန်းမြို့နယ်၊ ဒေးဒရဲမြို့နယ်၊ ကျိုက်လတ်မြို့နယ်၊ ရေကြည်မြို့နယ်၊ လပွတ္တာမြို့နယ်၊ သာပေါင်းမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့တို့တွင်လည်းကောင်း ပြည်ထဲရေးဝန်ကြီးဌာန ကွပ်ကဲမှုအောက်ရှိတပ်ဖွဲ့/ဦးစီးဌာနတို့မှ တပ်ဖွဲ့ဝင်/ဝန်ထမ်းများက သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်များ၊ ခရိုင်များ၊ မြို့နယ်အသီးသီးတို့တွင် ပြည်သူများအား အသိပေးနှိုးဆော်ခြင်းများ၊ အသိပညာပေးခြင်းများကို ဆောင်ရွက်ခဲ့ပြီး ဘေးအန္တရာယ် ကျရောက်နိုင်သော နေရာများမှ ပြည်သူများအား ကြိုတင်ရွှေ့ပြောင်းပေးခြင်း၊ မိုးသက်လေပြင်း ကျရောက်ခြင်းကြောင့် သစ်ပင်များ လဲကျ၍ လမ်းပိတ်ဆို့မှု၊ ချောင်းရေကျော်နေမှုကြောင့် သွားလာရေးခက်ခဲမှုများကို ကူညီဆောင်ရွက်ပေးခြင်းနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ၊ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ၊ အရေးပေါ်ပြုစုခြင်း၊ အရေးပေါ်ရွှေ့ပြောင်းပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည်ဖြင့် မုန်တိုင်းဘေးအန္တရာယ် လျင်မြန်စွာတုံ့ပြန် ဆောင်ရွက်နိုင်ရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**





၁၃-၅-၂၀၂၃ ရက် ၁၆၀၀ နာရီ တိုင်းတာချက်အရ ဘင်္ဂလား ပင်လယ်အော်တွင် ဖြစ်ပေါ်နေသည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်း မုန်တိုင်း (Mocha)၏ ခန့်မှန်း လမ်းကြောင်းပြပုံ (GFS Model)



၁၃-၅-၂၀၂၃ ရက် ၁၆၀၀ နာရီ တိုင်းတာချက်အရ ဘင်္ဂလား ပင်လယ်အော်တွင် ဖြစ်ပေါ်နေသည့် အလွန့်အလွန် အားကောင်းသော ဆိုင်ကလုန်း မုန်တိုင်း (Mocha)၏ ခန့်မှန်း လမ်းကြောင်းပြပုံ (ECMWF Model)

❒ *ကျော်ဖုံးမှ*

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၂၇၀ မိုင်ခန့်အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။ မုန်တိုင်း၏ လက်ရှိအခြေအနေကို အနီရောင်အဆင့်ဟု သတ်မှတ်သည်။

အလွန့်အလွန်အားကောင်းသောဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ၏ တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့် လေတိုက်နှုန်း

အဆိုပါအလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" သည် မြန်မာစံတော်ချိန် ည ၉ နာရီခွဲအချိန်တွင် မြောက်လတ္တီကျု(၁၇.၁)ဒီဂရီနှင့် အရှေ့လောင်ဂျီကျု (၉၁.၀)ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား (၉၄၄)ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၂၀ မှ မိုင် ၁၃၀ နှုန်းခန့် ဖြစ်သည်။

နောက်(၄၈)နာရီအတွင်း ခန့်မှန်းချက်

အဆိုပါ အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"သည် မြောက်-အရှေ့မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး (၁၄.၅.၂၀၂၃)ရက် နံနက်ပိုင်းမှစ၍ ရခိုင်ကမ်းရိုးတန်းကို စတင်ဖြတ်ကျော်နိုင်ကာ (၁၄.၅.၂၀၂၃)ရက် နေ့လယ်ပိုင်းတွင် မုန်တိုင်း၏ ဗဟိုချက်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကော့ဘဇားမြို့နှင့် မြန်မာနိုင်ငံ ကျောက်ဖြူမြို့တို့အကြား စစ်တွေမြို့အနီးမှအလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" အနေဖြင့် ဖြတ်ကျော်ဝင်ရောက်နိုင်သည်။ ထို့နောက် မြောက်-အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်ပြီး ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးဆီသို့ အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" အနေဖြင့် ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

သတိပေးနှိုးဆော်ချက်

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" ၏အရှိန်ကြောင့် ယနေ့ ညမှ (၁၅.၅.၂၀၂၃) ရက်အတွင်း နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် နေပြည်တော်၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။

သို့ဖြစ်ပါ၍ ယနေ့ညမှ (၁၄.၅.၂၀၂၃)ရက်အတွင်း ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ်ရေပြင်/ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၁၁၀ မှ မိုင် ၁၂၀ ခန့်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၆ ပေမှ ပေ ၂၀ ခန့် ရှိနိုင်သည်။ မြစ်ဝကျွန်းပေါ် ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် မကြာခဏ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၅၀ မှ မိုင် ၇၀ ခန့်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၄ ပေခန့် ရှိနိုင်သည်။

ယနေ့ညမှ (၁၅.၅.၂၀၂၃)ရက်အတွင်း ရခိုင်ပြည်နယ်တွင်အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၁၁၀ မှ မိုင် ၁၂၀ ခန့်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ချင်းပြည်နယ်တို့တွင် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၇၀ မှ မိုင် ၉၀ ခန့်အထိနှင့် နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် မိုင် ၄၀ မှ မိုင် ၆၀ ခန့်အထိ တိုက်ခတ်နိုင်သည်ဟု ခန့်မှန်းရသည်။

မုန်တိုင်းဖြတ်ကျော်စဉ် မုန်တိုင်းဒီရေမှာ ရခိုင်ပြည်နယ် စစ်တွေခရိုင်၊ ကျောက်ဖြူခရိုင်နှင့် မောင်တောခရိုင်တို့ရှိ မြစ်ဝ၊ မြစ်လက်တက်များအတွင်း ၁၆ ပေမှ ပေ ၂၀ ခန့်အထိ မြင့်တက်လာနိုင်သည်ဟု ခန့်မှန်းရသည်။

အဆိုပါအလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ"၏ အရှိန်ကြောင့် မုန်တိုင်းဒီရေမြင့်တက်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့်အတူ မြေပြိုခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်တွင် နေထိုင်ကြသူများအနေဖြင့် မုန်တိုင်းဒီရေအန္တရာယ်ကို ကြိုတင်သတိပြုရှောင်ရှားကြပါရန်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများနှင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်ကို ကြိုတင်သတိပြုနေထိုင်ကြပါရန်၊ ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်သို့ လုံးဝ (လုံးဝ)မထွက်ရန်နှင့် ပြည်သူလူထုအနေဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ချက်များကို စောင့်ကြည့်၍ လိုအပ်သည့် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်သွားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

မုန်တိုင်းအသိပညာပေး

မုန်တိုင်းအတွက် ကြိုတင်ပြင်ဆင်ရန်များ

၁။ မိမိအိမ်ပတ်ဝန်းကျင်တွင် ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ။

၂။ အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

၃။ မိသားစုများ အရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ။

၄။ အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် မေ ၁၃

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှု များကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ် ဆင်းကွတ်(အရှေ့)ကျေးရွာနေထိုင်သူများဖြစ်သည့် ခင်နွယ်ဝင်း(ခ)ပေါက်စနှင့် သူဇာလှိုင်(ခ)မိချဲတို့သည် ၎င်းတို့အသုံးပြုသည့် “Pauk Sa” Facebook အကောင့်နှင့် “Mi Chal” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မုက္ခမူကျေးရွာနေ ကွင်းဒသကြီး အခြေခံပညာအလယ်တန်းကျောင်းခွဲမှ ကျောင်းအုပ်ဆရာမကြီးဖြစ်သူ ခင်အေးမြင့်သည် ၎င်းအသုံးပြုသည့် “Su Su” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် သီရိရတနာလမ်း အမှတ် (၃)ရပ်ကွက်နေ ဇော်ဝင်းနှင့် သီရိဇေယျာလမ်း အမှတ်(၁၅)ရပ်ကွက်နေ အောင်ဇင်ထွန်း(ခ)အောင်ကြီး တို့သည် ၎င်းအသုံးပြုသည့် “Zaw Win” Facebook အကောင့်နှင့် “Aung Gyi” Facebook အကောင့်၊ ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ် ခေနန်ကျေးရွာနေ ယုယုနှင်း(ခ) ရွှေဥသည် ၎င်းအသုံးပြုသည့် “Yu Yu Hinn” Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

မုန်တိုင်းအသိပညာပေး

မုန်တိုင်းဖြစ်ပေါ်ပြီးချိန်တွင် ပြုလုပ်ရန် အချက်များ

၁။ မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ။
၂။ အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင် သစ်ကိုင်းများ သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ။
၃။ အိမ်၏ခိုင်ခံ့မှုအနေအထားနှင့် အဆိပ်ရှိသော တိရစ္ဆာန်များ အိမ်ခြံအတွင်း ရှိ/မရှိ စစ်ဆေးပါ။
၄။ သန့်ရှင်းသောသောက်သုံးရေ (သို့) ကျိုချက်ထားသောရေ (သို့) ရေသန့်ဆေးခတ်ထားသောရေကိုသာ အမြဲသောက်သုံးပါ။
၅။ ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

မုန်တိုင်းဖြစ်ပြီးချိန်တွင် ရှောင်ရှားသင့်သည့် အချက်များ

၁။ သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသ သတင်းများကို စဉ်ဆက်မပြတ်နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ။ အခြားသူများကို မျှဝေပါ။ ကောလာဟလ သတင်းများကို မယုံပါနှင့်။
၂။ မလိုအပ်ဘဲ အပြင်မထွက်ပါနှင့်။
၃။ မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်။
၄။ ပြိုကျပျက်စီးနေသော အဆောက်အအုံများ၊ သစ်ပင်များ၊ တောင်စောင်းများသို့ မသွားပါနှင့်။

ရခိုင်ပြည်နယ် မြေပုံမြို့နယ်တွင် မေ ၁၃ ရက်က မုန်တိုင်းအန္တရာယ် ကျရောက်နိုင်သောနေရာများမှ ပြည်သူများနှင့် ပစ္စည်းများအား တာဝန်ရှိသူများ ကြီးကြပ်မှုဖြင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့စဉ်။ တင်ဝင်း(ပြန်/ဆက်)

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်တွင် မေ ၁၃ ရက်က မုန်တိုင်းအန္တရာယ် ကျရောက်နိုင်သောနေရာများမှ ပြည်သူများနှင့် ပစ္စည်းများအား တာဝန်ရှိသူများ ကြီးကြပ်မှုဖြင့် ဘေးလွတ်ရာသို့ ပြောင်းရွှေ့စဉ်။ ဝင်းမင်းစိုး(ပြန်/ဆက်)

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်တွင် မေ ၁၃ ရက်က မုန်တိုင်းအန္တရာယ် ကျရောက်နိုင်သောနေရာများမှ ပြည်သူများ ဘေးလွတ်ရာသို့ ပြောင်းရွှေ့စဉ်။ မြို့နယ်(ပြန်/ဆက်)

မြန်မာ့အလင်း

စာတည်းမှူးချုပ်	-	အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	-	မြင့်စိုး
သတင်းထောက်မှူး	-	ခင်ရတနာ
စာတည်းများ	-	ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန် စာတည်း	-	ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ	-	ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ	-	ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက်	-	တင်စိုး
သုတေသန	-	အိအိခင်နှင့် အဖွဲ့
စာပြင်	-	အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	-	သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	-	သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	-	(၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	-	(၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၀၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News

ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၃- ၅ - ၂၀၂၃

ရွှေ		
အကယ်ဒမီမီးလင်းရွှေအဖွင့်ဈေး	တစ်ကျပ်သား ကျပ်	၂၃၉၉၂၀၀
အကယ်ဒမီမီးလင်းရွှေအပိတ်ဈေး	တစ်ကျပ်သား ကျပ်	၂၃၆၅၆၀၀
ကမ္ဘာ့ရွှေဈေးအဖွင့်ဈေး	တစ်အောင်စ အမေရိကန်ဒေါ်လာ	၂၀၁၁
ကမ္ဘာ့ရွှေဈေးအပိတ်ဈေး	တစ်အောင်စ အမေရိကန်ဒေါ်လာ	၂၀၀၈

(ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းမှ ရယူပါသည်)

စက်သုံးဆီ(လက်လီဈေးနှုန်းများ)		
စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၁၉၁၅ ကျပ်	၁၉၆၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၁၉၉၅ ကျပ်	၂၀၄၀ ကျပ်
အောက်တိန်း ၉၂	၁၉၅၅ ကျပ်	၂၀၀၀ ကျပ်
အောက်တိန်း ၉၅	၂၀၄၅ ကျပ်	၂၀၉၅ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

နိုင်ငံတကာ ငွေကြေးများ			
အမေရိကန်	တစ်ဒေါ်လာ	ကျပ်	၂၁၀၀
ဥရောပ	တစ်ယူရို	ကျပ်	၂၂၉၀ . ၉
စင်ကာပူ	တစ်ဒေါ်လာ	ကျပ်	၁၅၇၃ . ၈
ထိုင်း	တစ်ဘတ်	ကျပ်	၆၁ . ၇၇၄
ဂျပန်	ယန်း ၁၀၀	ကျပ်	၁၅၅၈ . ၇
မလေးရှား	တစ်ရင်းဂစ်	ကျပ်	၄၆၈ . ၈၅
တရုတ်	တစ်ယွမ်	ကျပ်	၃၀၂ . ၀၆
အိန္ဒိယ	တစ်ရူပီး	ကျပ်	၂၅ . ၅၆၀

(မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၇၉၀၀	၇၉၀၀	၁၁၅	၉၀၈၅၀၀
MTSH	၂၉၅၀	၂၈၀၀	၆၁၂	၁၇၁၉၃၀၀
MCB	၇၀၀၀	၇၀၀၀	၅၀	၃၅၀၀၀၀
FPB	၁၄၅၀	၁၄၀၀	၅၅၈၅	၅၀၂၂၃၅၀
TMH	၀	၀	၀	၀
EFR	၀	၀	၀	၀
AHP	၄၈၀၀	၄၈၀၀	၃၀	၁၄၄၀၀၀

ညီညီ - စုစည်းသည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့
(တင်ဒါပိတ်ရက်ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်း)

၁။ သာကေတမြို့နယ်တွင် AMI စနစ် အကောင် အထည်ဖော်ရေး လုပ်ငန်းဆောင်ရွက်ရန်အတွက်အိမ်သုံးမီတာ၊ပါဝါမီတာနှင့်မီတာဆက်စပ်ပစ္စည်းများဝယ်ယူရန်တင်ဒါအမှတ်-1(T)/တိုင်းဒေသကြီး/2023-2024 ဖြင့်တင်ဒါခေါ်ယူခဲ့ရာအဆိုပါ တင်ဒါပိတ်မည့်ရက်အား (၃၁.၅.၂၀၂၃) ရက်နေ့(၁၄:၀၀) နာရီသို့ ပြောင်းလဲပြင်ဆင်သတ်မှတ်မည်ဖြစ်ပါကြောင်းကြေငြာအပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊၀၁-၂၂၀၈၁၆ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
(တင်ဒါပိတ်ရက်ပြောင်းလဲပြင်ဆင်သတ်မှတ်ခြင်း)

၁။ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် အိမ်သုံးမီတာ၊ ပါဝါမီတာ နှင့် မီတာဆက်စပ်ပစ္စည်းများ ဝယ်ယူရန် တင်ဒါအမှတ်-1(T)/YESC/2023-2024 ဖြင့် တင်ဒါခေါ်ယူခဲ့ရာ အဆိုပါ တင်ဒါပိတ်မည့်ရက်အား (၃၁.၅.၂၀၂၃) ရက်နေ့(၁၄:၀၀) နာရီသို့ ပြောင်းလဲပြင်ဆင်သတ်မှတ်မည်ဖြစ်ပါကြောင်းကြေငြာအပ်ပါသည်။

၂။ အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း၊၀၁-၂၂၀၈၁၆ သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းတွင်အောက်ဖော်ပြပါအတိုင်းပစ္စည်းဝယ်ယူခြင်းနှင့် လုပ်ငန်းအပ်နှံခြင်းတို့အား မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

(က) ခရိုင်(၄)ခရိုင်အတွင်းရှိ မြို့နယ်များတွင် System Improvement လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အသုံးပြုရန်လိုအပ်သည့်ဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများဝယ်ယူရန်

(ခ) အလုံမြို့နယ်၊ ၃၃ ကေဗွီ ဟံ့ဟိုင်းဓာတ်အားခွဲရုံရှိ 12 kV Indoor Switchgear Panel များတွင် Substation Automation System(SAS) ရရှိနိုင်ရန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် ပတ်ပြတ် (Turnkey) စနစ်မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံခြင်း

၂။ တင်ဒါပုံစံ နှင့် အချက်အလက်များကို ဌာနမှသတ်မှတ်နှုန်းထားအတိုင်း (၁၅.၅.၂၀၂၃)ရက်နေ့မှစတင်ဝယ်ယူ၍သတ်မှတ်ရက်အတွင်းလျှောက်ထားရမည်။

၃။ တင်ဒါပိတ်ရက်မှာ(၃၀.၅.၂၀၂၃)ရက်နေ့(၁၄:၀၀)နာရီဖြစ်ပြီးအသေးစိတ်အချက်အလက်များသိရှိလိုပါကဖုန်း၊၀၁-၂၂၀၈၁၆ဖုန်းနံပါတ်သို့ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ အိုင်သုံးဆင့်ကျေးရွာ မူလွန်ကျောင်း Grade-5 ပညာသင်ကြားနေသော မောင်ဟိန်းထက်စံ၊ Grade-3 တွင် ပညာသင်ကြားနေသော မောင်ကောင်းပြည့်စုံ တို့၏ မိဘအမည်မှန်မှာ (ဖခင် - ဦးကျော်ဆန်း)နှင့် မိခင်-ဒေါ်ခိုင်ဝါလင်း ၇/တငန(နိုင်)၂၀၅၆၃၂ တို့ဖြစ်ပါသည်။

မိဘအမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ နတ်တလင်းခရိုင်၊ နတ်တလင်းမြို့နယ်၊ အထက (နတ်တလင်း) Grade-4မှ မဇင်မိမိဖြိုး၏ ဖခင်အမည်မှန်မှာ ဦးစောရဲနိုင်ဦး ၁၄/ပစလ(နိုင်)၀၅၉၁၂၆နှင့် မိခင် အမည်မှန်မှာ ဒေါ်အေးမြတ်မွန် ၇/နတလ (နိုင်) ၁၃၀၀၈၂ ဖြစ်ပါကြောင်း။

အမည်ပြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အထက(၇)Grade(6) မှ မောင်အောင်ငြိမ်းမြတ် အား ယနေ့မှစ၍မောင်အောင်ချမ်းမင်း ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်အောင်ချမ်းမင်း

ပတ်စပို့ပျောက်ဆုံးကြောင်း

မကွေးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ရေနံမကျေးရွာအုပ်စု၊ သပြေပင်ကျေးရွာနေ ဦးစံအေး၏သမီး မသီတာ ၈/မလန(နိုင်)၁၁၁၄၀၉ ၏ နိုင်ငံကူးလက်မှတ် အမှတ်(MD 026648) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉ ၂၆၇ ၇၆၃ ၂၀၅

ကန့်ကွက်နိုင်ပါကြောင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူဒေါ်နုနုလွင် (၁၂/မဂတ(နိုင်) ၀၈၀၀၆၅) ၏ ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက်၊ ဓမ္မဒါနလမ်း၊ အမှတ် (၃-ခ)၊ အကျယ်အဝန်း (၀.၂၅၈)ဧက ပေါ်တွင် ဆောက်လုပ်ထားသော Prince Hotel (၈ ထပ်ခွဲ) တိုက်၊ အခန်း(၉၀) ပါ Hotelအဆောက်အဦးကို ဒေါ်နုနုလွင်၏ဖခင်ဖြစ်သူ ဦးသိန်းအောင် (၁၂/မဂတ (နိုင်) ၀၁၆၆၃၆) ၏ အမည်ဖြင့် ဟိုတယ်လုပ်ငန်းလိုင်စင် လျှောက်ထားခဲ့ပါသည်။ ယခုအခါ ဦးသိန်းအောင်မှ ဒေါ်နုနုလွင် (၁၂/မဂတ (နိုင်) ၀၈၀၀၆၅)သို့ General Power ပေးအပ်ပြီးဖြစ်ပါသဖြင့် ဦးသိန်းအောင် အမည်ဖြင့်လျှောက်ထားသော Prince Hotel လုပ်ငန်းလိုင်စင်အား ဒေါ်နုနုလွင်အမည်သို့ လိုင်စင်အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါသဖြင့် အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထား မူရင်းများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင် ပါသည်။ ကန့်ကွက်ခြင်း မရှိပါက ဥပဒေနှင့်အညီ Hotel လုပ်ငန်းလိုင်စင် အမည်ပြောင်းလဲခြင်းတို့ကို လုပ်ကိုင်ဆောက်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နုနုလွင် (၁၂/မဂတ (နိုင်) ၀၈၀၀၆၅) ၏ ညွှန်ကြားချက်အရ
ဦးခင်မောင်ဦး(LL.B, D.B.L, D.I.L.,)တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)
အမှတ်(၁၅)၊ သံသုမာလမ်း၊ (၁၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ ၅၅၀ ၆၁၄၆၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကျန်းမာရေးဝန်ကြီးဌာန
နေပြည်တော်ကုသရေးဦးစီးဌာနမှူးရုံး
အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

၁။ နေပြည်တော်ကောင်စီ၏ ကြီးကြပ်မှုဖြင့် ၂၀၂၃-၂၀၂၄ ခု ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေနှင့် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်းရှိ နေပြည်တော်ပြည်သူ့ဆေးရုံကြီး (ခုတင်-၁၀၀၀)တွင် တည်ဆောက်မည့် ဆောက်လုပ်ရေးလုပ်ငန်း (၁)ခုအား မြန်မာကျပ်ငွေဖြင့် တည်ဆောက်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများကို သတ်မှတ်ချက်နှင့်အညီ အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ်ပါသည်-

(က) ဆေးရုံအကြီးစား မွမ်းမံပြင်ဆင်ခြင်း (၁)ခု

၂။	**အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့် ရက်နှင့်အချိန်**	-	၁၅-၅-၂၀၂၃ရက် နံနက် ၁၀:၀၀နာရီ
	အိတ်ဖွင့်တင်ဒါပုံစံနှင့် နောက်ဆုံး တင်သွင်းရမည့်ရက်နှင့်အချိန်	-	၂၉-၅-၂၀၂၃ရက် ညနေ ၄:၀၀နာရီ

၃။ တင်ဒါစည်းမျဉ်းစည်းကမ်းချက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ကုသရေးဦးစီးဌာန ဖုန်း-၀၆၇-၅၅၀၀၇၆ သို့ စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါခေါ်ယူရေးကော်မတီ
နေပြည်တော်ကုသရေးဦးစီးဌာန
ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်

ကာပွတိန်သာစိန်
ဘဝခရီးသွားလူငယ်များသို့

ဘဝလမ်းခရီးတစ်လျှောက် ရှုံးကန်ရမည့် လူငယ်များအတွက် အထောက်အကူပြုမည့်စာအုပ်

(ပုံ + နိုင်ငံခြားစက္ကူရောဖြင့်) 09- 250610770

အမှတ်(၂၇၈)၊ (၇)လမ်း၊ (၁၁)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။

သုဓမ္မာလမ်းမကြီး (၄)ထပ်တိုက် ရောင်းမည်။

မ/ဥက္ကလာအဝိုင်းအနီး။ (ဃ)ဈေးရှေ့။ ဘဏ်ဖွင့်ရန်၊ စီးပွားရေးလုပ်ရန် အချက် အချာကျသော နေရာကောင်း။

၂၀ ပေ × ၅၀ ပေ (ရှေ့နောက်မြေပိုပါ)။

သိန်း (၁၂၀၀၀) ညှိနှိုင်း 09 43021001

တစ်ဦးတည်းဖြစ်ပါကြောင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီး မြို့နယ်၊ ကျွဲနဖားကျေးရွာမှ ကျွန်တော် ဦးအောင်နိုင်ဦး ၉/ပသက(နိုင်) ၁၁၀ ၄၁၅ ၏ ဖခင် နိုင်ငံသားစိစစ်ရေး ကတ်ပြားအမှတ် ၉/ပသက(နိုင်)၀၃၄၃ ၉၉ ကိုင်ဆောင်သူ ဦးအုံးငွေ (ခ) ဦးအုန်းငွေ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူး မြို့နယ်၊ ညောင်နှစ်ပင်ကျေးရွာအုပ်စု၊ ကြာကန်စုကျေးရွာနေ ကျွန်တော် ဦးခင်မောင်ဦး ၁၂/မဘန(နိုင်)၂၀၃၀၆၆ ၏ မိခင် နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် ၁၂/မဘန(နိုင်)၁၃၉၇၉၁ ကိုင်ဆောင်သူ ဒေါ်သန်းသန်းဆင့်(ခ) ဒေါ်သန်းဆင့်မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6R/3074 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး ၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မြိတ်)

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ ကွင်း/အကွက်အမှတ် (၃/ချောင်းရိုးရပ်)၊ ဦးပိုင်အမှတ် (၁၈/၂)၊ မြေဧရိယာ (၀ ဒသမ ၁၄၀)ဧကရှိမြေကွက်အား မြေငှားဂရန် (စက်မှု/စီးပွား၊ ကျန်အပိုင်း၊ သက်တမ်းတိုး) လျှောက်ထားနိုင်ရေး ဦးကိုလေး ၉/မမန(နိုင်)၀၂၂၄၅၁ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထား ပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2J/5846 ယာဉ်လက်ဝယ်ရှိသူ ဦးဇေယျာအောင် ၉/ပဘန(နိုင်)၁၇၅၉၃၉ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရမည်းသင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 59W/44959 ယာဉ် လက်ဝယ်ရှိသူ ဦးသက်နိုင်ဦး ၉/တကန(နိုင်)၀၀၅၅၅၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေး ရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာ သည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရမည်းသင်း)

မန္တလေးတက္ကသိုလ်
အသုံးချစိတ်ပညာဘွဲ့လွန်ဒီပလိုမာအချိန်ပိုင်းသင်တန်း (D.A.Psy)
သင်တန်းသားခေါ်ယူခြင်း

၁။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်၊ အသုံးချစိတ်ပညာဘွဲ့လွန်ဒီပလိုမာ အချိန်ပိုင်း သင်တန်း (D.A.Psy) တက်ရောက်ရန် အောက်ပါအရည်အချင်းနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-
(က) ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) အနိမ့်ဆုံးပညာအရည်အချင်းမှာ အသိအမှတ်ပြု တက္ကသိုလ်တစ်ခုမှ ဘွဲ့တစ်ခုခု ရရှိသူဖြစ်ရမည်။
(ဂ) အစိုးရလုပ်ငန်းနှင့် အခြားလုပ်ငန်းများတွင် လုပ်ကိုင်နေသူများဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုထောက်ခံချက် လက်မှတ်ပါရှိရမည်။
(ဃ) လျှောက်ထားသူများသည် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာ ရပ်ကွက်၊ ရဲစခန်း ထောက်ခံချက် (မူရင်း)တင်ပြရမည်။

၂။ သတ်မှတ်ထားသော လျှောက်လွှာပုံစံဖြင့် မန္တလေးတက္ကသိုလ် ကျောင်းသားရေးရာဌာနတွင် (၉-၅-၂၀၂၃)ရက်နေ့မှ (၂၃-၅-၂၀၂၃)ရက်နေ့အထိ လျှောက်ထားရမည်။

၃။ သင်တန်းဝင်ခွင့်အရည်အချင်းစစ် နှုတ်ဖြေစာမေးပွဲကို (၂၅-၅-၂၀၂၃) ရက်နေ့တွင် မန္တလေးတက္ကသိုလ်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

၄။ သင်တန်းစတင်မည့်ကာလမှာ ၂၀၂၃ ခုနှစ်၊ ဇွန်လ(၁)ရက်နေ့ ဖြစ်ပါသည်။

၅။ အသုံးချစိတ်ပညာဘွဲ့လွန်ဒီပလိုမာ အချိန်ပိုင်းသင်တန်း (D.A.Psy) တက်ရောက်လိုသူများသည် အစိုးရလုပ်ငန်းနှင့် အခြားလုပ်ငန်းများတွင် လုပ်ကိုင်နေသူဖြစ်ပါက သက်ဆိုင်ရာဌာန အကြီးအကဲ၏ အချိန်ပြည့် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံချက်ပါရှိရမည်။

၆။ အသေးစိတ် အချက်အလက်များကို ဤတက္ကသိုလ် သင်တန်းရေးရာဌာန ဖုန်း-၀၂-၂၈၃၂၁၂၉ တွင် စုံစမ်းနိုင်ပါသည်။

ဌာနမှူး သင်တန်းရေးရာဌာန၊ မန္တလေးတက္ကသိုလ်

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ်(၁၅၃)၊ မြေကွက်အမှတ်(၁၂၅၅)၊အကျယ်အဝန်း(၄၀ပေ×၆၀ပေ)ရှိဒေါ်မြင့်သိန်း(KLT-၀၁၃၃၈၀) အမည်ပေါက်ပါမစ်မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူဦးသန်းဇော် (၁၂/သဃက(နိုင်)၁၅၀၀၅၃)ထံမှကျွန်ုပ်၏ မိတ်ဆွေများကဝယ်ယူရန်အတွက်စရံငွေပေးချေထားပြီးဖြစ်ပါသည်။အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၇)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဒေါ်သိမ့်သိမ့်ယမင်း LL.B,
အထက်တန်းရှေ့နေ (စဉ်-၄၀၈၉၄)
Ph-09254332312

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် (၃၉/အေ)၊ ဘုရင့်နောင်လမ်း၊ မြေကွက်အမှတ်(၆၄)၊ အကျယ်အဝန်း (၄၀ပေ× ၆၀ပေ)ရှိ ဒေါ်ချိုချိုသိန်း(၁၂/ဥကတ(နိုင်)၁၀၈၅၂၄)အမည်ပေါက်နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးစိုင်းဆိုင်ဟန်(၁၃/တကန (နိုင်)၂၃၄၅၈၂)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် အတွက်စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး	ဒေါ်လင်းလင်းထက်
LL.B, D.B.L, D.I.L.,	LL.B,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)	အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/၅-၃)၊ မြေကွက်အမှတ်(၁၂၈+၁၂၉)၊အကျယ်အဝန်း(၀.၀၆၈)ဧကရှိ မြေကွက်နှင့် မြေကွက်အမှတ်(၁၃၀+၁၃၁)၊ အကျယ်အဝန်း(၀.၀၆၈)ဧကရှိ ဦးအောင်မြင့်ဋ္ဌေး (၅/မရန (နိုင်) ၁၁၇၂၁၉)အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်သန်းသန်းနု (၁၂/လမတ (နိုင်) ၀၁၇၈၃၄) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးခင်မောင်ဦး	ဒေါ်လင်းလင်းထက်
LL.B, D.B.L, D.I.L.,	LL.B,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)	အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၂၀၀ ၄၅ ၃၃၃

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂၂)၊ အင်း၀(၂)လမ်း၊မြေကွက်အမှတ်(၁၁၈)၊အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)ရှိ ဦးမြသောင်း အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နန္ဒာဦး (၁၂/ဒဂမ (နိုင်) ၀၁၃၆၈၉) ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန် အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

ဦးခင်မောင်ဦး	ဒေါ်လင်းလင်းထက်
LL.B, D.B.L, D.I.L.,	LL.B,
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)	အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)

၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉ ၄၅ ၅၅၀ ၆၁၄၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အဆင့်မြင့်ပညာဦးစီးဌာန
ပုသိမ်တက္ကသိုလ်
ပါရဂူ(Ph.D) သင်တန်းသားများခေါ်ယူခြင်း

၁။ ပုသိမ်တက္ကသိုလ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့(Ph.D) သင်တန်းကို အဏုဇီဝဗေဒ၊ သင်္ချာနှင့် အဏ္ဏဝါသိပ္ပံ အထူးပြုဘာသာရပ်များကို ဖွင့်လှစ်သင်ကြားမည်ဖြစ်ပါသည်-

၂။ ပါရဂူဘွဲ့(Ph.D) သင်တန်းများကို တက်ရောက်ရန် အောက်ပါအရည်အချင်းများနှင့် ပြည့်စုံသူများလျှောက်ထားနိုင်ပါသည်-

(က) ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား ဖြစ်ရမည်။

(ခ) ၂၀၂၃ခုနှစ်၊ ဇွန်လ(၁)ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ (လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက်ကန့်သတ်ချက်လျှော့ပေါ့စဉ်းစားမည်)

(ဂ) ပါရဂူဘွဲ့အကြိုသင်တန်းကို အချိန်ပြည့် (၁)နှစ် တက်ရောက်နိုင်သူဖြစ်ရမည်။

(ဃ) ဝင်ခွင့်လျှောက်ထားသူ၏အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ပညာရေးဝန်ကြီးဌာနဝန်ထမ်းများအတွက်

(၁) အဏုဇီဝဗေဒဘာသာရပ်အတွက် အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ အဏုဇီဝဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ ဓာတုဗေဒ၊ ဇီဝဓာတုဗေဒ ဘာသာရပ်တစ်ခုခုဖြင့် အနိမ့်ဆုံး မဟာဘွဲ့အောင်မြင်သူဖြစ်ရမည်။

အဏ္ဏဝါသိပ္ပံဘာသာရပ်အတွက် အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ ဓာတုဗေဒ၊ ရူပဗေဒ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ ဘူမိဗေဒ၊ အဏုဇီဝဗေဒ ဘာသာရပ်တစ်ခုခုဖြင့် အနိမ့်ဆုံးမဟာဘွဲ့အောင်မြင်သူဖြစ်ရမည်။

သင်္ချာဘာသာရပ်အတွက် အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ သင်္ချာဘာသာရပ်ဖြင့် အနိမ့်ဆုံးမဟာဘွဲ့အောင်မြင်သူဖြစ်ရမည်။

(၂) ဘာသာရပ်ဆိုင်ရာ (၃)နာရီမေးခွန်းနှင့် အင်္ဂလိပ်စာဘာသာရပ် (၃) နာရီမေးခွန်း၊ ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်း အောင်မြင်သူများကိုသာ လက်ခံမည်။

(၃) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဓာတုဗေဒ၊ ရူပဗေဒ၊ သင်္ချာ၊ သတ္တဗေဒ၊ ရုက္ခဗေဒ၊ ဘူမိဗေဒ၊ အဏ္ဏဝါသိပ္ပံ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ ဘာသာရပ်များအတွက် မဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။ မဟာသုတေသနဘွဲ့အတွက် ပြုလုပ်သော သုတေသနကျမ်း အကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသနနယ်ပယ်အဆိုပြုချက် (ကွန်ပျူတာစာစီ၍ စာမျက်နှာ (၃)မျက်နှာထက် မပိုသော)ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။

(၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။

(၅) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာ လုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်းတက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာ ဌာနဆိုင်ရာအကြီးအကဲက ထောက်ခံသူဖြစ်ရမည်။

(၆) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) သက်ဆိုင်ရာ တက္ကသိုလ် ၊ ဒီဂရီကောလိပ် ပါမောက္ခချုပ် ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာတင်ပြရမည်။

အခြားဝန်ကြီးဌာန ဝန်ထမ်းများအတွက်

(၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ် နယ်ပယ်၌ အနိမ့်ဆုံးမဟာဘွဲ့အောင်မြင်သူဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီမေးခွန်း နှင့် အင်္ဂလိပ်စာ(၃) နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။

(၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှမဟာသုတေသနဘွဲ့ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

(၃) အနိမ့်ဆုံး၊ နည်းပြ၊ သရုပ်ပြ(သို့မဟုတ်)ယင်းနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံး ရှိရမည်။

(၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့်(၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာတင်ပြရမည်။

နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်

အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှမိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာသုတေသနဘွဲ့ ရရှိပြီးသူဖြစ်ရမည်။ မဟာသုတေသနဘွဲ့အတွက် ပြုလုပ်ခဲ့သော သုတေသန အကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသနနယ်ပယ် အဆိုပြုချက် (ကွန်ပျူတာစာစီ၍ စာမျက်နှာ(၃)မျက်နှာထက် မပိုသော)ကို လျှောက်လွှာနှင့်အတူ ပူးတွဲတင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ ပုသိမ်တက္ကသိုလ်၊ စာမေးပွဲဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၉-၅-၂၀၂၃ ရက် (သောကြာနေ့) နောက်ဆုံးထား လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် ပုသိမ်တက္ကသိုလ်တွင် ပါရဂူဘွဲ့(Ph.D)သင်တန်းဝင်ခွင့်စာမေးပွဲကို အောက်ပါအတိုင်းဝင်ရောက်ဖြေဆိုရမည်-

(က) ၂၂-၅-၂၀၂၃ရက်(တနင်္လာနေ့) ၀၉:၀၀နာရီမှ ၁၂:၀၀နာရီ သက်ဆိုင်ရာဘာသာရပ်

(ခ) ၂၃-၅-၂၀၂၃ရက်(အင်္ဂါနေ့) ၀၉:၀၀နာရီမှ ၁၂:၀၀နာရီ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ ရရှိထားသူများကို ၂၉-၅-၂၀၂၃ ရက် (တနင်္လာနေ့) တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ် ပါမောက္ခ(ဌာနမှူး) များထံတွင် လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဌာနမှူး၊ သင်တန်းရေးရာ (ဖုန်းနံပါတ်- ၀၉-၄၅၁၂၃၆၇၁၆)ထံတွင် လည်းကောင်း စုံစမ်းနိုင်ပါသည်။

ဌာနမှူး
သင်တန်းရေးရာ
ပုသိမ်တက္ကသိုလ်

ဖခင် အမည်မှန်

ကော့ကရိတ်မြို့၊ အထက(ခွဲ)ချောင်းတောင်ကျောင်း Grade-9 ကျောင်းသား မန်းဇင်မင်းခန့်၏ ဖခင်အမည်မှန်မှာ မန်းယှားထူးဝေါ် ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 5L/1867,KIA BONGO III ,LIGHT Truck ယာဉ် လက်ဝယ်ရှိသူ ဦးညီညီဝင်း ၁၂/ဒဂဆ(နိုင်)၀၁၆၄၀၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညနရုံး(ရန်ကုန်တောင်ပိုင်း)သန်လျင်မြို့**

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၉)ရပ်ကွက်၊ တနင်္သာရီလမ်း၊ တိုက်အမှတ် ၃၃၆/က၊ မှန်ခန်း(မြေညီအပေါ်ထပ်)၊ A-2 တိုက်ခန်း(၁၈'x၅၅') အကျယ်ရှိ ရေမီးစုံလင်စွာပါရှိသော တိုက်ခန်းနှင့် ပတ်သက်၍ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်သက်သက်နိုင် ၁၂/ တမန(နိုင်) ၀၀၀၀၃၄ ထံမှ ကျွန်ုပ်က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းအရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းခိုင်လုံတိကျသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါကအရောင်းအဝယ်ကို ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသည်။

ဒေါ်သိန်းသိန်းဦး
၁၂/ဗတထ(နိုင်)၀၀၄၁၇၀
ဖုန်း-၀၉-၇၅၆၁၇၁၀၃၄

ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃)
အောင်မြေသာစံခရိုင်တရားရုံးတော်
၂၀၂၃ ခုနှစ် တရားမအထွေထွေမှုအမှတ်- ၂၈
ကွယ်လွန်သူ ဦးစိန်မောင်၏ကျန်ရစ်သောပစ္စည်းများနှင့်စပ်လျဉ်းသည့်အမှု

ပုသိမ်ကြီးမြို့နယ်၊ ရေလောင်ကျေးရွာ၌ နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးစိန်မောင်၏ ကျန်ရစ်သော ပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ပုသိမ်ကြီးမြို့နယ်၊ ရေလောင်ကျေးရွာနေ ဒေါ်မြရှင်က အမွေဆက်ခံခြင်းအက်ဥပဒေအရ လျှောက်ထားသဖြင့် ဤအမှုကို ၂၀၂၃ ခုနှစ် မေ ၃၀ ရက်(၁၃၈၅ ခုနှစ် နယုန်လဆန်း ၁၂ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးစိန်မောင်၏ ကျန်ရစ်သောပစ္စည်းများတွင် အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူတို့အား အဆိုပါအမှုတွင် ၎င်းတို့ လာရောက်ဆိုင်ဆိုရန် သင့်လျော်မည်ဟု ထင်မြင်လျှင် ဆိုခဲ့သော ၂၀၂၃ ခုနှစ် မေ ၃၀ရက် (၁၃၈၅ခုနှစ်၊ နယုန်လဆန်း ၁၂ရက်)၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ် မထုတ်ပေးမီမှတ်တမ်းများကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ လာရောက်ခြင်းမရှိပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဒေါ်မြရှင်၏ လျှောက်လွှာအပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်။

၂၀၂၃ ခုနှစ် မေ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(စောသန်းဦး)
တွဲဖက်ခရိုင်တရားသူကြီး(၁)
အောင်မြေသာစံခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ (၁၂)ရပ်ကွက်၊ မြကန်သာလမ်း၊ အမှတ် (၁၂၂၈)ရှိ ဦးတုပီ အမည်ပေါက် (ပါမစ်မြေ)အမျိုးအစား၏ ၁၅'x၆၀' မြေပေါ်တွင် တည်ဆောက်ထားသော တစ်ထပ်အုပ်ညှပ်အိမ်နှင့် လျှပ်စစ်မီးအပါအဝင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို စပ်ဆက်စာချုပ်အဆင့်ဆင့်ဖြင့် ပိုင်ဆိုင်ထားပြီး ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နွယ်နွယ်မြင့် ၁၁/မဥန(နိုင်)၀၅၁၉၁၁ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမောင်လွင် ၆/လလန(နိုင်)၀၆၃၉၆၇၊ ဒေါ်ခိုင်မြင့်မြတ် ၇/လပတ(နိုင်)၁၁၁၄၂၆မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းအရောင်းအဝယ်ကို ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့် ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဦးနေမျိုးကြည်
LLB, CBL, DBL, DIL
အထက်တန်းရှေ့နေ (စဥ်-၃၃၂၈၆/၂၀၁၀)
အမှတ် (၃၂၅)၊ ခေမာ (၁)လမ်း၊ ၄/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၈၄၇၇၆၇၁

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၃)ရပ်ကွက်၊ သဇင်လမ်း၊ အမှတ်-၃/၇၅(ခ)၊ အကျယ် အဝန်း(၁၅ပေxပေ ၅၀)ရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ဒေါ်သိန်းလှအမည်ပေါက် မြေချပါမစ်မိတ္တူနှင့် ရေမီးစုံတစ်ထပ်ပျဉ်ထောင်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဥပဒေနှင့်အညီ တရားဝင်ပိုင်ဆိုင်ပြီး အရပ်ကတိစာချုပ် များအရ တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဦးအေးကို ၁၂/အလန(နိုင်)၀၁၇၉၁၆နှင့် ဒေါ်ခင်ခင်ညွန့် ၁၂/ဥကမ(နိုင်) ၁၂၈၄၈၆တို့ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်အေးချမ်းမိုး ၉/ပမန(နိုင်)၂၅၈၃၉၂က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်အေးချမ်းမိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်သင်းသင်းခိုင် (LL.B, D.B.L, D.M.L) — **တရားလွှတ်တော်ရှေ့နေ (စဥ်-၉၈၆၇)**
ဦးဇော်မျိုးထက် (LL.B) — **အထက်တန်းရှေ့နေ (စဥ်-၃၇၁၇၉)**

အမှတ် (၄)၊ သီရိလမ်း၊ သီရိခေမာရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၉-၄၂၀၀၄၀၁၄၉၊ ၀၉-၇၉၉၆၈၂၀၄၆

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ သံသုမာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်ကြီးပွားရေး(တောင်)၊ မြေကွက်အမှတ် (၅၂/ခ)နှင့်မြေကွက်အမှတ်(၃၇၄/က)၊ အကျယ်အဝန်း ၁၂၀၀ စတုရန်းပေစီရှိ မြေကွက် (၂) ကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးသန်းဌေး ၁၂/ကတတ(နိုင်) ၀၀၀၅၂၁ အမည်ဖြင့် တည်ရှိသော နှစ်(၆၀) မြေငှား ဂရန်မြေကွက် ဖြစ်ပါသည်။ ၎င်းအမည်ပေါက် ပိုင်ဆိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်ညှိနှိုင်း သဘောတူညီမှုအပေါ် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ မြေကွက်နှင့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းခိုင်လုံသော စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်အေးအေး၊ တရားလွှတ်တော်ရှေ့နေ(စဥ်-၆၇၄၉)
အမှတ် ၃(B)၊ စစ်ကိုင်းလမ်း၊ မြကန်သာဥယျာဉ် အိမ်ရာ၊ လှိုင်မြို့နယ်
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၁၁၈၇၅

အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးခရိုင်၊ ညောင်ဦးမြို့နယ်၊ ပုဂံမြို့၊ သီရိပစ္စယာရပ်ကွက်နေ ဦးပေါ်လာ၏သား ဦးသန်းအောင် ၉/ညဥန(နိုင်)၁၀၂၀၆၂သည် ဦးသန်းအောင် အမည်ပေါက်၊ ဦးပိုင်အမှတ် (၇၆.ခ)မြေပေးမိန့်အား မြို့မြေချထားရေးကော်မတီ ညောင်ဦးမြို့၏ (၅-၅-၁၉၉၆)ရက်စွဲပါစာအမှတ် (၃၀၆/၃-၂/မဝတ(ညဥ))အရ လက်ခံရရှိခဲ့သော်လည်း ယခုအခါတွင် မြေပေးမိန့်ပျောက်ဆုံးခဲ့သည်မှာ မှန်ကန်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးသန်းအောင် ၉/ညဥန(နိုင်)၁၀၂၀၆၂
ဖုန်း-၀၉-၂၆၁၈၈၃၂၈၃

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊တောင်ကြီးခရိုင်၊ကလောမြို့နယ်၊ကွင်းအမှတ် ၃၉၊ မြင်းကရွာမကွင်း နှင့် ၄၀ ဘီအီးစစ်တပ်မြောက်ကွင်း၊ လွယ်အုံကျေးရွာ အုပ်စု၊E ROAD(E-2)၊Kalaw Villa,မြေပေအကျယ် စတုရန်းပေ ၄၂၉၆ ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် RC(၂)ထပ်လုံးချင်းအဆောက်အအုံအပါအဝင်ကို ဒေါ်သန္တာကျော် ၁၂/ကမရ(နိုင်) ၀၄၈၉၆၃ က မိမိသာတရားဝင် ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ ကတိပြုပြောဆိုသဖြင့် အဆိုပါ Kalaw Villa အပါအဝင် Kalaw Villa၌ တွယ်ကပ်တပ်ဆင်ထားသော ပစ္စည်းများအားလုံးကို အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သန္တာဝင်း ၁၂/တမန(နိုင်)၀၂၀၇၅၇ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား မူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်ရီရီသန့် LL.B, D.B.L, D.M.L,D.I.L,(W.I.P.O-Switzerland)
တရားလွှတ်တော်ရှေ့နေ(စဥ်-၉၉၃၉)
အမှတ် ၅၂၅/ခ၊ မင်းရဲကျော်စွာ ၄လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄)၊ သုတလမ်း၊ မြေကွက်အမှတ် (၁၆၉/ခ)၊ မြေပေအကျယ်ပေ (၂၀x၆၀)၊ စတုရန်းပေ ၁၂၀၀ရှိ ဦးလှဖေနှင့် ဦးကြည်ဝင်း အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်မှ တရားဝင်မခွဲမစိတ်ရသေးသော (ခြေရင်းဘက်ခြမ်း)ရှိ မြေပေအကျယ် (၁၀x၆၀)ပေ၊ စတုရန်းပေ (၆၀၀)ရှိ မြေကွက်နှင့် ထိုမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော RC (၂)ထပ်လုံးချင်းနေအိမ်အပါအဝင်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ထားသူငြိမ်း ၁၃/နမတ(နိုင်) ၀၃၆၃၁၂က အထက်ပါအိမ်ခြံမြေကွက်ကို မိမိသာတရားဝင်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်း၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသဖြင့် အဆိုပါအိမ်ခြံမြေကွက်အား အပြီးအပိုင် လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နန္ဒာဝင်းသူ ၈/ခမန(နိုင်)၂၃၅၄၈၅က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်များအရ-
ဒေါ်ရီရီသန့်
LL.B,D.B.L, D.M.L, D.I.L(W.I.P.O- Switzerland)
တရားလွှတ်တော်ရှေ့နေ(စဥ်- ၉၉၃၉)
အမှတ် ၅၂၅/ခ၊ မင်းရဲကျော်စွာ ၄လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇

အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲအုပ်စု၊ ပေါ်ဦး (၁)ရပ်နေ ဒေါ်သီတာဦး ၈/ဂဂန(နိုင်) ၀၀၉၁၇၃၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီတာဦးသည် (ဘ)ဦးစိုင်း၏သားဖြစ်သူ ဦးကာဘယ်အယ်ရယ် ၁၃/ဖခန(နိုင်) ၀၀၀၃၇၁နှင့် တရားဝင်လက်ထက်ပေါင်းသင်းနေထိုင်လာခဲ့ပါသည်။ ထိုသို့ တရားဝင်ပေါင်းသင်းနေထိုင်လာခဲ့ပြီး ဦးကာဘယ်အယ်ရယ် ကွယ်လွန်သွားခဲ့ပါသည်။ ဦးကာဘယ်အယ်ရယ် မကွယ်လွန်မီ ဦးကာဘယ်အယ်ရယ်အမည်ပေါက် ပိုင်ဆိုင်မှုများဖြစ်သော ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးခရိုင်၊ ဖယ်ခုံမြို့နယ်၊ မိုးဗြဲအုပ်စု၊ ပေါ်ဦး(၁)ရပ်ကွက်၊ အိမ်အမှတ်-၁၁၇၊ အရှေ့လားသော်-ဦးရကောက်၊ အနောက်လားသော်-ဒေါ်မူဆီးလဲဗျာ၊ တောင်လားသော်-ဦးထွေး၊ မြောက်လားသော်-ဦးလျှို့၊ အလာလေးရပ်အတွင်းရှိ ကွင်းအမှတ် (၁၁၉)၊ ကွင်းအမည်-ဈေးအကွက်၊ ဦးပိုင်အမှတ် (၈)၊ မြေကွက်အမှတ် (၄)၊ ရွာမြေဧရိယာဧက ၀.၅၀အတွင်းရှိ မြေနှင့်မြေပေါ်ရှိ (၃x၃) ပင် သွပ်မိုး၊ အုတ်ကာ၊ (၂)ထပ်တိုက်၊ တိုက်ရှေ့အဖီပါ တိုက် (၁)လုံး တို့အား ဒေါ်သီတာဦးမှ ၁-၆-၂၀၂၀ရက်တွင် ဦးကာဘယ်အယ်ရယ်ထံမှ ၎င်းအမည်ဖြင့် တရားဝင်လွှဲပြောင်းပိုင်ဆိုင်ရယူခဲ့ပြီး ၎င်းတစ်ဦးတည်းသာလျှင် ပိုင်ဆိုင်လာခဲ့ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆၊ မြတ်မွန်လမ်း၊ မြေကွက်အမှတ် (၅၇၈) ဟုခေါ်တွင်သော အကျယ်အဝန်းပေ(၄၀x၆၀)၊ ရေိယာ ၀ ဒသမ ၀၅၅ ဧကရှိ ဦးတင်စိန် (AC-၀၄၅၈၆၀) အမည်ပေါက် နှစ်(၆၀) မြေငှားဂရန်မြေအနက်မှ မှတ်ပုံတင်အရောင်း အဝယ်စာချုပ်အမှတ် ၇၂၉/၂၀၂၃ ဖြင့် ဒေါ်စုစုလတ် က ဝယ်ယူခဲ့သော မခွဲမစိတ်ရသေးသည့် အကျယ်အဝန်းပေ(၂၀x၆၀)ရှိ (မြောက်ဘက်ခြမ်း) မြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ၁။ဒေါ်နေခြည်ဝင့်ဝါ၊ ၂။ ဦးထူးသူရိန်၊ ၃။ ဦးမင်းသူရိန်ထူးတို့ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှုတစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ် အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

ဦးမျိုးမြင့်အောင်	**ဦးအေးမင်းသူ**	**ဒေါ်လင်းလင်းကြည်**
စဉ်-၂၅၁၆၅	**စဉ်-၂၆၁၉၉**	**စဉ်- ၄၆၃၂၈**

အထက်တန်းရှေ့နေများ
အမှတ် - ၅၈/၆၀ (ပထမထပ်) ၊ မဟာဗန္ဓုလပန်းခြံလမ်း ၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - ၀၉-၅၁၄၅၇၆၇ ၊ ၀၉-၄၂၀၀၂၈၃၆၆၊ ၀၉-၄၂၅၂၈၈၆၅၁

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တကကတင်ဝင်း (ကိုယ်ပိုင်အမှတ် ၄၄၁၀၄၉) ၁၂/လတန(နိုင်)၀၀၃၀၃၅ (ဘ)ဦးသောင်းအမည်ပေါက် ပါမစ်မြေကွက် အမှတ် ပစ(င)၄၀၈၃ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်မြင့်မြင့်ရီ ၉/ပမန(နိုင်)၁၉၁၁၄၇ (ဘ) ဦးဉာဏ်မောင်မှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တကကတင်ဝင်း သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက် ပေါ်ရှိအဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်း များ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၄/ဆင်ဖြူရှင်ရပ်၊ ဆင်ဖြူရှင်ရပ်ကွက်ရှိတကပေါက်စ (ကိုယ်ပိုင်အမှတ်၇၈၂၁၈၀) ၁၂/ဥကတ(နိုင်)၀၁၀၆၇၉ (ဘ)ဦးပေတ အမည်ပေါက်ပါမစ်မြေကွက်အမှတ် ပစ(င)၁၃၃ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်အေးငွေ ၉/တကန(နိုင်)၁၁၃၂၇၁ (ဘ) ဦးချစ်အုံးမှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံးကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တကပေါက်စ သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများတင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ်ချထားပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန
မြိတ်တက္ကသိုလ် ပါရဂူဘွဲ့(Ph.D) သင်တန်းသားများ ခေါ်ယူခြင်း

၁။ မြိတ်တက္ကသိုလ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ပါရဂူဘွဲ့ (Ph.D) သင်တန်းကို အောက်ဖော်ပြပါ အထူးပြုဘာသာရပ်များဖြင့် ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်-
- (က) မြန်မာစာ
- (ခ) ပထဝီဝင်
- (ဂ) အဏ္ဏဝါသိပ္ပံ

၂။ ပါရဂူဘွဲ့(Ph.D) သင်တန်းတက်ရောက်ရန် အောက်ပါသတ်မှတ်ချက်များနှင့်ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-
- (က) ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့် လျှောက်ထားသူသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသား ဖြစ်ရမည်။
- (ခ) ၂၀၂၃ ခုနှစ်၊ ဇွန်လ (၁)ရက်နေ့တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။ (လုပ်ငန်းခွင်အတွေ့အကြုံရှိသူများကို အသက် ကန့်သတ်ချက်လျှော့ပေါ့စဉ်းစားမည်)
- (ဂ) ပါရဂူဘွဲ့ အကြိုသင်တန်းကို အချိန်ပြည့် (၁)နှစ် တက်ရောက်နိုင်သူ ဖြစ်ရမည်။
- (ဃ) ဝင်ခွင့်လျှောက်ထားသူ၏ အရည်အချင်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

ပညာရေးဝန်ကြီးဌာန ဝန်ထမ်းများအတွက်
- (၁) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထား လိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့ အောင်မြင်သူ ဖြစ်ရမည်။ အဏ္ဏဝါသိပ္ပံဘာသာရပ်အတွက် ဓာတုဗေဒ၊ ရူပဗေဒ၊ ရုက္ခဗေဒ၊ သတ္တဗေဒနှင့် ဘူမိဗေဒဘာသာရပ်များဖြင့် မဟာဘွဲ့ အောင်မြင်ပြီးသူများလည်း လျှောက်ထားနိုင်သည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီ မေးခွန်းဝင်ခွင့်စာမေးပွဲ ဖြေဆိုအောင်မြင်ပြီး လူတွေ့ စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။
- (၂) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲဖြေဆိုရန်မလိုပါ) လူတွေ့ စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
- (၃) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ နည်းပြ၊ သရုပ်ပြဖြစ်ပါက နည်းပြ၊ သရုပ်ပြရာထူးတွင် လုပ်သက်(၁)နှစ် အနည်းဆုံးရှိရမည်။
- (၄) တက္ကသိုလ်၊ ဒီဂရီကောလိပ်များမှ ဆရာ၊ ဆရာမ မဟုတ်သော ပညာရေးဝန်ထမ်းများ ဖြစ်လျှင် နည်းပြ၊ သရုပ်ပြနှင့် အဆင့်တူရာထူးတွင် လုပ်သက်(၂)နှစ် အနည်းဆုံးရှိသူ ဖြစ်ရမည့်အပြင် လျှောက်ထားသူသည် သုတေသနဆိုင်ရာလုပ်ငန်းဆောင်ရွက်နေသူဖြစ်ပြီး ပါရဂူဘွဲ့သင်တန်း တက်ရောက်ခွင့်ပြုခြင်းဖြင့် ဌာနဆိုင်ရာလုပ်ငန်းတွင် တိုက်ရိုက်အကျိုးပြုနိုင်ကြောင်း သက်ဆိုင်ရာဌာနဆိုင်ရာအကြီးအကဲက ထောက်ခံသူဖြစ်ရမည်။
- (၅) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် (သို့မဟုတ်) သက်ဆိုင်ရာ တက္ကသိုလ်၊ ဒီဂရီကောလိပ် ပါမောက္ခချုပ်၊ ကျောင်းအုပ်ကြီးထံမှ အချိန်ပြည့် (၁)နှစ် တက်ရောက်ခွင့်ပြုနိုင်ကြောင်း ထောက်ခံစာ တင်ပြရမည်။

အခြားဝန်ကြီးဌာန ဝန်ထမ်းများအတွက်
- (၁) အသိအမှတ်ပြုထားသော တက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့အောင်မြင်သူ ဖြစ်ရမည်။ ဘာသာရပ်ဆိုင်ရာ (၃)နာရီ မေးခွန်းနှင့် အင်္ဂလိပ်စာ (၃)နာရီမေးခွန်း ဝင်ခွင့်စာမေးပွဲဖြေဆိုအောင်မြင်ပြီး လူတွေ့စစ်ဆေးခြင်းကို အောင်မြင်သူများကိုသာ လက်ခံမည်။
- (၂) အသိအမှတ်ပြု တက္ကသိုလ်တစ်ခုခုမှ မဟာသုတေသနဘွဲ့ ရရှိထားသူများသည် (ဝင်ခွင့်စာမေးပွဲ ဖြေဆိုရန်မလိုပါ) လူတွေ့ စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။
- (၃) အနိမ့်ဆုံး နည်းပြ၊ သရုပ်ပြ (သို့မဟုတ်) ယင်းနှင့်အဆင့်တူရာထူးတွင် လုပ်သက် (၂)နှစ် အနည်းဆုံးရှိရမည်။
- (၄) ပါရဂူအကြိုသင်တန်း တက်ရောက်ခွင့်ရရှိပါက သက်ဆိုင်ရာ ညွှန်ကြားရေးမှူးချုပ်ထံမှ အချိန်ပြည့် (၁)နှစ် တက်ရောက်ခွင့်ပြုကြောင်း ထောက်ခံစာ တင်ပြရမည်။

နိုင်ငံ့ဝန်ထမ်းမဟုတ်သူများအတွက်

အသိအမှတ်ပြုထားသောတက္ကသိုလ်တစ်ခုခုမှ မိမိလျှောက်ထားလိုသော ဘာသာရပ်နယ်ပယ်၌ အနိမ့်ဆုံး မဟာဘွဲ့အောင်မြင်ပြီးသူဖြစ်ရပါမည်။ မဟာဘွဲ့အတွက် ပြုလုပ်ခဲ့သော သုတေသနအကျဉ်းချုပ်နှင့် ပါရဂူဘွဲ့သင်တန်းတွင် ဆောင်ရွက်လိုသော သုတေသနနယ်ပယ်အဆိုပြုချက် (ကွန်ပျူတာစာစီ၍ စာမျက်နှာ (၃) မျက်နှာထက်မပိုသော)ကို လျှောက်လွှာနှင့်အတူ ပူးတွဲ တင်ပြရမည်။ လူတွေ့စစ်ဆေးခြင်းကို ဖြေဆိုအောင်မြင်ရမည်။

၃။ မြိတ်တက္ကသိုလ်၊ ကျောင်းသားရေးရာဌာနတွင် သတ်မှတ်ထားသည့် လျှောက်လွှာပုံစံဖြင့် ၁၉-၅-၂၀၂၃ (သောကြာနေ့) နောက်ဆုံးထား လျှောက်ထားရမည်။

၄။ လျှောက်ထားသူများသည် မြိတ်တက္ကသိုလ်တွင် ပါရဂူဘွဲ့(Ph.D) သင်တန်း ဝင်ခွင့် စာမေးပွဲကို အောက်ပါအတိုင်း ဝင်ရောက်ဖြေဆိုရမည်-
- (က) ၂၂-၅-၂၀၂၃(တနင်္လာနေ့) ၀၉:၀၀ နာရီ မှ ၁၂:၀၀ နာရီထိ သက်ဆိုင်ရာဘာသာရပ်
- (ခ) ၂၃-၅-၂၀၂၃(အင်္ဂါနေ့) ၀၉:၀၀ နာရီ မှ ၁၂:၀၀ နာရီထိ အင်္ဂလိပ်စာဘာသာရပ်

၅။ ရေးဖြေစာမေးပွဲအောင်မြင်သူများနှင့် မဟာသုတေသနဘွဲ့ရရှိထားသူများကို ၂၉-၅-၂၀၂၃ ရက် (တနင်္လာနေ့) တွင် လူတွေ့စစ်ဆေးမည်။

၆။ အသေးစိတ်အချက်အလက်များကို ဘာသာရပ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဘာသာရပ် ပါမောက္ခ(ဌာနမှူး)များထံတွင်လည်းကောင်း၊ သင်တန်းဝင်ခွင့်နှင့် စပ်လျဉ်း၍ သင်တန်းရေးရာ(ဌာနမှူး)ဖုန်း- ၀၉-၇၅၇၃၁၈၄၄၁၊ လ/ထမော်ကွန်းထိန်း ဖုန်း-၀၉-၄၂၂၁၉၅၃၃၉ ထံတွင်လည်းကောင်း စုံစမ်းနိုင်ပါသည်။

ဌာနမှူး၊ သင်တန်းရေးရာ
မြိတ်တက္ကသိုလ်

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၄/ရွှေကြာပင်ရှိ ဦးသိန်းနိုင် အမည်ပေါက် မြေကွက်အမှတ်(၂၁၀၄)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကအား ဒက္ခိဏခရိုင်တရားရုံးမှ လေလံဆွဲဝယ်ယူရရှိသူ ဒေါ်ခင်မိုးဖြူ(ဘ)ဦးစိန်ပေါင်း ၁၀/မလမ(နိုင်)၁၃၁၄၂၃ မှ ဒက္ခိဏခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၄၄/၂၀၁၅၊ တရားမဇာရီမှုအမှတ် ၁၀/၂၀၁၇၊ တရားရုံးအနိုင် ဒီကရီ၊ ဒက္ခိဏခရိုင်တရားရုံး၏ ၁၉-၁၁-၂၀၂၁ ရက်စွဲပါ ရောင်းချရန်အမိန့်၊ ပျဉ်းမနားခရိုင်တရားရုံး၏ ရောင်းကြောင်းလက်မှတ်စာ၊ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်အမှတ်(၈၀၅/၂၀၂၂)ဖြင့် စာချုပ်ချုပ်ဆို မှတ်ပုံတင်ထားသည့် မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုရောင်းကြောင်း လက်မှတ်စာ၊ နိုင်ငံသား စိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ကျောက်ဆည်တက္ကသိုလ်
(အဝေးသင်သင်တန်း)
ပထမအကြိမ် ဘွဲ့နှင်းသဘင်အစီအစဉ်

၂၀၁၉ ပညာသင်နှစ်နှင့် ၂၀၂၂ ပညာသင်နှစ် ကျောက်ဆည်တက္ကသိုလ်(အဝေးသင်သင်တန်း) မှ ဘွဲ့ရရှိပြီး ဘွဲ့နှင်းသဘင် တက်ရောက်ရန် လျှောက်ထားသူများအတွက် ဘွဲ့နှင်းသဘင်ကို ကျောက်ဆည်တက္ကသိုလ် ဧကရာဇ်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဖော်ပြပါအစီအစဉ်အတိုင်း တက်ရောက်ရန် ကြေညာလိုက်သည်-

(၂၇-၅-၂၀၂၃)ရက် နံနက်ပိုင်း၊ နံနက် (၉:၀၀) နာရီ၊ အပိုင်း(၁)

ဝိဇ္ဇာဘွဲ့	မြန်မာစာ	၄-မ-၁ မှ ၂၀၉	ထိ (၂၀၁၉ ပညာသင်နှစ်)
	စီးပွားစီမံ	၄-စစ-၁ မှ ၁၆၉	ထိ (၂၀၁၉ ပညာသင်နှစ်)
သိပ္ပံဘွဲ့	ဓာတုဗေဒ	၄-ဓ-၁ မှ ၆၅	ထိ (၂၀၁၉ ပညာသင်နှစ်)

(၂၇-၅-၂၀၂၃)ရက် မွန်းလွဲပိုင်း၊ မွန်းလွဲ (၁:၃၀) နာရီ အပိုင်း(၂)

ဝိဇ္ဇာဘွဲ့	မြန်မာစာ	၄-မ-၂၁၀ မှ ၄၀၈	ထိ (၂၀၁၉ ပညာသင်နှစ်)
	စီးပွားရေး	၄-စီး-၁ မှ ၁၅၄	ထိ (၂၀၁၉ ပညာသင်နှစ်)
သိပ္ပံဘွဲ့	ရူပဗေဒ	၄ ရပ-၁ မှ ၇၉	ထိ (၂၀၁၉ ပညာသင်နှစ်)

*** အစမ်းလေ့ကျင့်ရက်(၂၆-၅-၂၀၂၃)ရက် နံနက် (၉:၀၀) နာရီ၊ အပိုင်း(၁+၂)**

(၂၈-၅-၂၀၂၃)ရက် နံနက်ပိုင်း၊ နံနက် (၉:၀၀) နာရီ၊ အပိုင်း(၃)

ဝိဇ္ဇာဘွဲ့	မြန်မာစာ	၄-မ-၄၀၉ မှ ၆၁၁	ထိ (၂၀၁၉ ပညာသင်နှစ်)
	စီးပွားရေး	၄-စီး-၁၅၅ မှ ၃၀၈	ထိ (၂၀၁၉ ပညာသင်နှစ်
	စိတ်ပညာ	၄-စ-၁ မှ ၂၅	ထိ (၂၀၁၉ ပညာသင်နှစ်)
သိပ္ပံဘွဲ့	သတ္တဗေဒ	၄-သတ-၁ မှ ၅၄	ထိ (၂၀၁၉ ပညာသင်နှစ်)

(၂၈-၅-၂၀၂၃)ရက် မွန်းလွဲပိုင်း၊ မွန်းလွဲ (၁:၃၀) နာရီ၊ အပိုင်း(၄)

ဝိဇ္ဇာဘွဲ့	မြန်မာစာ	၄-မ-၆၁၂ မှ ၇၈၄	ထိ (၂၀၁၉ ပညာသင်နှစ်)
	စီးပွားရေး	၄-စီး-၃၂၀ မှ ၅၀၁	ထိ (၂၀၁၉ ပညာသင်နှစ်)
	သမိုင်း	၄-သ-၁ မှ ၁၂၅	ထိ (၂၀၁၉ ပညာသင်နှစ်)

*** အစမ်းလေ့ကျင့်ရက်(၂၆-၅-၂၀၂၃)ရက် မွန်းလွဲ (၁:၃၀) နာရီ၊ အပိုင်း(၃+၄)**

(၃၀-၅-၂၀၂၃)ရက် နံနက်ပိုင်း၊ နံနက် (၉:၀၀) နာရီ၊ အပိုင်း(၅)

ဝိဇ္ဇာဘွဲ့	သမိုင်း	၄-သ-၁၂၆ မှ ၂၆၂	ထိ (၂၀၁၉ ပညာသင်နှစ်)
	ပထဝီဝင်	၄-ပ-၁ မှ ၁၇၆	ထိ (၂၀၁၉ ပညာသင်နှစ်)
သိပ္ပံဘွဲ့	သင်္ချာ	၄-သခ-၁ မှ ၁၄၁	ထိ (၂၀၁၉ ပညာသင်နှစ်)

(၃၀-၅-၂၀၂၃)ရက် မွန်းလွဲပိုင်း၊ မွန်းလွဲ (၁:၃၀) နာရီ၊ အပိုင်း(၆)

ဝိဇ္ဇာဘွဲ့	သမိုင်း	၄-သ-၂၆၃ မှ ၄၃၁	ထိ (၂၀၁၉ ပညာသင်နှစ်)
	ပထဝီဝင်	၄-ပ-၁၇၇ မှ ၃၆၅	ထိ (၂၀၁၉ ပညာသင်နှစ်)
ဥပဒေဘွဲ့	ဥပဒေပညာ	၅-ဥ-၁ မှ ၉၃	ထိ (၂၀၁၉ ပညာသင်နှစ်)

*** အစမ်းလေ့ကျင့်ရက်(၂၉-၅-၂၀၂၃)ရက် နံနက် (၉:၀၀) နာရီ၊ အပိုင်း(၅+၆)**

(၃၁-၅-၂၀၂၃)ရက် နံနက်ပိုင်း၊ နံနက် (၉:၀၀) နာရီ၊ အပိုင်း(၇)

ဝိဇ္ဇာဘွဲ့	သမိုင်း	၄-သ-၄၃၂ မှ ၅၄၆	ထိ (၂၀၁၉ ပညာသင်နှစ်)
	ပထဝီဝင်	၄-ပ-၃၆၆ မှ ၅၀၀	ထိ (၂၀၁၉ ပညာသင်နှစ်)
ဥပဒေဘွဲ့	ဥပဒေပညာ	၅-ဥ-၉၅ မှ ၁၈၂	ထိ (၂၀၁၉ ပညာသင်နှစ်)
ဝိဇ္ဇာဘွဲ့	ဒဿနိကဗေဒ	၄-ဒ-၁ မှ ၁၁၂	ထိ (၂၀၁၉ ပညာသင်နှစ်)

(၃၁-၅-၂၀၂၃)ရက် မွန်းလွဲပိုင်း၊ မွန်းလွဲ (၁:၃၀) နာရီ၊ အပိုင်း(၈)

ဝိဇ္ဇာဘွဲ့	ပထဝီဝင်	၄-ပ-၅၀၁ မှ ၆၈၀	ထိ (၂၀၁၉ ပညာသင်နှစ်)
	ဒဿနိကဗေဒ	၄-ဒ-၁၁၃ မှ ၂၂၄	ထိ (၂၀၁၉ ပညာသင်နှစ်)
	အင်္ဂလိပ်စာ	၄-အ-၁ မှ ၁၈၁	ထိ (၂၀၁၉ ပညာသင်နှစ်)

*** အစမ်းလေ့ကျင့်ရက်(၂၉-၅-၂၀၂၃)ရက် မွန်းလွဲ (၁:၃၀) နာရီ၊ အပိုင်း(၇+၈)**

(၂-၆-၂၀၂၃)ရက် နံနက်ပိုင်း၊ နံနက် (၉:၀၀) နာရီ၊ အပိုင်း(၉)

ဝိဇ္ဇာဘွဲ့	ပထဝီဝင်	၄-ပ-၆၈၂ မှ ၈၅၀	ထိ (၂၀၁၉ ပညာသင်နှစ်)
	ဒဿနိကဗေဒ	၄-ဒ-၂၂၅ မှ ၃၃၃	ထိ (၂၀၁၉ ပညာသင်နှစ်)
	အင်္ဂလိပ်စာ	၄-အ-၁၈၂ မှ ၃၄၀	ထိ (၂၀၁၉ ပညာသင်နှစ်)

(၂-၆-၂၀၂၃)ရက် မွန်းလွဲပိုင်း၊ မွန်းလွဲ (၁:၃၀) နာရီ၊ အပိုင်း(၁၀)

ဝိဇ္ဇာဘွဲ့	ပထဝီဝင်	၄-ပ-၈၅၁ မှ ၁၀၃၀	ထိ (၂၀၁၉ ပညာသင်နှစ်)
	အင်္ဂလိပ်စာ	၄-အ-၃၄၁ မှ ၅၈၄	ထိ (၂၀၁၉ ပညာသင်နှစ်)
သိပ္ပံဘွဲ့	ရုက္ခဗေဒ	၄-ရခ-၁ မှ ၁၆	ထိ (၂၀၁၉ ပညာသင်နှစ်)

*** အစမ်းလေ့ကျင့်ရက်(၁-၆-၂၀၂၃)ရက် နံနက် (၉:၀၀) နာရီ၊ အပိုင်း(၉+၁၀)**

(၃-၆-၂၀၂၃)ရက် နံနက်ပိုင်း၊ နံနက် (၉:၀၀) နာရီ၊ အပိုင်း(၁၁)

ဝိဇ္ဇာဘွဲ့	ပထဝီဝင်	၄-ပ-၁၀၃၁ မှ ၁၂၂၉	ထိ (၂၀၁၉ ပညာသင်နှစ်)
	အင်္ဂလိပ်စာ	၄-အ-၅၈၅ မှ ၈၅၈	ထိ (၂၀၁၉ ပညာသင်နှစ်)
	အရှေ့တိုင်းပညာ	၄-အရ-၁ မှ ၁၅	ထိ (၂၀၁၉ ပညာသင်နှစ်)

(၃-၆-၂၀၂၃)ရက် မွန်းလွဲပိုင်း၊ မွန်းလွဲ (၁:၃၀) နာရီ၊ အပိုင်း(၁၂)

ဝိဇ္ဇာဘွဲ့	မြန်မာစာ	၄-မ-၁ မှ ၂၈၀	ထိ (၂၀၂၂ ပညာသင်နှစ်)
	ပထဝီဝင်	၄-ပ-၁ မှ ၃၇၂	ထိ (၂၀၂၂ ပညာသင်နှစ်)
	ဒဿနိကဗေဒ	၄-ဒ-၁ မှ ၂၀၄	ထိ (၂၀၂၂ ပညာသင်နှစ်)
သိပ္ပံဘွဲ့	သတ္တဗေဒ	၄-သတ-၈ မှ ၇၈	ထိ (၂၀၂၂ ပညာသင်နှစ်)

*** အစမ်းလေ့ကျင့်ရက်(၁-၆-၂၀၂၃)ရက် မွန်းလွဲ (၁:၃၀) နာရီ၊ အပိုင်း(၁၁+၁၂)**

(၅-၆-၂၀၂၃)ရက် နံနက်ပိုင်း၊ နံနက် (၉:၀၀) နာရီ၊ အပိုင်း(၁၃)

ဝိဇ္ဇာဘွဲ့	မြန်မာစာ	၄-မ-၂၈၆ မှ ၅၃၂	ထိ (၂၀၂၂ ပညာသင်နှစ်)
	ပထဝီဝင်	၄-ပ- ၃၇၈ မှ ၈၃၈	ထိ (၂၀၂၂ ပညာသင်နှစ်)
	အရှေ့တိုင်းပညာ	၄-အရ-၁ မှ ၁၂	ထိ (၂၀၂၂ ပညာသင်နှစ်)
ဥပဒေဘွဲ့	ဥပဒေပညာ	၅-ဥ-၄ မှ ၁၁၁	ထိ (၂၀၂၂ ပညာသင်နှစ်)

(၅-၆-၂၀၂၃)ရက် မွန်းလွဲပိုင်း၊ မွန်းလွဲ (၁:၃၀) နာရီ၊ အပိုင်း(၁၄)

ဝိဇ္ဇာဘွဲ့	မြန်မာစာ	၄-မ-၅၃၃ မှ ၇၄၃	ထိ (၂၀၂၂ ပညာသင်နှစ်)
	ပထဝီဝင်	၄-ပ-၈၃၉ မှ ၁၁၈၆	ထိ (၂၀၂၂ ပညာသင်နှစ်)
	အင်္ဂလိပ်စာ	၄-အ-၁ မှ ၂၇၉	ထိ (၂၀၂၂ ပညာသင်နှစ်)
သိပ္ပံဘွဲ့	ဓာတုဗေဒ	၄-ဓ-၇ မှ ၆၇	ထိ (၂၀၂၂ ပညာသင်နှစ်)

*** အစမ်းလေ့ကျင့်ရက်(၄-၆-၂၀၂၃)ရက် နံနက် (၉:၀၀) နာရီ၊ အပိုင်း(၁၃+၁၄)**

(၆-၆-၂၀၂၃)ရက် နံနက်ပိုင်း၊ နံနက် (၉:၀၀) နာရီ၊ အပိုင်း(၁၅)

ဝိဇ္ဇာဘွဲ့	ပထဝီဝင်	၄-ပ-၁၁၈၇ မှ ၁၅၃၇	ထိ (၂၀၂၂ ပညာသင်နှစ်)
	အင်္ဂလိပ်စာ	၄-အ-၂၈၀ မှ ၅၂၄	ထိ (၂၀၂၂ ပညာသင်နှစ်)
	သမိုင်း	၄-သ-၁ မှ ၁၉၇	ထိ (၂၀၂၂ ပညာသင်နှစ်)
သိပ္ပံဘွဲ့	ရူပဗေဒ	၄ ရပ-၂ မှ ၆၁	ထိ (၂၀၂၂ ပညာသင်နှစ်)

(၆-၆-၂၀၂၃)ရက် မွန်းလွဲပိုင်း၊ မွန်းလွဲ (၁:၃၀) နာရီ၊ အပိုင်း(၁၆)

ဝိဇ္ဇာဘွဲ့	မြန်မာစာ	၄-မ-၇၄၆ မှ ၁၀၁၃	ထိ (၂၀၂၂ ပညာသင်နှစ်)
	သမိုင်း	၄-သ-၁၉၈ မှ ၅၀၆	ထိ (၂၀၂၂ ပညာသင်နှစ်)
	စိတ်ပညာ	၄-စ ၅ မှ ၁၇	ထိ (၂၀၂၂ ပညာသင်နှစ်)
သိပ္ပံဘွဲ့	သင်္ချာ	၄-သခ-၅ မှ ၈၄	ထိ (၂၀၂၂ ပညာသင်နှစ်)
	ရုက္ခဗေဒ	၄- ရခ-၂၂	(၂၀၂၂ ပညာသင်နှစ်)

*** အစမ်းလေ့ကျင့်ရက်(၄-၆-၂၀၂၃)ရက် မွန်းလွဲ (၁:၃၀) နာရီ၊ အပိုင်း(၁၅+၁၆)**

၁။ ဘွဲ့နှင်းသဘင်အခမ်းအနား ဘွဲ့တက်ရောက်ယူမည့်သူများအတွက် ဘွဲ့ဝတ်စုံများငှားရမ်းခွင့် ထောက်ခံစာများနှင့် ဘွဲ့နှင်းသဘင်တက်ရောက်ခွင့်ပြုသည့်လက်မှတ်/ ဧည့်လက်မှတ်များကို ဘွဲ့ကြေးငွေသွင်းပြေစာပြ၍ ကျောက်ဆည်တက္ကသိုလ် စာမေးပွဲနှင့်ဘွဲ့နှင်းဌာနတွင် အောက်ပါအစီအစဉ်အတိုင်း ထုတ်ယူနိုင်ပါသည်-

ဘွဲ့နှင်းသဘင် အစီအစဉ်	ဘွဲ့ဝတ်စုံငှားရမ်းခွင့်ထောက်ခံစာများထုတ်ပေးမည့်ရက်	
အပိုင်း (၁+၂+၃+၄)	(၂၄-၅-၂၀၂၃)	(၂၅-၅-၂၀၂၃)
အပိုင်း (၅+၆+၇+၈)	(၂၇-၅-၂၀၂၃)	(၂၈-၅-၂၀၂၃)
အပိုင်း (၉+၁၀+၁၁+၁၂)	(၃၀-၅-၂၀၂၃)	(၃၁-၅-၂၀၂၃)
အပိုင်း (၁၃+၁၄+၁၅+၁၆)	(၂-၆-၂၀၂၃)	(၃-၆-၂၀၂၃)

၂။ ဘွဲ့နှင်းသဘင်နှင့် အစမ်းလေ့ကျင့်ပွဲ အခမ်းအနားများတွင် ဘွဲ့တက်ရောက်ယူမည့်သူများသည် မြန်မာဝတ်စုံ၊ တိုင်းရင်းသားဝတ်စုံနှင့် အနောက်တိုင်းဝတ်စုံ(အမျိုးသား)များမှ နှစ်သက်ရာဝတ်စုံကို အပြည့်အစုံဝတ်ဆင်၍ တက်ရောက်ကြရပါမည်။ သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် မကိုက်ညီပါက ဘွဲ့နှင်းသဘင်သို့ တက်ရောက်ခွင့်ပြုမည်မဟုတ်ပါ။

၃။ တက်ရောက်ဘွဲ့လျှောက်ထားပြီး ဘွဲ့နှင်းသဘင်ကို တက်ရောက်ရန်ပျက်ကွက်သူများ၏ ဘွဲ့လက်မှတ်များကို အဝေးရောက်ဘွဲ့လက်မှတ်များ ထုတ်ပေးသည့်အချိန်မှသာ ထုတ်ပေးမည်ဖြစ်သည်။

၄။ အခြားအချက်အလက်များသိရှိလိုပါက ကျောက်ဆည်တက္ကသိုလ်စာမေးပွဲနှင့်ဘွဲ့နှင်းဌာနသို့ ဖုန်း-၀၉-၄၂၇၉၂၃၆၄ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မှတ်ချက်။ တက်ရောက်ခွင့်လက်မှတ်နှင့် ဧည့်လက်မှတ်များကို အစမ်းလေ့ကျင့်ပွဲ အခမ်းအနားသို့ တက်ရောက်မှသာ ထုတ်ပေးမည် ဖြစ်ပါသည်။

ပါမောက္ခချုပ်(ကိုယ်စား)
(သီတာအောင်၊ မော်ကွန်းထိန်း)
စာမေးပွဲနှင့်ဘွဲ့နှင်းဌာန
ကျောက်ဆည်တက္ကသိုလ်

ကြော်ငြာစာ
(အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃)
ညောင်ဦးခရိုင်တရားရုံးတော်
၂၀၂၃ ခုနှစ် တရားမအထွေထွေလျှောက်ထားလွှာအမှတ် -၁၂

ကွယ်လွန်သူ ဦးပေါက်စ(ခ)ဦးလှသောင်း ကျန်ရစ်သောပစ္စည်းနှင့်စပ်လျဉ်းသည့်အမှု

ဦးဝင်းဆင့် **လျှောက်ထားသူ**

ကျောက်ပန်းတောင်းမြို့နယ်၊ လက်ပန်ပင်ကျေးရွာအုပ်စု၊ ထန်းတောကြီးကျေးရွာတွင် နေထိုင်ခဲ့သော ကွယ်လွန်သူ ဦးပေါက်စ(ခ)ဦးလှသောင်း ကျန်ရစ်သောပစ္စည်းအပေါ်၌ အမွေထိန်းလက်မှတ်စာ ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးဝင်းဆင့်မှာ ဦးပေါက်စ(ခ)ဦးလှသောင်း၏ သားအရင်းဖြစ်သည်ဟူ၍လည်းကောင်း၊ ဦးပေါက်စ(ခ)ဦးလှသောင်းကျန်ရစ်သောပစ္စည်းအပေါ် အမွေဆက်ခံခြင်းအက်ဥပဒေအရ အမွေထိန်းလက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားသည်ဖြစ်၍ ဤအမှုကို ၂၀၂၃ ခုနှစ် ဇွန် ၈ ရက်(၁၃၈၅ ခုနှစ် နယုန်လပြည့်ကျော် ၆ ရက်)တွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဦးပေါက်စ(ခ)ဦးလှသောင်း ကျန်ရစ်သောပစ္စည်းအပေါ်၌ အကျိုးစီးပွားသက်ဆိုင်သည် အဆိုရှိသူဟူသမျှတို့သည် အဆိုပါအမှုတွင် ၎င်းတို့ (လာရောက်ဆိုင်ဆိုရန်သင့်လျော်မည်ဟုထင်မြင်လျှင်) ဤရုံးသို့ ဆိုခဲ့သော ၂၀၂၃ ခုနှစ် ဇွန် ၈ ရက် (၁၃၈၅ ခုနှစ် နယုန်လပြည့်ကျော် ၆ ရက်)တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်တစ်ဦးဦးအားဖြင့်လည်းကောင်း လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်းလက်မှတ်စာ မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၂၈၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ ၎င်းနေ့ရက်တွင် လျှောက်ထားသူ ဦးဝင်းဆင့်၏ လျှောက်ထားချက်ကိုကြားနာ၍ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ဆုံးဖြတ်လိမ့်မည် ဖြစ်သည်။

၂၀၂၃ ခုနှစ် မေ ၁၁ ရက် တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သီတာနွယ်)
ခရိုင်တရားသူကြီး
ညောင်ဦးခရိုင်တရားရုံး

ပြင်ဆင်မှုလျှောက်လွှာကို ကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို လျှောက်ထားခံရသူထံသို့ အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေပုဒ်မ ၁၁၅)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
၂၀၂၂ ခုနှစ်၊ တရားမပြင်ဆင်မှုအမှတ် - ၅၆၄

ဦးအောင်လင်းထိုက် **နှင့်** ဦးကြည်သိန်း
လျှောက်ထားသူ **လျှောက်ထားခံရသူ**

၂၀၂၂ ခုနှစ် ဇူလိုင် ၂၈ ရက်စွဲပါ ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ ၂၀၂၀ ပြည့်နှစ် တရားမပြင်ဆင်မှုအမှတ် ၂၃၇ ၏ စီရင်ချက်နှင့် ထုံးပိုကျအပြီးသတ်အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာနှင့်ပတ်သက်၍ လျှောက်ထားခံရသူ ဦးကြည်သိန်း အမှတ် (၃၂)၊ ၃-လွှာ၊ (၈၇)လမ်း၊ ကန်/နောက်ရပ်ကွက်၊ ကန်တော်ကလေး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး (ယခင်လိပ်စာ၊ ယခုလိပ်စာမသိနေ) သိစေရမည်၊

ဤအမှုတွင် ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၏စီရင်ချက်နှင့် ထုံးပိုကျအပြီးသတ်အမိန့်မှ ပြင်ဆင်မှုလျှောက်လွှာတစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဦးခင်မောင်ညို၊ ဒေါ်ခင်နှင်းသစ်တို့က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုပြင်ဆင်မှုလျှောက်လွှာကို ၂၀၂၃ ခုနှစ် ဇွန် ၉ ရက် နံနက် (၁၀) နာရီတွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရ ခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ် စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ် မေ ၉ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(တင်မေလတ်)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမတရားစီရင်ရေးဌာန
ပြည်ထောင်စုတရားစီရင်ရေးကြီးကြပ်မှုရုံး

ပြင်ဆင်မှုဆိုင်ရန် ချိန်းဆိုသည့်နေ့ရက်ကို ပြင်ဆင်မှုလျှောက်ထားခံရသူသို့ အကြောင်းကြားစာ
(တရားမကျင့်ထုံးဥပဒေအမိန့် - ၄၁၊ နည်း ဥပဒေ ၁၄)
ရှမ်းပြည်နယ်တရားလွှတ်တော်
၂၀၂၃ ခုနှစ် တရားမပြင်ဆင်မှုအမှတ် - ၅၁

ဂွတ်ဘရားသားစ်ကုမ္ပဏီလီမိတက် (ကုမ္ပဏီ၏အခွင့်ရကိုယ်စားလှယ် ဒေါ်ဝေဝေအောင်၊ မန်နေဂျာ တောင်ကြီးရုံးခွဲ) **နှင့်** ၁။ ယူနိုက်တက်အမရာဘဏ်လီမိတက် (ဒေါ်လင်းမြတ်သူ၊ ဘဏ်ခွဲ တာဝန်ခံမန်နေဂျာ၊ တောင်ကြီးဘဏ်ခွဲ)
၂။ ဦးညွန့်ဝေ
၃။ ဒေါ်စန်းစန်းအေး

လျှောက်ထားသူ **လျှောက်ထားခံရသူများ**

၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁၆ ရက်စွဲပါ တောင်ကြီးခရိုင် တရားရုံးတော်မှ တရားမဇာရီမှုအမှတ် ၇/၂၀၂၁ ကိုပြင်ဆင်မှု

လျှောက်ထားခံရသူအမှတ်(၃) ဒေါ်စန်းစန်းအေး အမှတ်(၇)၊ (၈) ရပ်ကွက်၊ တောင်လေးလုံးကျေးရွာ၊ တောင်ကြီးမြို့နယ် (ယခု နေရပ်လိပ်စာမသိ) တို့ သိစေရမည်။

ယခုအမှုတွင် တောင်ကြီးခရိုင် တရားရုံးတော်က ချပေးသည့် ထုံးပိုကျအမိန့်ကို လျှောက်ထားသူ ဂွတ်ဘရားသားစ်ကုမ္ပဏီလီမိတက်က ပြင်ဆင်မှုလျှောက်ထားရာ ဤရုံးတော်တွင် မှတ်ပုံတင်စာရင်းတင်သွင်း၍ ထိုပြင်ဆင်မှုကို ၂၀၂၃ ခုနှစ် မေ ၂၃ ရက် (၁၃၈၅ ခုနှစ် နယုန်လဆန်း ၅ ရက်) တွင် ဆိုင်ဆိုရန် ဤရုံးတော်က ချိန်းဆိုလိုက်သည်။ သင်ကိုယ်တိုင်ဖြစ်စေ၊ သင့်ရှေ့နေဖြစ်စေ၊ ဤပြင်ဆင်မှုတွင် သင့်အတွက်ဆောင်ရွက်ရန် ဥပဒေအရခွင့်ပြုထားသူ ကိုယ်စားလှယ်ဖြစ်စေ၊ မလာရောက်ခဲ့လျှင် ၎င်းပြင်ဆင်မှုကို သင်မရှိသည့်အခါတွင် တစ်ဖက်သတ်စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၃ ခုနှစ် မေ ၉ ရက် တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(အေးမြတ်မွန်)
လက်ထောက်ညွှန်ကြားရေးမှူး
ရှမ်းပြည်နယ်တရားလွှတ်တော်

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၅)၊ နယ်မြေ(၁၁)၊အကွက်အမှတ်(၎ါးပါး သီလစာသင်ကျောင်းကွက်)၊ ဦးပိုင်အမှတ် (၁၁၃၄) ၊ ဧရိယာ ၀ ဒသမ ၀၆၈ ဧကအား ဦးဇော်မင်းဦး ၁၃/လရန(နိုင်)၁၃၄၁၅၄နှင့် ဦးဇော်မင်းလေး ၁၃/လရန(နိုင်)၁၃၄၁၅၃ အမည်ဖြင့် မြေငှားဂရန်အသစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်ပေါင်း (၂၀)အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
လားရှိုးမြို့

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၇)၊ နယ်မြေ(၁၆)၊ အကွက်အမှတ် (စိတ္တသုခတိုးချဲ့)၊ ဦးပိုင်အမှတ် (၁၀၀)၊ ဧရိယာ ၀ ဒသမ ၀၆၉ ဧကအား ဒေါ်ဂူရှောက်ချောက် ၁၃/ကလတ(နိုင်)၀၂၄၄၄၉ အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်ပေါင်း(၂၀) အတွင်း အထောက်အထား ခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
လားရှိုးမြို့

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၂)၊ နယ်မြေ(၁၂)၊ အကွက်အမှတ်(၃၆/ရှမ်းဈေးတန်းရပ်)၊ ဦးပိုင်အမှတ် (၃၀)၊ ဧရိယာ ၀ ဒသမ ၂၁၆ ဧကအား ဦးလီကျူရှိန် ၁၃/ကလတ (နိုင်)၀၄၅၁၁၈ အမည်ဖြင့် မြေငှားဂရန်အသစ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှ ရက်ပေါင်း(၂၀) အတွင်းအထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
လားရှိုးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9K/7973 Suzuki Carry DA 21T Pickup(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးမင်းသူ ၅/ခဥန(နိုင်)၁၀၃၈၄၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်၊ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 5C/6794 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9D/9815 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)
ရန်ကုန်မြို့

အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးဝိစာရလမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၄၂/တိုးချဲ့)၊ မြေကွက်အမှတ် (၂၇၈/အေ)၊ အကျယ်အဝန်း ပေ(၄၀ x ၆၀)၊ (၂၄၀၀) စတုရန်းပေရှိ မြေကွက်နှင့် အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနရှိ မြို့မြေစာရင်းတွင် ဦးသိန်းကျော် ၃/ဘအန(နိုင်)၀၉၅၆၅၁ အမည်ဖြင့် တည်ရှိသော နှစ်(၆၀) မြေငှားဂရန် မြေကွက်ဖြစ်ပါသည်။ ၎င်းအမည်ပေါက် ပိုင်ဆိုင်သူထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် နှစ်ဖက်သဘောတူညီမှုအပေါ် စရန်ငွေပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့်အဆောက်အအုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့၏ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်အေးအေး
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၇၄၉)
အမှတ်-၃(B)၊ စစ်ကိုင်းလမ်း၊ မြကန်သာဥယျာဉ်အိမ်ရာ၊ လှိုင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၅၁၁၁၈၇၅

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ် ၁၀ ၊ ၁၇လမ်း ၊ မြေကွက်အမှတ် (၅၁၀-က) ဟုခေါ်တွင်သော နှစ်(၆၀) မြေငှားဂရန်တွင် ဒေါ်မာလာခင်အောင် ၁၂/တမန(နိုင်)၀၆၄၆၆၈ အမည်ပေါက်ပိုင် အလျားပေ(၆၀)xအနံပေ(၂၀)၊ ဧရိယာ ၁၂၀၀ စတုရန်းပေ မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား အမည်ပေါက်ပိုင်ဆိုင်သူ ဒေါ်မာလာခင်အောင် ၁၂/တမန(နိုင်)၀၆၄၆၆၈ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော (၁)ဦးတိုင်းအောင် ၅/ငဇန (နိုင်)၀၅၄၈၆ နှင့် (၂) ဒေါ်တင်နွယ်အေး ၁၂/ရကန(နိုင်)၀၁၄၀၉၂ မှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါကကျွန်ုပ်တို့ထံသို့ တိကျခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြေညာစာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်ပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာပါသည်။

ဦးတိုင်းအောင်နှင့်ဒေါ်တင်နွယ်အေး ၏လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဥမ္မာမြင့် (LL.B,D.B.L)	**ဒေါ်မြတ်နိုးခင်(LL.B)**
တရားလွှတ်တော်ရှေ့နေ	**အထက်တန်းရှေ့နေ**
စဉ်-၈၃၅၁(၁၃-၉-၂၀၁၂)	**စဉ်-၅၃၁၅၀ (၃၀-၆-၂၀၂၀)**

အမှတ်(၈၉၉)၊ မဟာဗန္ဓုလလမ်း၊ (၃၁)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉-၉၇၂၃၀၉၈၉၂

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
ဒေါ်မာမာငွေး
အသက်(၇၃)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊မှော်ဘီမြို့နယ်၊ လေထီးကျောင်းလမ်းမကြီး၊ ရွှေပေါက်ပင်လမ်းသွယ်၊ အင်းတန်းရွာ၊ အမှတ် ၂၇၁နေ ဗိုလ်မှူးကြီးဝင်းဆွေ(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဗိုလ်မှူး ထက်အောင်ဝင်း(ငြိမ်း)-ဒေါ်နှင်းစုလှိုင်အေး၊ ဗိုလ်မှူး ဖြိုးအောင်ဝင်း-ဒေါ်အေးဖြူစံမြင့်သန်း၊ ဗိုလ်ကြီးပြည်ဟိန်းအောင်(ငြိမ်း)၊ မလင်းလင်းဆွေတို့၏ မွေးသမိခင်ကြီး၊ မောင်အောင်ဖုန်းခန့်၊ မအိမြယွန်းဖြူ၊မောင်ခန့်ဘုန်းစံ၊ မစန္ဒီလင်းလက်ကို၊ မမြဇာခြည်နိုင်၊ မစုရတနာလင်းတို့၏ ဘွားဘွားကြီး၊ မအေးအေးမွန်၊ မောင်ကောင်းစိုးတို့၏အဒေါ် သည် ၁၃-၅-၂၀၂၃ရက် နံနက် ၀၀:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၆:၃၀နာရီတွင် တပ်မတော်ဆေးတက္ကသိုလ်(မင်္ဂလာဒုံ)သို့ ကွယ်လွန်သူ ကာယကံရှင်၏ဆန္ဒအရ သက်မဲ့ဆရာ အဖြစ် လှူပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၉-၅-၂၀၂၃ရက် (သောကြာနေ့) နံနက် ၈ နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန်ဖိတ်ကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

တစ်ဦးတည်းဖြစ်ကြောင်း

မိုးကုတ်မြို့၊ ကန်တော် ရပ်နေ ဒေါ်မို့မို့ချစ်(ခ)ဒေါ်မိုးမိုး ချစ် ၉/ပသက(နိုင်)၀၉၆၈၂၃ သည် အမည်နှစ်မျိုးဖြစ်သော် လည်း တစ်ဦးတည်းဖြစ်ပါ ကြောင်း။

ပျောက်ဆုံးကြောင်း

ကျွန်တော် အောင်သူရိန် ၁၃/ကတန(နိုင်)၁၄၆၂၆၀ ၏ နိုင်ငံကူးလက်မှတ်နံပါတ် MF 092088 မှာ ပျောက်ဆုံးသွားပါ သဖြင့် တွေ့ရှိပါက အကြောင်း ကြားပေးပါရန်။

ဖုန်း-၀၉-၆၉၄၅၄၄၃၈၂

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဘဒ္ဒန္တ သီလဝံသ
မာလာရုံကျောင်းတိုက်၊ ဗိုလ်ချုပ်ကျေးရွာ၊ သန်လျင်မြို့
သက်တော် (၆၆)နှစ်၊ သိက္ခာတော် (၄၁)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာ၊ မာလာရုံကျောင်းတိုက် ဦးစီးပဓာန နာယကဆရာတော်ဖြစ်တော်မူသော ဘဒ္ဒန္တ သီလဝံသ သက်တော် (၆၆)နှစ်၊ သိက္ခာတော် (၄၁)ဝါရ မထေရ်မြတ်သည် (၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ရက်) ၁၁-၅-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၄နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် (၁၃၈၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၃ရက်)၊ ၁၆-၅-၂၀၂၃ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် စံကျောင်း တော်ချပူဇော်ပွဲ အခမ်းအနားနှင့် (၁၃၈၅ခုနှစ်၊ နယုန်လဆန်း ၃ရက်)၊ ၂၁-၅-၂၀၂၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် ဗိုလ်ချုပ်ကျေးရွာသုသာန်၌ အန္တိမစျာပန သာဓုကီဠာန ပူဇော်ပွဲကျင်းပပြုလုပ်မည်ဖြစ်ပါ၍ ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမများအား ဖိတ်ကြားအသိပေးနှိုးဆော် အပ်ပါသည်။

စျာပနဖြစ်မြောက်ရေးအဖွဲ့

ဦးဟိန်းမျိုးအေး(ခ)ဟိန်းချမ်းသာအေး
အသက် (၄၃)နှစ်

ပုသိမ်မြို့၊ မရမ်းချိုရပ်၊ ယမုံနာတိုက်နေ (ဒေါ်သန်းရီ)၏ မြေး၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ကျွန်းတောလမ်းနေ (ဦးမောင်အေး)-ဒေါ်ခင်တုတ်တို့၏သားငယ်၊ ဒေါ်ခင်ဝင်း၊ ဒေါ်ခင်လှမူတို့၏ တူငယ်၊ နေပြည်တော်နေ ဦးတင်လင်းအောင် -ဒေါ်အေးအေးမွန်ဦး၊ ဦးစိုးမျိုးအေး၊ ဒေါ်ခိုင်ကလျာအေး၊ ဦးမိုးကျော်သူ-ဒေါ်အေးသန္တာထွေးတို့နှင့် ဦးမျိုးတေဇာဦး၊ ဦးမျိုးဇေယျာဦး၊ ဦးမျိုးဇာနည်ဦး၊ ဒေါ်မျိုးမျိုးဦး၊ ဒေါ်အိအိဇင်၊ ဒေါ်ခိုင်ချိုဝင်းတို့၏ညီ/မောင်၊ တူ/တူမ ကိုးယောက်တို့၏ဦးလေးသည် ၁၂-၅-၂၀၂၃ရက် (သောကြာနေ့) နံနက် ၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် နေပြည်တော်၊ ကွေ့ကြီး သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၇နာရီမှ ၁၁နာရီထိ အခန်း (၁၂)၊ တိုက် (၁၀၆၁၊ ခရေအိမ်ရာ၊ နေပြည်တော်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဒေါ်ခင်ထွေးအောင်(သာသနာရေးဦးစီးဌာန)
အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၇၉၊ အခန်း ၂ နေ (ဦးချမ်းသာ-ဒေါ်လှဇင်)တို့၏သမီး၊ (ဦးမြင့်ထွန်း-စက်မှု-၁)၏ ဇနီး၊ ဦးစိုးဝင်း-ဒေါ်ယုယုထွန်း၊ သမားတော်ကြီး ဒေါက်တာသက်သက်ထွန်း(ဟင်္သာတပြည်သူ့ဆေးရုံကြီး)တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မစိုးယုထွန်း၏ ဘွားဘွားကြီးသည် ၉-၅-၂၀၂၃ရက် (အင်္ဂါနေ့) ညနေ ၃:၀၅နာရီတွင် ဟင်္သာတမြို့ဆေးရုံဝင်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၀-၅-၂၀၂၃ရက်(ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ဟင်္သာတမြို့ သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

ခေါ့လျှံချိန်း(ခ)ဦးတင်မြင့်(မော်လမြိုင်)
အသက် (၆၉)နှစ်

မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ အမှတ်(၁၁၅-B)နေ (ဦးဟွီးယား-ဒေါ်ယော်ဝေး)တို့၏သား၊ (ဦးစံလှိုင်-ဒေါ်ကောက်ပို့)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်နွယ်၏ ခင်ပွန်း၊ ဦးနေလင်းနိုင်-ဒေါ်ဇင်ဇင်မြင့်၊ ဦးကျော်မြတ်သူ-ဒေါ်ဆုဆုမော်၊ မဇင်မေမြင့်၊ မအောင်အောင်နွယ်တို့၏ဖခင်၊ မြေး လေးယောက်တို့၏အဘိုး ခေါ့လျှံချိန်း(ခ)ဦးတင်မြင့် အသက် (၆၉)နှစ်သည် ၁၂-၅-၂၀၂၃ရက် (သောကြာနေ့) ညနေ ၃နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်အနိစ္စရောက်သည်။ ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၁၄-၅-၂၀၂၃ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၂:၃၀ နာရီတွင် (၈)မိုင် ကြန့်တိတ်သုသာန်သို့ ပို့ဆောင်ဂူသွင်း သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကွယ်လွန်သူအားရည်စူး၍ ပင့်သံဃာအရှင်သူမြတ်တို့ အား ဆွမ်းအစရှိသော လှူဖွယ်ဝတ္ထုအစုစုတို့ဖြင့် ဆက်ကပ်လှူဒါန်း၍ ရေစက်သွန်းချအမျှပေးဝေမည်ဖြစ်ပါသောကြောင့် ၁၆-၅-၂၀၂၃ရက် (အင်္ဂါနေ့) နံနက် ၆နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ကျန်ရစ်သူမိသားစုတို့က လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်လှမြင့် (ကျောင်းအုပ်ဆရာမကြီး -ငြိမ်း)
ဘီလူးကျွန်း၊ ကွမ်သဲ
အသက်(၈၅)နှစ်

ဒေါက်တာမြတ်သီတာမွန်၊ ပါမောက္ခ(UIT)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်လှမြင့် အသက်(၈၅)နှစ်သည် ၁၃-၅-၂၀၂၃ ရက် (စနေနေ့) မွန်းလွဲ ၃:၃၀ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန် အနိစ္စရောက်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲ ရပါကြောင်း။

အဆင့်မြင့်အရာထမ်းများ စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ် (၁၀)၊
ဗ၀တ (ဖောင်ကြီး) မှ
သင်တန်းသား/သူ အရာထမ်းများ

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးမောင်မောင်နေဝင်း(င/ပ-သန်လျင်)
တပ်မတော်(ရေ)(ငြိမ်း)
အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်၊ ယမုံနာ (၂)ရပ်ကွက်၊ ယမုံနာရိပ်မွန် အိမ်ရာ(A-1-45)၃-ထပ်နေ (ဦးပုတင်-ဒေါ်ချောမြင့်)တို့၏သား၊ (ဦးသန်းမောင်-ဒေါ်သန်းရီ) တို့၏သားသမက်၊ (ဒေါ်သိမ်းမြင့်)၏ခင်ပွန်း၊ဦးသိန်းဇော်-ဒေါ်မိုးသက်ခိုင်ဝင်း၊ (ဦးကြည်စိုး)-ဒေါ်နှင်းနွယ်အိဝင်း(ထ-၆၊ ဗိုလ်တထောင်)၊ ဒေါ်နွေကျော့ကလျာဝင်း၊ဦးမောင်မောင်ကျော်စွာဝင်းတို့၏ဖခင်၊ မြေး ခုနစ်ယောက်တို့၏ အဘိုး ဦးမောင်မောင်နေဝင်းသည် ၁၂-၅-၂၀၂၃ရက် (သောကြာနေ့) နံနက် ၅နာရီတွင် ရွှေလမင်းဆေးရုံတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၁၂:၄၅နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၃ရက် (ကြာသပတေးနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ ယမုံနာရိပ်မွန် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမ
ဒေါ်လှမြင့် (ကျောင်းအုပ်ဆရာမကြီး-အငြိမ်းစား)
ဘီလူးကျွန်း၊ ကွမ်သဲ
အသက် (၈၅)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အိမ်အမှတ် ၂၂၂/၂ (မြေညီထပ်)၊ ဒေါင်းမင်းလမ်း၊ ၁၄/၂ ရပ်ကွက်နေ (ဦးထွန်းတင်-ဒေါ်ဖွားစိန်)တို့၏သမီး၊ ဦးဟန်ထွန်း၏ချစ်လှစွာသောဇနီး၊ ဦးမင်းဇင်မွန်-ဒေါ်အေးသန္တာညွန့်၊ ဒေါက်တာမြတ်သီတာမွန် (ပါမောက္ခ၊ UIT)၊ ဦးဇော်လွင်-ဒေါ်မြတ်တေဇာမွန်၊ ဒေါ်မြတ်သီရိမွန်တို့၏မွေးသမိခင်၊ မောင်ညဏ်မင်းဆက်-မဟန်ငြိမ်းစု၊ မဖြူသင်းကြည်၊ မမြတ်ထက်ထက်မွန်တို့၏ ချစ်လှစွာသောအဘွား ဒေါ်လှမြင့် သည် ၁၃-၅-၂၀၂၃ရက် (စနေနေ့) ညနေ ၃:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၅-၂၀၂၃ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၁၀:၃၀ နာရီတွင် စတင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်သိန်းဦး(ဒု-ဥက္ကဋ္ဌ၊ M-3 FOOD CENTER)နှင့် ဇနီး ဒေါ်ခင်အေးမြင့် တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ရွှေဘီတင်ဦး အသက်(၉၄) နှစ်သည် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

M-3 FOOD CENTER
ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ
SUSHI TEI
ဒါရိုက်တာအဖွဲ့နှင့် ဝန်ထမ်းများ

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ဦးချိန်ဗုက်
အသက်(၈၀)နှစ်

ထိုင်းဆရာတော်၊ ဦးဓမ္မလင်္ကာရ၏ ဒါယကာကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေဂုဏ်သူအိမ်ရာ၊ အောက်ကြည့်မြင်တိုင်လမ်း၊ (ရွှေပလ္လင်လက်ဖက်ရည်ဆိုင်)ဘေး၊ တိုက် (A-1)၊ အခန်း ၇၀၃နေ (ဦးကျင်စိန်-ဒေါ်ကြင်မြိုင်)တို့၏သား၊ (ဦးကျင်ဆိုင်)-ဒေါ်ရှုကြည်တို့၏မောင်၊ (ဦးချိန်ဆိုင်-ဒေါ်ခင်မြ)တို့၏ညီ၊ (ဦးတင်ထွန်း)-ဒေါ်ကြည်လေးတို့၏ အစ်ကို၊ဦးမြင့်ထွန်း-ဒေါ်မြင့်မြင့်ဝင်း၊ ဦးရန်လင်း-(ဒေါ်မြင့်ရွှေ)တို့၏ အစ်ကို၊ (ဦးကြည်ဝင်း)-ဒေါ်ခင်စန်းရီ၊ (ဦးဖိုးမင်း)-ဒေါ်အေးအေးရီတို့၏ အစ်ကို၊ ဒေါ်ကျင်လင်း၏ ချစ်လှစွာသော ခင်ပွန်း၊ ကိုပီတာစိုင်း-မစုစုမွန်၊ ကိုကျော်မျိုးသိမ်းတို့၏ ချစ်လှစွာသောဖခင်၊ Christopher Tsai,Charlotte Tsai တို့၏ ချစ်လှစွာသောအဘိုးသည် ၁၂-၅-၂၀၂၃ရက် (သောကြာနေ့)နံနက် ၉:၂၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၂၃ရက်(ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၃ရက် (ကြာသပတေးနေ့) နံနက် ၆ နာရီတွင် နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဝမ်းနည်းကြေကွဲခြင်း
ဗိုလ်မှူး ရဲအောင်စော
အသက်(၅၀)နှစ်

အလုပ်သင်ဗိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၂၂)မှ သူငယ်ချင်း ဗိုလ်မှူး ရဲအောင်စော အသက်(၅၀)နှစ်သည် ၁၃-၅-၂၀၂၃ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

တေဇ(၂၂)မှ သူငယ်ချင်းများ

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမြင့်သိန်းဦး(ဒု-ဥက္ကဋ္ဌ၊ M-3 FOOD CENTER)နှင့် ဇနီး ဒေါ်ခင်အေးမြင့် တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ရွှေဘီတင်ဦး အသက်(၉၄) နှစ်သည် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဒေါ်ခင်မေဝင်း မိသားစု
ဦးမောင်မောင်ရင်-ဒေါ်လှလှစိန် မိသားစု
ဦးမျိုးမြင့်-ဒေါက်တာချိုချိုဝင်း မိသားစု

ဒေါ်ခင်အေးမူ(တရားလွှတ်တော်ရှေ့နေ)
တွဲဖက်အတွင်းရေးမှူး(၂)၊ ရန်ကုန်ရှေ့နေအသင်း
အသက် (၆၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၄)ရပ်ကွက်၊ မြင်သာ (၉)လမ်း၊ အမှတ် (၁၁၀/၁)နေ (ဦးတင်ဦး)၏ ချစ်လှစွာသော ဇနီး၊ ဒေါ်အေးချမ်းဦး၊ ဦးရန်နိုင်ဦး-ဒေါ်ချိုမီမေအောင်၊ ဒေါ်ထက်ထက်ဦးတို့၏ မွေးသမိခင်ကျေးဇူးရှင် ဒေါ်ခင်အေးမူ (တရားလွှတ်တော်ရှေ့နေ) အသက် (၆၈)နှစ်သည် ၁၃-၅-၂၀၂၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အသင်းသူအသင်းသားများ၊ ရန်ကုန်ရှေ့နေအသင်း

အများသိရှိစေရန် ကြေညာခြင်း

ဦးမင်းဇော် ၆/ရဖန(နိုင်)၀၅၇၈၈၂၊ ဒေါ်ဖြူဖြူလွင် ၆/ထဝန(နိုင်) ၀၀၄၁၁၈၊ ထားဝယ်လမင်း(အဆင့်မြင့်ခရီးသည်ပို့ဆောင်ရေးနှင့် ကားစင်းလုံး အငှားဝန်ဆောင်မှုလုပ်ငန်း)၊ ထားဝယ်မြို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများ သိရှိစေရန် ကြေညာအပ်ပါသည်-

ဦးမင်းဇော်-ဒေါ်ဖြူဖြူလွင်တို့သည် ထားဝယ်လမင်း အမည်ပါ ဝန်ဆောင်မှု လုပ်ငန်းအား ၂၀၁၃ ခုနှစ်မှ ယနေ့တိုင် ဥပဒေနှင့်အညီ လုပ်ကိုင်ဆောင်ရွက်လျက်ရှိကြပါကြောင်း၊ ၎င်းဝန်ဆောင်မှုလုပ်ငန်းနှင့် ပတ်သက်၍လည်းကောင်း၊ လူပုဂ္ဂိုလ်ရေးရာ ဂုဏ်သိက္ခာအရလည်းကောင်း ထိခိုက်နစ်နာစေရန် နှုတ်ဖြင့်ဖြစ်စေ၊ စာဖြင့်ဖြစ်စေ ကြံရွယ်ပြုလုပ်ဆောင်ရွက်ပါက ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားသူများ	လွှဲအပ်ညွှန်ကြားချက်အရ
၁။ ဦးမင်းဇော်	ဦးရဲနိုင်(LL.B)
၆/ရဖန(နိုင်)၀၅၇၈၈၂	တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၈၈၈)
၂။ ဒေါ်ဖြူဖြူလွင်	ရက်စွဲ ၃၁-၁-၂၀၂၂
၆/ထဝန(နိုင်)၀၀၄၁၁၈	အမှတ် ည/၆၄၊ ကျွန်းမွေး(၂)လမ်း
	ထိန်သစ်ရပ်ကွက်၊ ထားဝယ်မြို့
	ဖုန်း-၀၉-၄၅၄၃၈၉၀၂၈

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/11889, LUOJIA 110, M/C ယာဉ်လက်ဝယ်ရှိသူ KHWAR NYO TRADING CO.,LTD. က (ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊
ခရိုင်ရုံး(သာယာဝတီ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/33186, Canda 125 ယာဉ်လက်ဝယ်ရှိသူ ဦးထက်လင်းအောင် ၉/လဝန(နိုင်) ၂၇၁၈၂၃ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန
(နေပြည်တော်ရုံး)

ဖခင်အမည်မှန်

နာဂဒေသ၊ လဟယ်မြို့ အထက ကျောင်းတွင် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် GRADE-5 အောင်မြင်ခဲ့သော မကျကန်းပီနှင့် GRADE-3 အောင်မြင်ခဲ့သော မောင်ဟိန်းမိကြာတို့၏ ဖခင်အမည်မှန်မှာ ဦးမောင်းခါးပေါ့ ၅/ လဟန (နိုင်)၀၀၆၉၂၅ ဖြစ်ပါကြောင်း။

ဦးမောင်းခါးပေါ့

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှု ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အလယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍ မြှင့်တင်ရေး။

❖ လွတ်လပ်ရေးရပြီးကတည်းက ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခနဲ့ ကြုံတွေ့ခဲ့ရတဲ့ ကျွန်တော်တို့နိုင်ငံနဲ့ ပြည်သူတွေရဲ့အကျိုးကို ရှေးရှုငဲ့ကွက်ပြီး သက်ဆိုင်သူအားလုံးက ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများချုပ်ငြိမ်းရေးကို (၇၅)နှစ်မြောက်စိန်ရတုလွတ်လပ်ရေးနေ့ကစပြီး အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်ခြင်းဖြင့် နောင်မျိုးဆက်သစ်များကို ငြိမ်းချမ်းရေးအမွေပေးခဲ့ကြပါစို့လို့ တိုက်တွန်းပြောကြားလိုပါတယ်။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့ (၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့ ဂုဏ်ပြုအခမ်းအနားတွင် ပြောကြားခဲ့သည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

သတိပေးချက်

မြန်မာ့ပင်လယ်ပြင်တွင် တိုက်ခတ်လျက်ရှိနေသော အားအလွန်ကောင်းသော မုန်တိုင်း"မိုခါ" (MOCHA) သည် ရခိုင်ကမ်းရိုးတန်းအား ဖြတ်ကျော်ဝင်ရောက်ပြီး ကုန်းတွင်းမုန်တိုင်းအဖြစ်ဝင်ရောက်စဉ် မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရုတ်တရက် လေပြင်းများကျရောက်နိုင်ခြင်း၊ မြေပြိုခြင်းများဖြစ်ပေါ်နိုင်သဖြင့် မုန်တိုင်းဖြတ်သန်းရာ လမ်းကြောင်းတစ်လျှောက်ရှိ ရခိုင်ပြည်နယ်မြောက်ပိုင်း အထူးသဖြင့် ပုဏ္ဏားကျွန်း၊ ကျောက်တော်၊ မြောက်ဦးမြို့များတွင်လည်းကောင်း၊ ချင်းပြည်နယ် အထူးသဖြင့် မင်းတပ်၊ မတူပီ၊ ပလက်ဝ၊ ထန်တလန်၊ ဟားခါးမြို့များတွင် လည်းကောင်း၊ စစ်ကိုင်းတိုင်း အထူးသဖြင့် ကလေးမြို့နှင့် ကချင်ပြည်နယ်နေပြည်သူများအနေဖြင့် အထူးသတိပြု ကြိုတင်ပြင်ဆင်နိုင်ရေး သတိပေးချက်ထုတ်ပြန်အပ်ပါသည်။

မိုး/ဇလ

အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း"မိုခါ" စစ်တွေမြို့၏ တောင် - အနောက်တောင်ဘက် ရေမိုင် ၂၁၀ ခန့်အကွာတွင် ဗဟိုပြုလျက်ရှိ

နေပြည်တော် မေ ၁၃

ယနေ့မြန်မာစံတော်ချိန် ည ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အရှေ့အလယ်ပိုင်းတွင်ဖြစ်ပေါ်နေသော အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း "မိုခါ" (MOCHA)သည် အရှေ့မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်မြောက်ဘက် ရေမိုင် ၂၂၅ မိုင်ခန့်၊ ဟိုင်းကြီးကျွန်းမြို့၏ အနောက်-အနောက်မြောက်ဘက်ရေမိုင် ၂၀၅ မိုင်ခန့်၊ စစ်တွေမြို့၏ တောင်-အနောက်တောင်ဘက် ရေမိုင် ၂၁၀ ခန့်၊ အိန္ဒိယနိုင်ငံ ပို့ပလဲယား၏ မြောက်-အနောက်မြောက်ဘက်ရေမိုင် ၃၅၀ ခန့်နှင့်

စာမျက်နှာ ၁၇ ကော်လံ ၁ ❐

"မိုခါ"ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်နိုင်ကြောင်း ခန့်မှန်းထားသည့် ဒေသများသို့ ကယ်ဆယ်ရေးပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ပို့ဆောင်

နေပြည်တော် မေ ၁၃

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီအောက်ရှိ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီသည် ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း အခြေအနေအရ "မိုခါ" (MOCHA) ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်နိုင်ကြောင်း သိရှိရချိန်မှစ၍ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုကိုခံယူကာ ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်နိုင်သည့် ဒေသများသို့ ဆေးဝါးများ၊ စားရေရိက္ခာများ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် ပြန်လည်ထူထောင်ရေး ပစ္စည်းများကို လေယာဉ်၊ မော်တော်ယာဉ်တို့ဖြင့် ပို့ဆောင်ပေးလျက်ရှိသည်။

စာမျက်နှာ ၁၅ ကော်လံ ၄ ❖

မြန်မာ့လက်ရွေးစင် အလေးမအားကစားမယ် ဇင်မေဦး ဆီးဂိမ်းအလေးမပြိုင်ပွဲ ရွှေတံဆိပ်ဆွတ်ခူး

နေပြည်တော် မေ ၁၃

(၃၂) ကြိမ်မြောက် ဆီးဂိမ်း အလေးမပြိုင်ပွဲ ပထမနေ့ကို မေ ၁၃ ရက်က စတင်ကျင်းပရာ အမျိုးသမီး ၄၅ ကီလိုတန်းတွင် မြန်မာ့လက်ရွေးစင် အလေးမကစားသမား ဇင်မေဦး ရွှေတံဆိပ်ဆုရရှိခဲ့သည်။

အမျိုးသမီး ၄၅ ကီလိုတန်းတွင် ကစားသမားငါးဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ဇင်မေဦးကရွှေတံဆိပ်၊ ဖိလစ်ပိုင်ကစားသမား ကိုလိုနီရာက

စာမျက်နှာ ၁၄ ကော်လံ ၅ ❇

ယနေ့ သတင်းအညွှန်း

Pool 9 Ball နှစ်ယောက်တွဲပြိုင်ပွဲတွင် မြန်မာ ဗိုလ်လုပွဲ တက်ရောက် ဆီးဂိမ်းပြိုင်ပွဲ စာ ၁၄

ဘင်္ဂလားပင်လယ်အော်အတွင်း ဖြစ်ပေါ်နေသော အားအလွန်ကောင်းသော ဆိုင်ကလုန်းမုန်တိုင်း မိုခါဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ခြင်းနှင့် ကြိုတင်ရွှေ့ပြောင်းခြင်း လုပ်ငန်းများဆောင်ရွက် ပြည်တွင်းသတင်း စာ ၁၆